# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၄၄]


ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။ (ယမကဝဂ္ဂ ဓမ္မပဒ)

# အပျောက်မြို့ ရေတိုက်စားမှုမှကာကွယ်နိုင်ရန် ပညာရှင်များ၏ အကြံပြုချက်များ ထည့်သွင်းတွက်ချက်ပြီး ရေလမ်းကြောင်းကောင်းမွန်အောင် ဆောင်ရွက်ရမည်

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာခဲ့ရာ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ✱



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇလွန်မြို့နယ် ဧရာဝတီ-ဟသ်ာတတာမြေပုံကို ကြည့်ရှုပြီး တာဝန်ရှိသူများအား မှာကြားစဉ်။ (ဓာတ်ပုံ ပြန်/ဆက်)

**နိုင်ငံတကာ**

## ဂျပန်ရေကြီးရေလျှံဒေသများတွင် အရေးပေါ်ရွှေ့ပြောင်းမိန့် နောက်ကျထုတ်ပြန်

စာမျက်နှာ ❖ ၄

**ပြည်တွင်း**

## မင်းဘူးမြို့ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်လျက်ရှိ

စာမျက်နှာ ❖ ၉

**ပြည်တွင်း**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ အစီရင်ခံစာ အမှတ် (၅)ထုတ်ပြန်

စာမျက်နှာ ❖ ၁၀




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စီးပွားရေးဇုန်နှင့်ကျွမ်းကျင်လုပ်သား

မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်သုံးခုကို အကောင်အထည်ဖော်ကြိုးပမ်းလျက်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များဖြစ်ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် ယခုအခါ အကောင်အထည်ပေါ်လာပြီဖြစ်ပါသည်။ မကြာမီ စက်ရုံများ ဖွင့်လှစ်လည်ပတ်တော့မည်ဖြစ်ပါသည်။

ဖွင့်လှစ်မည့် စက်ရုံအလုပ်ရုံအများစုသည် စက်မှုအခြေခံစက်ရုံများဖြစ်သည်။ မော်တော်ကားစက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံများ၊ အဆင့်မြင့်အထည်ချုပ်လုပ်ငန်းများ၊ လူသုံးကုန်ထုတ်လုပ်ရေးစက်ရုံများ ပါဝင်မည်ဖြစ်ရာ လက်ရှိအချိန်တွင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကုမ္ပဏီများက စက်ရုံများဖွင့်လှစ်နိုင်ရေး တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ အချို့စက်ရုံများသည် ဖွင့်လှစ်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။ လာမည့်တစ်နှစ်၊ နှစ်နှစ်အတွင်း သီလဝါအထူးစီးပွားရေးဇုန်တွင် အလုပ်သမားလေးသောင်းနီးပါး အလုပ်အကိုင်များ ဖန်တီးပေးနိုင်လိမ့်မည်ဟု တာဝန်ရှိသူများက မျှော်လင့်ထားကြသည်။ ရန်ကုန်မြို့အနီးပတ်ဝန်းကျင်ဒေသများမှ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါသည်။

အချို့သောကုမ္ပဏီများက ပြည်ပသို့သင်တန်းသားများစေလွှတ်၍ သင်တန်းများပေးလျက်ရှိသည်။ အချို့သောကုမ္ပဏီများက On Job Training သင်တန်းများ ပေးနေပြီဖြစ်သည်။ လူငယ်လူရွယ်များ၏ ကြိုးစားအားထုတ်မှုနှင့် ကျွမ်းကျင်မှုအပေါ်မူတည်ပြီး လစာကောင်းကောင်းရနိုင်သည့် အနေအထားဖြစ်ပါသည်။ ကျွမ်းကျင်လုပ်သားဖြစ်အောင် ကြိုးစားအားထုတ်ကြဖို့လိုပါသည်။ စက်မှုလက်မှုနှင့်ပတ်သက်သော သင်တန်းများတက်ရောက် သင်ယူတတ်မြောက်ထားဖို့ လိုပါသည်။ သို့မှသာ အလုပ်အကိုင် အခွင့်အလမ်းများနှင့် အံဝင်ခွင်ကျ ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ရန်ကုန် သီလဝါအထူးစီးပွားရေးဇုန်သည် လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိနေပါသည်။ ဤအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ အချက်အချာကျသော စီးပွားရေးဒေသကြီးတစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။

မရှေးမနှောင်းကာလတွင် ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များလည်း ပေါ်ပေါက်လာမည် ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းနေရာများ ထပ်မံတိုးလာဦးမည် ဖြစ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းသစ်များဖန်တီးပေးနိုင်ခြင်းသည် တစ်နည်းအားဖြင့် ဆင်းရဲမှုလျှော့ချခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ကျွမ်းကျင်လုပ်သားများ အများအပြား လိုအပ်မည်ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း သက်မွေးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ အထူးစီးပွားရေးဇုန်များနှင့် စနစ်တကျ ချိတ်ဆက်လုပ်ကိုင်ရန် လိုအပ်ပါသည်။ ကုမ္ပဏီစက်မှုလုပ်ငန်းများတွင် နိုင်ငံခြားသားများနှင့် ဆက်ဆံရမှုများရှိနိုင်၍ အသက်မွေးဝမ်းကျောင်းပညာရပ်အပြင် ဘာသာစကားများလည်း ကျွမ်းကျင်တတ်မြောက်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ အင်္ဂလိပ်စကားအပြင် ကိုရီးယား၊ ဂျပန်၊ တရုတ်အစရှိသဖြင့် တတ်မြောက်ထားသင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်


**နေပြည်တော် စက်တင်ဘာ ၁၃**

ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ဝံသာနုဒီမိုကရက်တစ်ပါတီနှင့် ခေတ်သစ်ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၄ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံ ရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် လိုအပ်သောအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာအား ထပ်မံတိုးချဲ့သဖြင့် စုစုပေါင်း မြစိမ်းရောင်ကျေးရွာ ၁၃ ရွာရှိပြီဖြစ်ကြောင်း သိရသည်။ အဆိုပါတိုးချဲ့ကျေးရွာ ၁၀ ရွာရှိ မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများထံ တာဝန်ရှိသူများက စက်တင်ဘာပထမပတ်က ကျေးရွာတစ်ရွာလျှင် မတည်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ စီကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**




ထင်သာမြင်သာပြုပြင်စရာ

# စက်မှုဇုန်လမ်းပြန်လည်ပြုပြင်ပေးစေချင်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စက်မှုဇုန်များသို့ အမှတ်(၂) လမ်းမကြီးဘက်မှဝင်သော လမ်းတစ်လျှောက်တွင် ချိုင့်များ၊ ကမူများ၊ ရွှံ့နွံများဖြင့် ပျက်စီးလျက်ရှိနေပြီဖြစ်သည်။

ယာဉ်ငယ်များအနေဖြင့် လုံးဝသွားလာ၍မရသည့်အပြင် ယာဉ်ကြီးများအနေဖြင့် အဝင်၌ခက်ခဲစွာဝင်ကြရပြီး ပြန်အထွက်၌ ကြမ်းတမ်းသော လမ်းတစ်လျှောက်ခက်ခဲစွာဖြင့် မောင်းနှင်နေကြရသည်ကို တွေ့မြင်နေရသည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတစ်ရပ်ဖြစ်သည့် စက်မှုဇုန်လမ်းမှာ



အမြန်ဆုံးပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိနေပြီဖြစ်ကြောင်း ထင်သာမြင်သာကဏ္ဍမှတစ်ဆင့် တင်ပြလိုက်ရပါသည်။ **ကိုကြီးတင်**

# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၁၃**

သယ်န်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက် ဦးဘဟန်လမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ် အရှေ့ပိုင်းခရိုင် အထွေထွေရွေးကောက်ပွဲ အောင်မြင် စွာကျင်းပနိုင်ရေးအတွက် စက်တင်ဘာ ၉ ရက်က တွေ့ဆုံညှိနှိုင်းပွဲ အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလုံခြုံရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အမှာစကားပြောကြားခြင်း၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလုံခြုံရေးအတွက် တွေ့ကြုံနိုင်သည့်အခက်အခဲများနှင့် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ခရိုင်ရဲတပ်ဖွဲ့အနေဖြင့် စုဝေးဟောပြောသည့် နေရာများတွင် အနှောင့်အယှက် မပေးနိုင်အောင် လုံခြုံရေးများချထားပေးပါရန် တင်ပြခဲ့ကြောင်း၊ ရေကြောင်းခရီးသွားလာရသော ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(အရှေ့)မြို့နယ်များတွင် အဓိကလုံခြုံရေးချထား ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ကျော်စိုးမိုး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀/၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၉၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၅၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၉ |
| ဥရောပ | တစ်ယူရို | ၁၄၂၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၅.၁၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၃၅ |
| တရုတ် | တစ်ယွမ် | ၂၀၀.၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၂၈ |

ခင်ရတနာ-စုစည်းသည်။

*** ရှေ့ဖုံးမှ**

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့နှင့်အတူ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥတိုစိုက်ကွင်းသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့သို့ ရောက်ရှိရာ အဖျောက်တာ ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့်တာဝန်ရှိသူများက အဖျောက်မြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်ခဲ့မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ကမ်းနားတာမှာ ခိုင်ခံ့မှုလျော့နည်းလာသည့်အတွက် ကွန်ကရစ်နံရံအဖြစ် လည်းကောင်း၊ လက်ရှိတာကို ငါးပေမြင့်တင်ပြီး ကျောက်စီနံရံအဖြစ် လည်းကောင်း ဆောင်ရွက်သင့်သည့် အခြေအနေနှင့် မြစ်ရေတိုက်စားမှုမှကာကွယ်ရန် မြစ်ကြောင်းထိန်းသိမ်းရေး ဆောင်ရွက်သင့်သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မြစ်ရေကြီးမှုကြောင့် နှစ်စဉ် စိုးရိမ်ပူပန်နေရသည့် အဖျောက်မြို့မှ ပြည်သူများအတွက် လုံခြုံမှုရှိစေရေး ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အဖျောက်မြို့ ရေတိုက်စားမှုမှကာကွယ်နိုင်ရန် ပညာရှင်များ၏ အကြံပြုချက်များ ထည့်သွင်းတွက်ချက်ပြီး ရေလမ်းကြောင်းကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရှည် ၁ ဒသမ ၂၅ မိုင်ရှိ ကမ်းနားတာကို အခိုင်အမာဆောင်ရွက်ပေးမည်ဖြစ်ပြီး လက်ရှိတာကိုလည်း ရေဘေးအန္တရာယ်မှကာကွယ်နိုင်ရန် ထပ်မံမြှင့်တင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဖျောက်မြို့ ဧရာဝတီအရှေ့ဘက်ကမ်းရှိ အဖျောက်တာကို ကြည့်ရှုစစ်ဆေးစဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)



အဖျောက်တာသည် အရှည် ၇ ဒသမ ၂၅ မိုင်ရှိပြီး အဖျောက်မြို့သည် အဖျောက်မြို့ကမ်းနားတာနှင့် မြို့မပန်းတာကြားတွင် ရပ်ကွက်ကြီးလေးခုဖြင့် ဖွဲ့စည်းထားသည်။ လက်ရှိတာကို ငါးပေထပ်မံမြှင့်တင်ပြီး ပိုမိုခိုင်ခံ့အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် မြို့ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်မည့်အပြင် စိုက်ပျိုးဧရိယာ ၁၄၄၇၅ ဧကကိုလည်း ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အဖျောက်မြို့ အင်းဝကျောင်းတိုက်သို့ရောက်ရှိပြီး ပခန်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရအမှူးပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအတွက် ဘုရားဆင်းတုတော်များနှင့် ဆိုလာမီးအိမ်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မဟာသံတန်ဆောင်းတော်ရှိ လောကမာန်အောင်ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းကာ အလှူငွေများ ပေးအပ်သည်။

ယင်းနောက် မဟာသံတန်ဆောင်းတော်ရှိ ပိဋကတ်ကျောက်စာတော်များကို လှည့်လည်ကြည်ညိုသည်။

အဆိုပါ တန်ဆောင်းတော်ရှိ ပိဋကတ်တိုက်တော်မှာ သက်တမ်း ၉၈ နှစ်ရှိပြီး ပိဋကတ်ကျောက်စာ အချပ်ပေါင်း ၇၂၀ ပူဇော်ထားရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဇလွန်မြို့သို့ရောက်ရှိပြီး ဇလွန်မြို့ မာန်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းတို့ ဆက်ကပ်လှူဒါန်းပြီး အလှူတော်ငွေများ ပေးအပ်သည်။

ဇလွန်ပြည်တော်ပြန်ဘုရားတွင် နိုင်ငံတော်သမ္မတသည် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဘုရားဆင်းတုတော်များကို ဓမ္မလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဇလွန်မြို့နယ် ဧရာဝတီ-ဟသ်ာတတာသို့ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများက ဝါသာလှ-ယွန်းသွယ်-ဗျဉ်းစဉ်ကုန်းဒေသ ဧရာဝတီမြစ်ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ဇလွန်မြို့ရေကာတာအား ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ဝါသာလှနှင့် ယွန်းသွယ်ကျေးရွာအကြားရှိ သောင်ခုံအား ဖြတ်မြောင်းဖောက်လုပ်ပေးသင့်ကြောင်း ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဇလွန်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိသည်။

**(သတင်းစဉ်)**




**"အဖျောက်မြို့ ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ပညာရှင်များ၏ အကြံပြုချက်များ ထည့်သွင်းတွက်ချက်ပြီး ရေလမ်းကြောင်းကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်"**

**"လက်ရှိတာကို ငါးပေထပ်မံမြှင့်တင်ပြီး ပိုမိုခိုင်ခံ့အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် မြို့ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်မည့်အပြင် စိုက်ပျိုးဧရိယာ ၁၄၄၇၅ ဧကကိုလည်း ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်"**

## ပုံစံ(၁)၊ ပုံစံ(၁-က) များပေးအပ်ပွဲကျင်းပ


**ဗန်းမော် စက်တင်ဘာ ၁၃**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့များသို့ ပုံစံ(၁)၊ ပုံစံ(၁-က) များပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက်က ဗန်းမော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗန်းမော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ဒုတိယအကြိမ် တိုင်းရင်းသားလူမျိုးများ၏ မဲစာရင်းကြေညာခြင်းကို စက်တင်ဘာ ၁၄ ရက်ကစ၍ နှစ်ပတ်ကြာမြင့်စွာ ကြေညာထားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပုံစံ(၁)၊ ပုံစံ(၁-က)များကို ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ထိုင်းမီးရထားလမ်း တရုတ်နှင့်ပူးတွဲဖောက်လုပ်မည်



**ဗန်ကောက် စက်တင်ဘာ ၁၃**

ထိုင်းနှင့်တရုတ်အစိုးရတို့သည် (၇)ကြိမ်မြောက် မီးရထားလမ်းဖောက်လုပ်ရေး ပူးတွဲကော်မတီအစည်းအဝေး၌ အလုံးစုံသဘောတူညီမှုများ ရရှိသွားပြီဖြစ်သည်။

ဖြစ်နိုင်ခြေလေ့လာမှု၊ လမ်းကြောင်းပုံစံအသေးစိတ်၊ အင်ဂျင်နီယာလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ငွေရေးကြေးရေးကိစ္စများအပါအဝင် ဗန်ကောက်မြို့၌ နှစ်ရက်ကြာဆွေးနွေးပွဲမှာ စနေနေ့တွင် ပြီးဆုံးခဲ့ကာ သဘောတူညီချက်အများအပြားရရှိခဲ့ကြောင်း ထိုင်းရှိတရုတ်သံရုံးကပြောသည်။ အဆိုပါအစည်းအဝေးကို တရုတ်ညှိနှိုင်းရေးမှူး အရာရှိချုပ်ဝမ်ကြာတိုးနှင့် ထိုင်းပို့ဆောင်ရေးဝန်ကြီး အာခွန်တို့က ပူးတွဲလက်ခံကျင်းပခဲ့သည်။

ထိုင်းဘက်မှ တရုတ်တို့၏ ဩဂုတ် ၃၁ ရက်တွင်တင်ပြသော အဆိုပါစီမံကိန်း အစီရင်ခံစာကို လေ့လာခဲ့ပြီး နှစ်ဖက်စလုံးက အောက်တိုဘာ ၁၅ ရက်တွင် စီမံကိန်းဒုတိယအဆင့်ကိုတင်ပြရန် သဘောတူညီခဲ့ကြသည်။

နှစ်ဖက်စလုံးက အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပေကျင်းမြို့၌ ကျင်းပမည့် ပူးတွဲကော်မတီအစည်းအဝေးတွင် မီးရထားလမ်းပူးပေါင်းဆောင်ရွက်ရေးမူဘောင်ကို လက်မှတ်ရေးထိုးနိုင်ရေး သဘောတူထားကြသည်။ ထို့အပြင် ထိုင်းနှင့်တရုတ်တို့သည် နားလည်မှု စာချွန်လွှာမူကြမ်းချုပ်ဆိုရေး လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် အချက်ပြစနစ်များအပါအဝင် ဆောက်လုပ်ရေးစီမံကိန်း၏ အစိတ်အပိုင်းများကို ပူးပေါင်းဆောင်ရွက်ရေး တွန်းအားပေးဆောင်ရွက်ကြရန်လည်း ဆုံးဖြတ်ခဲ့သည်။ တရုတ်ဝန်ကြီးချုပ် လီခကျန်းနှင့် ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာတို့သည် ပြီးခဲ့သည့်နှစ်က ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း နောင်ကိုင်းပြည်နယ် ဗန်ကောက်နှင့် အရှေ့ပိုင်းရာယွန်း ပြည်နယ်တို့အကြား အမြန်ရထားလမ်းဖောက်လုပ်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ဆင်ဟွာ)**

# ထိုင်းရဲများ ဗုံးပေါက်ကွဲသံသယရှိသူကို ဖမ်းဆီးမိန့်ထုတ်ပြန်

**ဗန်ကောက် စက်တင်ဘာ ၁၃**

ထိုင်းရဲတပ်ဖွဲ့က အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဖမ်းဆီးရန် ဝရမ်းထုတ်ပြန်ထားသည်။ ၎င်းအမျိုးသားသည် လွန်ခဲ့သောလ ဗန်ကောက်ဗုံးပေါက်ကွဲမှုတွင် အဓိကသံသယရှိသူ တစ်ဦးဖြစ်ကြောင်း ရဲများက ယုံကြည်ကြသည်။

ဗန်ကောက်ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ပေါက်ကွဲစေတတ်သောပစ္စည်းများကို တရားမဝင်ပိုင်ဆိုင်ထားသော အီရှန်ဟုခေါ်သူကို ရဲများက လိုက်လံရှာဖွေလျက်ရှိသည်။

ရဲများက အဓိကသံသယဖြစ်ဖွယ်တရားခံပုံနှင့် အခြားသတင်းအချက်အလက်များကို စက်တင်ဘာ ၁၂ ရက်က ထုတ်ပြန်ခဲ့သည်။ အသက် ၂၇ နှစ်ရှိ အဓိကသံသယဖြစ်ဖွယ် တရားခံ၏အမည် အပြည့်အစုံမှာ အဗ္ဗဒူဆက်တ်တဲရ်အဗူနူရီဟီမန်ဖြစ်သည်။ ၎င်းသည် ဝီဂါလူမျိုးစုမှဖြစ်ပြီး တရုတ်နိုင်ငံသားတစ်ဦးဖြစ်ကြောင်း သိရသည်။

ဗန်ကောက်ဗုံးမပေါက်ကွဲမီ တစ်ရက်အလိုတွင် အဆိုပါသံသယဖြစ်ဖွယ်တရားခံသည် ထိုင်းနိုင်ငံမှဘင်္ဂလားဒေ့ရှ်သို့ တရားမဝင်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ ထို့နောက် သံသယဖြစ်ဖွယ်တရားခံသည် အိန္ဒိယသို့ ဆက်လက်ဦးတည်သွားကြောင်းသိရပြီးနောက် တရားခံ၏ကွင်းဆက်မှာ ပြတ်တောက်သွားခဲ့သည်။



ဗန်ကောက်မြို့လယ်ကောင်တွင် ဩဂုတ် ၁၇ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လူ ၂၀ သေဆုံးခဲ့ပြီး ၁၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ သံသယရှိသူ ၁၀ ဦးထက်မနည်း ဗုံးပေါက်ကွဲမှုတွင် ပါဝင်ခဲ့သည်ဟု သိရသည်။ ရဲများသည် ဗုံးပေါက်ကွဲရသည့် နောက်ကွယ်ကဖြစ်ရပ်များကို လေ့လာစူးစမ်းမှုများ ဆက်လက်ပြုလုပ်နေသည်။ **(အင်န်အိတ်ချ်ကေ)**

# အိပ်ပျော်စဉ် ဟောက်သောကလေးငယ်များ စာပေသင်ယူနိုင်စွမ်းနိမ့်ကျနိုင်

**ဝယ်လင်တန် စက်တင်ဘာ ၁၃**

အိပ်ပျော်နေစဉ်ဟောက်သောကလေးငယ်များနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာခံစားနေရသော ကလေးငယ်များသည် ကျောင်း၌ တော်သည်ထက် ညံ့သည့်ဘက်ကို ပိုမိုရောက်ရှိနိုင်ကြောင်း နယူးဇီလန် ဦးဆောင်ပြီး နိုင်ငံ ၁၂ နိုင်ငံကို လေ့လာမှုပြုခဲ့သည့် စစ်တမ်းများအရ သိရသည်။

ကျောင်းနေအရွယ် ယောက်ျားလေးများနှင့် မိန်းကလေးများသည် အိပ်နေသောအချိန် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာ(အက်ဖ်ဒီဘီ)ကို ခံစားနေရပါက ၎င်းကလေးများသည် အထူးသဖြင့် သင်ယူနိုင်မှုနှင့် ဂဏန်းသင်္ချာဆိုင်ရာစွမ်းရည်များတွင် သိသာစွာနိမ့်ကျနိုင်ကြောင်း အိုဘာကိုတက္ကသိုလ် ဦးဆောင်လေ့လာရေးအဖွဲ့က စက်တင်ဘာ ၇ ရက်က ၎င်း၏တွေ့ရှိမှုကိုအခြေခံ၍ ပြောကြားခဲ့သည်။

အက်ဖ်ဒီဘီကို လေ့လာစမ်းသပ်စစ်ဆေးမှုများပြုလုပ်ရာတွင် ကလေးများ၏ သင်ယူနိုင်မှုအခက်အခဲများကိုလည်း ထည့်သွင်းတွက်ချက်ထားကြောင်း၊ ကလေးများတွင် အက်ဖ်ဒီဘီရောဂါဖြစ်နေပါက မိဘများက ကျန်းမာရေးရှုထောင့်မှ ကြည့်ရှုသည်ထက် ရယ်စရာတစ်ခုအနေဖြင့်သာ ပြုလုပ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# လုံခြုံရေးဥပဒေကြမ်းကို လာမည့်အပတ်တွင် ပြဋ္ဌာန်းရန် ဂျပန်အစိုးရကြံရွယ်

**တိုကျို စက်တင်ဘာ ၁၃**

အာဏာရပါတီသည် လာမည့်သီတင်းပတ်တွင် အမျိုးသားလုံခြုံရေးဥပဒေကြမ်းကို ပြဋ္ဌာန်းရန် ကြံရွယ်လျက်ရှိသည်။ လွန်ခဲ့သော စက်တင်ဘာ ၁၁ ရက်က အထက်လွှတ်တော် အထူးကော်မတီတွင် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အမျိုးသားလုံခြုံရေးဥပဒေကြမ်းကို လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်ကာလတွင် အတည်ပြုရန် အလေးအနက်တိုက်တွန်းခဲ့သည်။

အဆိုပါလုံခြုံရေးဥပဒေကြမ်းသည် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ အခန်းကဏ္ဍကို တိုးချဲ့ပေးလိမ့်မည်ဖြစ်သည်။ လာမည့် စက်တင်ဘာ ၁၆ ရက်တွင် ယိုကိုဟားမား၌ အများပြည်သူကြားနာမှု ပြုလုပ်ပြီးနောက် စက်တင်ဘာ ၁၇ ရက်တွင် ဥပဒေကြမ်းကို ကော်မတီတွင် ထောက်ခံမဲပေးပြီး ပြဋ္ဌာန်းရန် အာဏာရညွန့်ပေါင်းအဖွဲ့များက လိုလားနေကြသည်။

အဆိုပါဥပဒေကြမ်းကို ကြားနာမှုများပြုလုပ်နေချိန် နာရီ ၁၀၀ကြာ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ သို့သော်လည်း အတိုက်အခံပါတီခြောက်ခုမှ ခေါင်းဆောင်များနှင့်အရာရှိများက ဥပဒေကြမ်းသည် လိုအပ်ချက်များ၊ ပြဿနာများနှင့် ပြည့်နှက်နေကြောင်း၊ ၎င်းဥပဒေကြမ်းကို ဆွေးနွေးရန် အချိန်ပိုယူရမည်ဖြစ်ကြောင်း ပြောခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# ဂျပန်ရေကြီးရေလျှံဒေသများတွင် အရေးပေါ်ရွှေ့ပြောင်းမိန့် နောက်ကျထုတ်ပြန်

**တိုကျို စက်တင်ဘာ ၁၃**

တိုကျိုအရှေ့မြောက်ဘက် ရေကြီးရေလျှံမှုဖြစ်ပွားရာ ဂျိုစိုမြို့မှ အရာရှိများသည် မြစ်ကမ်းပါးများ ကျိုးပေါက်ခဲ့ပြီးနောက် အချို့ဒေသများကို အရေးပေါ်ဘေးကင်းရာ ရွှေ့ပြောင်းမိန့်များ ထုတ်ပြန်ရာတွင် နှစ်နာရီကျော်ကြာ နောက်ကျခဲ့ကြောင်း သိရသည်။

အစ်ဘာရာကီစီရင်စုရှိ ဒေသဆိုင်ရာ အာဏာပိုင်များသည် ကီနူဂါဝါမြစ်ရေမြင့်တက်လာမှုကြောင့် စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် မီဆာကာမချီဒေသရှိ ဒေသခံများကို ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။



ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ရေတားတမံကျိုး ပေါက်သွားပြီး မီဆာကာမချီဒေသတစ်ခုလုံး ရေလွှမ်းမိုးသွားသည်။

ထိုသို့ရေတားတမံ ကျိုးပေါက်ပြီး ရေလွှမ်းမိုးမှုဖြစ်စဉ်သည် ယင်းနေ့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်မတိုင်ခင် ဖြစ်ပွားခြင်းမရှိဘဲ မြစ်ရေလျှံပြီး ၂ နာရီကြာပြီးမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒေသဆိုင်ရာ အရာရှိများသည် အိမ်ထောင်စု ၃၈၂ စုရှိ လူဦးရေပေါင်း ၁၁၈၂ ဦးကိုသာ ဘေးလွတ်ရာ ရွှေ့ပြောင်းမိန့်များ အသိပေးထုတ်ပြန်နိုင်ခဲ့သည်။

ထို့ကြောင့် ၎င်းတို့၏ အိမ်အများစုမှာ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားခဲ့သည်။ ယခုအခါ ရေကြီးရေလျှံမှုများကြောင့် ပျောက်ဆုံးသူ ၁၅ဦးကို ဆက်လက်ရှာဖွေမှုများပြုလုပ်လျက်ရှိသည်။

မိုးလေဝသဆိုင်ရာ အရာရှိများက နေရာကွက်ကျားမိုးကြီးမှုများသည် အချို့ဒေသများတွင် စက်တင်ဘာ ၁၃ ရက် မွန်းလွဲမှ ညနေထိ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းခဲ့သည်။

ထို့ကြောင့် ၎င်းတို့သည် မိုးများနိုင်သောဒေသရှိ ဒေသခံပြည်သူများကို ရေကြီးမှုနှင့်မြေပြိုမှုသတိပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရေကြီးမှုများသည် ဂျိုစိုမြို့တွင် ဆက်လက် ဖြစ်ပေါ်နေသော်လည်း အချို့ဒေသခံများသည် နေရပ်ပြန်ကုန်ကြပြီဖြစ်သည်။

အသက် ၇၈ နှစ်ရှိ အဘိုးတစ်ဦးနှင့် ၎င်း၏ညီသည် စက်တင်ဘာ ၁၃ ရက် နံနက်တွင် ၎င်းတို့နေအိမ်သို့ပြန်သွားရာ နေအိမ်ထဲသို့ ခြေစလှမ်း ဝင်ရောက်မိသည့်အချိန်တွင် အံ့သြမှုများနှင့် ပြည့်နှက်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့အိမ်ကြမ်းခင်းများကို ရွှံ့များဖုံးလွှမ်းလျက်ရှိပြီး ပရိဘောဂများမှာလည်း ပြန့်ကျဲလျက်ရှိကာ အိမ်မှာလည်း အတော်ပင်ပျက်စီးနေသောကြောင့်ဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# လူသားချင်းစာနာနားလည်မှုဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်




နေပြည်တော် စက်တင်ဘာ ၁၃

**တတိယအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်အဖွင့်မိန့်ခွန်း ပြောကြားသည်။**

အခမ်းအနားတွင် ဒုတိယသမ္မတက လူကုန်ကူးမှုပြဿနာကို ၁၉၉၀ ပြည့်နှစ်မှ စတင်သတိပြုမိခဲ့ပါကြောင်း၊ ၁၉၉၅ ခုနှစ် ၄ ကြိမ်မြောက် ပေကျင်းကမ္ဘာ့အမျိုးသမီးများ ညီလာခံအပြီးတွင် လူမှောင်ခိုလူကုန်ကူးမှု ပြဿနာအဖြစ်သတ်မှတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၉၇ ခုနှစ်တွင် လူကုန်ကူးမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

လူမှောင်ခိုလူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီကို ၂၀၀၂ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြိုတင်ကာကွယ်ရေး၊ ဥပဒေဖြင့်အရေးယူရေး၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နည်းဗျူဟာ (၄)ရပ်အဖြစ် ချမှတ်ပြီး စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ လူကုန်ကူးမှုဖြစ်စဉ်များပြားသည့် ကျေးလက်ဒေသများအား လူကုန်ကူးမှုကို သိရှိရန်နှင့် အရေးယူဆောင်ရွက်နိုင်ရန် နယ်လှည့် သင်တန်းပေးရေးအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၀၄ ခုနှစ်တွင် အာဆီယံနိုင်ငံများ၊ မဲခေါင်ဒေသ ခြောက်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုဖွဲ့စည်းနိုင်ခဲ့ပြီး လုပ်ငန်းအဖွဲ့သုံးဖွဲ့ဖြစ်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကိုတိုးချဲ့ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့် ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့များကို အသီးသီးဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် (၅)နှစ်စီမံကိန်းကို ၂၀၀၇ ခုနှစ်မှ စတင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုနှစ်သည် ၂၀၁၂-၂၀၁၆ အမျိုးသားအဆင့် ဒုတိယ ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်ပါကြောင်း၊ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး စသည့်ကဏ္ဍ ငါးရပ်အောက်တွင် ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအနေဖြင့် လူကုန်ကူးခံရသူများကို ပြန်လည်ပို့ဆောင်ရေးနှင့် တရားစွဲဆိုရေးကိစ္စရပ်များကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း လူကုန်ကူးခံရသူများကို အကာအကွယ်ပေးခြင်းနှင့် လူကုန်ကူးခံရသူများ စိစစ်ခြင်းကိစ္စရပ်များကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် လူငယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ ချိတ်ဆက်မှုကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်အထိ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ကြိုတင်တားဆီး ကာကွယ်ရေးကဏ္ဍအနေဖြင့် အသိပညာပေးရုံဖြင့် ကြိုတင်တားဆီးကာကွယ်ရေးမှာ ပြည့်စုံလုံလောက်မှု မရှိသည့်အတွက် လူကုန်ကူးခံရနိုင်သည့် အကြောင်းတရားများ၊ လူကုန်ကူးမှုဖြစ်ပွားသောနေရာများနှင့် လူကုန်ကူးခံရနိုင်သော ဦးတည်အုပ်စုများကို ရှာဖွေဖော်ထုတ်ရန်လိုအပ်ပါကြောင်း၊ ပြည်ပသို့ ရွှေ့ပြောင်းသွားလာကြသူများအတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ရန် နည်းဗျူဟာများ ချမှတ်သွားကြရမည်ဖြစ်ပါကြောင်း။

တရားစွဲဆိုရေးကဏ္ဍတွင် လူကုန်ကူးမှုများစုံစမ်းဖော်ထုတ်ရာ၌ ဌာနဆိုင်ရာအသီးသီးအကြား လုပ်ထုံးလုပ်နည်းများကြောင့် ဖြစ်ပေါ်နေသော အခက်အခဲများ၊ ပြည်တွင်းနှင့်နိုင်ငံဖြတ်ကျော်၍ စုံစမ်းစစ်ဆေးရာတွင်ဖြစ်ပေါ်နေသည့် အဟန့်အတားများကို ဖော်ထုတ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် စတင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားစွဲဆိုရေးဆိုင်ရာ အရာရှိများနှင့် လူကုန်ကူးခံရသူများအား အကူအညီပေးနေသည့်သူများအကြား ကျွမ်းကျင်မှုနှင့် လူသားချင်းစာနာမှုကို အခြေခံကာ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ပြီး လူကုန်ကူးခံရသူများ၏အခွင့်အရေး အလေးထားကာကွယ်မှုကို အရှိန်တိုးမြှင့်ဆောင်ရွက်နေပါကြောင်း၊

လူကုန်ကူး ခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍအနေဖြင့် အကူအညီပေးမှုအပိုင်းတွင် ကျွမ်းကျင်မှု၊ လူအင်အား၊ ငွေအင်အားများစွာ လိုအပ်နေသည်ကို သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များတွင် လူကုန်ကူးခံရသူများအတွက် စနစ်တကျအကူအညီပေးနိုင်ရန် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လူကုန်ကူးခံရသူများ သတင်းအချက်အလက်မျှဝေရာ စင်တာကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် နှစ်သိမ့်ဆွေးနွေးနိုင်ခြင်း၊ အခက်အခဲများကို ပြောဆိုနိုင်ခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ သားသမီးပျောက်ဆုံးသည့် မိဘဆွေမျိုးများ၊ အုပ်ထိန်းသူများအား သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေးနိုင်ခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထိရောက်သည့်ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အကူအညီများ လိုအပ်နေပါကြောင်း၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ထူထောင်ရေးတို့အတွက် အသုံးပြုရန် နိုင်ငံတော်ကထောက်ပံ့သောငွေကြေးနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသောငွေကြေးများကို ရန်ပုံငွေတစ်ရပ်အဖြစ် စနစ်တကျထူထောင်သွားရန် လိုအပ်ပါကြောင်း။

စွမ်းရည်မြှင့်တင်ရေးကဏ္ဍအနေဖြင့် လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအား အရည်အချင်းမြှင့်တင်ရေးဆိုင်ရာ သင်ကြားမှုများ လိုအပ်ပါကြောင်း၊ ရရှိထားသောအတွေ့အကြုံဗဟုသုတများကိုအသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုနှစ် သတ်မှတ်ထားသည့် "လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း လူသားချင်းစာနာနားလည်မှုဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် CSOs များကိုယ်စား Mr. Kieran Gorman Best ကလည်းကောင်း၊ မိတ်ဖက်အဖွဲ့အစည်းများကိုယ်စား ဩစတြေးလျသံရုံးမှ Ms. Carla Giuca က လည်းကောင်း ဂုဏ်ပြုစကား ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်းအားထုတ်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုကြည့်ရှုပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကူးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားဓာတ်ပုံပြခန်းအား ကြည့်ရှုလေ့လာပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ NGO/INGO များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

## လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၇၀၀ ထုတ်လုပ်နိုင်မည့် စွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ်လုပ်ရေးစက်ရုံ ရန်ကုန်မြို့တွင် တည်ဆောက်မည်

ခန့်မှန်းခြေအားဖြင့် ဂျပန်ယန်း နှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်း) ကုန်ကျမည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စွန့်ပစ်ပစ္စည်းသုံးစွမ်းအင်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေးဆိုင်ရာ ကန်ထရိုက်တစ်ရပ်ကို ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် စတီးလ်ထုတ်လုပ်ရေးကုမ္ပဏီ JFE Engineering က ရရှိခဲ့ကြောင်း နစ်ခဲအိ အေးရှန် ရီဗျူးတွင် ရေးသားဖော်ပြသည်။

ယင်းဂျပန်ကုမ္ပဏီအနေဖြင့် စက်ရုံဒီဇိုင်းရေးဆွဲမှုမှသည် စက်ရုံတည်ဆောက်မှုအထိ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး စက်ရုံတည်ဆောက်မှုမှာ ၂၀၁၇ ခုနှစ် နွေဦးရာသီတွင်ပြီးစီးမည်ဟု လျာထားသည်။ မြန်မာနိုင်ငံရှိ စီမံကိန်းကို လုပ်ငန်းတစ်ရပ် စတင်လုပ်ဆောင်မှုအဖြစ် အသုံးပြု၍ ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အရှေ့တောင်အာရှဒေသမှ ဂျပန်ယန်း ၃၀ ဘီလီယံတန်ကြေးရှိ အော်ဒါများ လက်ခံရရှိမည်ဟု JFE Engineering ကုမ္ပဏီကရည်မှန်းထားသည်။ ယင်းစက်ရုံသည် စွန့်ပစ်အမှိုက်များကို လောင်ကျွမ်းစေပြီး ရေနွေးငွေ့ဖြင့် တာဘိုင်များကိုလည်ပတ်ကာ စွမ်းအင်ထုတ်လုပ်မည်ဖြစ်သည်။ ယင်းစက်ရုံက လူနှစ်သိန်းဝန်းကျင် စွန့်ပစ်လိုက်သော အမှိုက်တန် ၆၀ နီးပါးကို တစ်ရက်အတွင်း လောင်ကျွမ်းနိုင်စွမ်းရှိမည်ဖြစ်ကာ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၇၀၀ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။

လူဦးရေ ၅ ဒသမ ၂ သန်းရှိသော မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့တော် ရန်ကုန်တွင် များပြားသောစွန့်ပစ်အမှိုက်များကို မီးရှို့လောင်ကျွမ်းစေကာ စွမ်းအင်ထုတ်လုပ်နိုင်မည့်စက်ရုံမှာ အရေးတကြီး လိုအပ်ချက်ဖြစ်နေသည်။ JFE Engineering ကုမ္ပဏီက တစ်နေ့လျှင် စွန့်ပစ်အမှိုက် တန် ၈၀၀ ဝန်းကျင်ကို ဖြေရှင်းနိုင်စွမ်းရှိသော စက်ရုံတစ်ရုံ တည်ဆောက်ရန်လည်း မျှော်လင့်ထားသည်။ မြန်မာနိုင်ငံရှိ စီမံကိန်းမှာ အရှေ့တောင်အာရှဒေသ၌ JFE Engineering ကုမ္ပဏီ၏စွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ်လုပ်ရေးစက်ရုံတစ်ရုံတည်ဆောက်မှုဆိုင်ရာ ပထမဦးဆုံးသောစီမံကိန်းဖြစ်သည်။ စက်ရုံတည်ဆောက်ရာတွင် ကုန်ကျစရိတ်သက်သာစေရန် JFE Engineering ကုမ္ပဏီက ၎င်း၏အိန္ဒိယကုမ္ပဏီခွဲအား စက်ရုံဒီဇိုင်းရေးဆွဲရန် တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်သဲအိမ်**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၁၃**

လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး ဝါရီကောခူရွာမှ လူငယ်မောင်မယ်များက ကယန်းရိုးရာအကဖြင့် တင်ဆက်ကပြသည်။ ဆက်လက်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ စာစီစာကုံးတွင် ဆုရကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**ရဲနောင် (လွိုင်ကော်)**

## ထစ်ချုန်းမိုး

၁၄-၉-၂၀၁၅

နေပြည်တော် စက်တင်ဘာ ၁၃

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။**

(မိုး/ဇလ)

# အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆိုင်ရာ အမေးအဖြေများ

ကိုနေ(သစ်တော)

**မေး ။ အိုဇုန်းဆိုတာ ဘာကိုဆိုလိုတာပါလဲ။**

ဖြေ ။
- အိုဇုန်းဆိုတာ အောက်ဆီဂျင်အက်တမ် သုံးလုံးနဲ့ ဖွဲ့စည်းထားတဲ့ မော်လီကျူး တစ်ခုပါ။
- အိုဇုန်းရဲ့အဓိပ္ပာယ်က ဂရိလို အနံ့ထွက်တယ်လို့ အဓိပ္ပာယ်ရပါတယ်။
- အိုဇုန်းဟာ အပြာရောင်ဖျော့ဖျော့၊ အနံ့ပြင်းပြင်း၊ အလွန်အဆိပ်ပြင်းတဲ့ ဓာတ်ငွေ့ဖြစ်ပြီး မြေပြင်မှာဆို ညစ်ညမ်းမှုတစ်ခုသာ ဖြစ်ပါတယ်။
- ဒါပေမယ့် ကမ္ဘာ့မြေပြင်အထက် ယေဘုယျအားဖြင့် ၁၀ မိုင်မှ မိုင် ၃၀ အတွင်း အထက်လေထုထဲမှာရှိတဲ့ အိုဇုန်းကတော့ နေကလာတဲ့ ဒုက္ခပေးတဲ့ ခရမ်းလွန် ရောင်ခြည်ကို ကာကွယ်ပေးထားပါတယ်။

**မေး ။ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။
- အိုဇုန်းလွှာဟာ လက်ရှိလူသားအားလုံးအတွက်သာမက လက်ရှိကမ္ဘာဂြိုဟ်အား သက်ရှိကမ္ဘာဂြိုဟ်အဖြစ် ဆက်လက်တည်တံ့နိုင်ရေးအတွက် အိုဇုန်းလွှာကာကွယ်ရေးဟာ အရေးကြီးကြောင်း သတိပြုမိကြစေဖို့နဲ့ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်ရေး လုပ်ငန်းတွေမှာ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြဖို့ကို လှုံ့ဆော်ဖို့အတွက် နှစ်စဉ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကျင်းပရခြင်းဖြစ်ပါတယ်။

**မေး။ ဒီနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ရဲ့ ဆောင်ပုဒ်က ဘာပါလဲ။**

ဖြေ။
- **ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး၊ အိုဇုန်းလွှာကို ထိန်းသိမ်းပေး** "OZONE: All there is between you and UV" ဖြစ်ပါတယ်။

**မေး။ ဘာကြောင့် ဒီဆောင်ပုဒ်ကို သတ်မှတ်ထားရပါသလဲ။**

ဖြေ။
- လူတို့ထုတ်လွှတ်တဲ့ ကလိုရင်းနဲ့ ဘရိုမင်းပါဝင်တဲ့ ဒြပ်ပစ္စည်းတွေကြောင့် လေထုတွင်းရှိ သဘာဝအိုဇုန်းလွှာ ပါးလွှာပျက်စီးကာ ခရမ်းလွန်ရောင်ခြည်ဟာ ကမ္ဘာမြေပေါ် ကျရောက်ပြီး ကျန်းမာရေးဆိုင်ရာ ဆုံးရှုံးမှုများခံစားကြရပါတယ်။
- ခရမ်းလွန်ရောင်ခြည်ဒဏ်ကို ကာကွယ်ဖို့အတွက် လေထုအတွင်းမှာ အိုဇုန်းလွှာကို ပျက်စီးစေတဲ့ဒြပ်ပစ္စည်းတွေ ကင်းစင်ဖို့ လိုအပ်ပါတယ်။
- ဒါကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းဖို့အတွက် အိုဇုန်းလွှာ ပျက်စီးမှုမရှိရအောင် ဝိုင်းဝန်းထိန်းသိမ်းကြဖို့ နှိုးဆော်တိုက်တွန်းတဲ့အနေနဲ့ ဒီဆောင်ပုဒ်ကို သတ်မှတ်ရခြင်းဖြစ်ပါတယ်။

**မေး။ အိုဇုန်းလွှာကို ဘာ့ကြောင့် ထိန်းသိမ်းဖို့ လိုအပ်ရတာပါလဲ။**

ဖြေ။
- အိုဇုန်းလွှာဟာ နေကလာပြီး အင်မတန်စွမ်းအင်မြင့်မားဘေးအန္တရာယ်ရှိတဲ့ ခရမ်းလွန်ရောင်ခြည်လှိုင်းတွေကို ကမ္ဘာမြေပြင်ပေါ် မကျရောက်အောင် ကာကွယ်ပေးထားပါတယ်။
- လူတွေထုတ်လုပ်တဲ့ ကလိုရင်းနဲ့ ဘရိုမင်း ပါဝင်တဲ့ ဓာတုပစ္စည်းတွေ အပေါ်ယံ လေထုထဲရောက်သွားတဲ့အခါ ဓာတ်ပြောင်းလဲမှုတွေ ဆက်တိုက်ဖြစ်ပေါ်လာတာကြောင့် အိုဇုန်းလွှာပျက်စီးလာလို့ အကာအကွယ်မရှိတော့ဘဲ ခရမ်းလွန်ရောင်ခြည်လှိုင်းတွေ ကမ္ဘာမြေပြင်အပေါ်ကို ပိုမိုများပြားစွာ ကျရောက်လာပါတယ်။
- အဲဒီလို အိုဇုန်းလွှာပျက်စီးမှုကြောင့် ကမ္ဘာမြေပြင်ပေါ်မှာ အရေပြားကင်ဆာရောဂါ၊ မျက်စိတိမ်စွဲမှု၊ ခုခံအားကျဆင်းမှု၊ သီးနှံအထွက်ကျဆင်းမှု၊ အဏ္ဏဝါဂေဟစနစ်ပျက်စီးမှုနဲ့ ရုပ်ဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးမှုတွေကို ဖြစ်ပေါ်စေပါတယ်။
- ဒါကြောင့် အိုဇုန်းလွှာကိုထိန်းသိမ်းဖို့ လိုအပ်ရခြင်း ဖြစ်ပါတယ်။

**မေး။ အိုဇုန်းလွှာထိန်းသိမ်းဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေကို သိပါရစေ။**

ဖြေ။
- အိုဇုန်းလွှာထိန်းသိမ်းရေးအတွက် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များဟာ ၁၉၈၅ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အိုဇုန်းလွှာဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ကျင်းပခဲ့ပြီး ၁၉၈၇ ခုနှစ်မှာ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲသဘောတူစာချုပ်ကို ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့မှာ ချုပ်ဆိုခဲ့ပါတယ်။
- ဆက်လက်၍ အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ လန်ဒန်ပြင်ဆင်ချက် (၁၉၉၀)၊ ကိုပင်ဟေဂင်ပြင်ဆင်ချက် (၁၉၉၂)၊ ဗီယင်နာ ညှိနှိုင်းသတ်မှတ်ချက်များ (၁၉၉၅)၊ မွန်ထရီယယ်ပြင်ဆင်ချက် (၁၉၉၇)၊ ပေကျင်းပြင်ဆင်ချက် (၁၉၉၉) တို့ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။
- မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ဟာ တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ အိုဇုန်းလွှာ ပျက်စီးခြင်းပြဿနာကို တားဆီးကာကွယ်ဖို့ အထောက်အကူပြုတဲ့အပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို တားဆီးကာကွယ်ဖို့လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုပါတယ်။
- မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ကို ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံး အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူစာချုပ်လို့ အသိအမှတ်ပြုထားကြပါတယ်။
- အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ချုပ်ဆိုခဲ့တဲ့ ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (International Day for the Preservation of the Ozone Layer) အဖြစ် သတ်မှတ်ခဲ့ပါတယ်။
- ဒီ့အပြင် ထူးခြားချက်တစ်ခုကတော့ ယခု ၂၀၁၅ ခုနှစ်ဟာ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးအတွက် ကမ္ဘာ့နိုင်ငံတွေ ပူးပေါင်းဆောင်ရွက်ဖို့ ၁၉၈၅ ခုနှစ်မှာ ချုပ်ဆိုနိုင်ခဲ့တဲ့ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (The Vienna Convention for the Protection of the Ozone Layer) ရဲ့ နှစ် (၃၀) ပြည့်မြောက်တဲ့ ကာလလည်းဖြစ်ပါတယ်။

**မေး။ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးမှာ မြန်မာနိုင်ငံရဲ့ အခန်းကဏ္ဍကို သိပါရစေ။**

ဖြေ။
- မြန်မာနိုင်ငံအနေနဲ့ အိုဇုန်းလွှာထိန်းသိမ်းရေးလုပ်ငန်းမှာ တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်နဲ့ လန်ဒန်ပြင်ဆင်ချက်စာချုပ်တွေမှာ ၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့မှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါတယ်။ ကိုပင်ဟေဂင်ပြင်ဆင်ချက်မှာတော့ ၂၀၀၉ ခုနှစ် မေလ ၂၂ ရက်နေ့မှာ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး မွန်ထရီယယ်ပြင်ဆင်ချက်နဲ့ ပေကျင်းပြင်ဆင်ချက်တွေမှာတော့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါတယ်။
- ရာသီဥတုပြောင်းလဲမှုနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းကို ၁၉၉၂ ခုနှစ် ဇွန်လ ၁၁ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့မှာ အပြီးသတ်အတည်ပြုခဲ့ပါတယ်။
- အဲဒီကွန်ဗင်းရှင်းရဲ့ ကျိုတိုနောက်ဆက်တွဲစာချုပ်တွင် ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါတယ်။

**မေး။ အိုဇုန်းလွှာပျက်စီးရခြင်းရဲ့ အကြောင်းရင်းကို သိပါရစေ။**

ဖြေ။
- အိုဇုန်းလွှာပျက်စီးစေတဲ့ဒြပ်ပစ္စည်းတွေကတော့ ကလိုရင်းပါဝင်တဲ့ ကလိုရိုဖလူရိုကာဗွန် (Chlorofluorocarbon-CFC), ဟိုက်ဒြိုကလိုရိုဖလူရိုကာဗွန် (Hydrochlorofluorocarbon - HCFC), ကာဗွန်တက်ထရာကလိုရိုဒ် (Carbon Tetra-chloride) နဲ့ မီသိုင်းကလိုရိုဖောင်း (Methyl Chloroform) တွေနဲ့ ဘရိုမင်းပါဝင်တဲ့ ဟေလွန် (Halon), ဟိုက်ဒြိုဘရိုမိုဖလူရိုကာဗွန် (Hydrobromofluorocarbon-HBFC), ဘရိုမိုကလိုရိုမီသိန်း (Bromochloromethane-BCM)နဲ့ မီသိုင်းဘရိုမိုဒ် (Methyl Bromide) တွေပဲ ဖြစ်ပါတယ်။
- တစ်နည်းအားဖြင့် ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေတဲ့ ဒြပ်ပစ္စည်းတွေပဲ ဖြစ်ပါတယ်။
- ကမ္ဘာကြီးပူနွေးစေမှုနဲ့ပတ်သက်လို့ CFC တစ်တန်ဟာကာဗွန်ဒိုင်အောက်ဆိုက် တန် ၁၀၉၀၀ နဲ့ ညီမျှတဲ့ ပူနွေးစေမှုစွမ်းအားရှိသလို HCFC တစ်တန်ဟာလည်း ကာဗွန်ဒိုင်အောက်ဆိုက် ၁၈၁၀ တန်နဲ့ ညီမျှတဲ့ ပူနွေးစေမှု စွမ်းအားရှိပါတယ်။ အဆိုပါ CFC နှင့် HCFC ထုတ်လုပ်သုံးစွဲမှုများ လျှော့ချရပ်ဆိုင်းခြင်းအားဖြင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းနိုင်တဲ့အပြင် ကမ္ဘာကြီး ပူနွေးမှုကိုဖြစ်စေတဲ့ ရာသီဥတုပြောင်းလဲမှုကိုလည်း လျော့ကျစေမှာ ဖြစ်ပါတယ်။

**မေး။ အဲဒီဒြပ်ပစ္စည်းတွေကို ဘယ်နေရာမှာ သုံးပါသလဲ။**

ဖြေ ။
- ကလိုရိုဖလူရိုကာဗွန်ကို ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အအေးခန်း၊ ဆိုဖာရေမြှုပ် (Foam) နဲ့ ဖျန်းဆေး (Spray) တွေမှာ သုံးစွဲပါတယ်။
- ဟိုက်ဒြိုကလိုရိုဖလူရိုကာဗွန်ကို လေအေးပေးစက်၊ အအေးခန်းနဲ့ ဆိုဖာရေမြှုပ်တွေမှာ သုံးစွဲပါတယ်။
- ကာဗွန်တက်ထရာကလိုရိုဒ်ကို သတ္တုပစ္စည်းများသန့်စင်ရာမှာ သုံးစွဲပါတယ်။
- မီသိုင်းကလိုရိုဖောင်းကို အီလက်ထရွန်နစ်ပစ္စည်းများ သန့်စင်ရာမှာ သုံးစွဲပါတယ်။
- ဟေလွန်၊ ဟိုက်ဒြိုဘရိုမိုဖလူရိုကာဗွန်၊ ဘရိုမိုကလိုရိုမီသိန်းတွေကိုတော့ မီးငြိမ်းသတ်ရာမှာသုံးစွဲပါတယ်။
- မီသိုင်းဘရိုမိုဒ်ကို ပိုးသတ်ဆေးအဖြစ် သုံးစွဲပါတယ်။

**မေး။ မြန်မာနိုင်ငံမှာ အိုဇုန်းလွှာပျက်စီးစေတဲ့ ဒြပ်ပစ္စည်းတွေ ထုတ်လုပ်၊ တင်ပို့၊ သုံးစွဲမှုအခြေအနေနဲ့ အဆိုပါဒြပ်ပစ္စည်းများသုံးစွဲမှုကို လျှော့ချရပ်ဆိုင်းမှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့ လက်ရှိဆောင်ရွက်ချက်တွေရှိရင် သိပါရစေ။**

ဖြေ ။
- မြန်မာနိုင်ငံမှာ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းတွေကို ထုတ်လုပ်မှုရော တင်ပို့မှုပါ ပြုလုပ်ခြင်းမရှိပါဘူး။
- ပြည်တွင်းသုံးစွဲဖို့အတွက် ပြည်ပမှ တင်သွင်း သုံးစွဲတာပဲရှိပါတယ်။ ဒါတောင် ကလိုရိုဖလူရိုကာဗွန် (CFC) တင်သွင်းမှုကို ၂၀၀၇ ခုနှစ်ကစပြီး တင်သွင်းမှုရပ်ဆိုင်းခဲ့ပါတယ်။
- ဒီ့အပြင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်များ သုံးစွဲမှုကိုလည်း မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်အရ ၂၀၁၃ ခုနှစ်ကစလို့ ၂၀၀၉-၂၀၁၀ ခုနှစ် ပျမ်းမျှသုံးစွဲမှု အခြေခံသတ်မှတ်ချက်ထက် မကျော်လွန်အောင် ကန့်သတ်ပြီး ၂၀၁၅ ခုနှစ်မှစလို့ အခြေခံသတ်မှတ်ချက်မှ ၁၀ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်မှ စလို့ ၃၅ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်မှစလို့ ၆၇ ဒသမ ၅ ရာခိုင်နှုန်းသို့ အဆင့်ဆင့်လျှော့ချပြီးတော့ ၂၀၃၀ ပြည့်နှစ်တွင် လုံးဝရပ်ဆိုင်းသွားမှာဖြစ်ပါတယ်။
- ယခု ၂၀၁၃ ခုနှစ် ယခုနှစ်မှစ၍ ၂၀၃၀ ခုနှစ်အတွင်း ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC) တွေ သုံးစွဲမှုကို လျှော့ချရပ်ဆိုင်းနိုင်ရန်အတွက် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC) များ သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး လုပ်ငန်းစီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနေနဲ့ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နဲ့ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့တို့ရဲ့ နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့၏ ပူးပေါင်းပါဝင်မှုတို့နဲ့ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလကစပြီး ရေးဆွဲခဲ့ပါတယ်။
- စီမံကိန်းကို ၂၀၁၃ ခုနှစ် မတ်လမှာ ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူခွင့်ပြုခဲ့ပါတယ်။
- အိုဇုန်းလွှာကိုပျက်စီးစေတဲ့ ဒြပ်ပစ္စည်းတွေသုံးစွဲမှုကို လျှော့ချရပ်ဆိုင်းဖို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်ကို ၂၀၁၄ ခုနှစ် ဧပြီလ ၂၅ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်၊ ၃၇/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။
- စီမံကိန်းအရ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်များ သုံးစွဲမှုကို ထိန်းချုပ်နိုင်ဖို့အတွက် ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အရာထမ်း ၂၅ ဦးကိုလည်း ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းမှာ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။
- ဆက်လက်ပြီး ရေခဲသေတ္တာနဲ့ လေအေးပေးစက် ကျွမ်းကျင်သူတွေကိုလည်း အစားထိုးနည်းပညာနဲ့ အစားထိုးဒြပ်ပစ္စည်းတွေသုံးစွဲဖို့ လေ့ကျင့်သင်ကြားပေးသွားမှာဖြစ်ပါတယ်။
- အဲဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် ဒြပ်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချသူ၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အအေးခန်းပစ္စည်းများ တပ်ဆင်ပြုပြင်သည့်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းနိုင်ရေး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ပြည်သူလူထုကို ဘာများ အသိပေးချင်ပါသလဲ။**

ဖြေ ။
- ယခုနှစ်အတွက် အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်တဲ့ **"OZONE: All there is between you and UV"** နဲ့အညီ ခရမ်းလွန်ရောင်ခြည် အလွန်အကျွံကျရောက်ခြင်းကြောင့် ပစ္စုပ္ပန်နဲ့ အနာဂတ်မျိုးနွယ်ဆက်တွေရဲ့ ကျန်းမာရေးဆိုးကျိုးတွေ မဖြစ်ပွားစေဖို့အတွက် ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေတဲ့ ဒြပ်ပစ္စည်းများကင်းဝေးစေဖို့နဲ့ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အာမခံတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

# နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများညှိနှိုင်းဆွေးနွေး

ကျိုင်းတုံ စက်တင်ဘာ ၁၃

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးသိန်းဇော် ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် "ဝ" အထူးဒေသ -၂ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူရီ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မိုင်းလားအထူးဒေသ-၄ ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရွှေတြိဂံရိပ်သာ အစည်းအဝေးခန်းမ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) နှင့် စပ်လျဉ်း၍လည်းကောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။**



အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဘုန်းမြတ်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်အေး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက နေပြည်တော်၌ စက်တင်ဘာ ၉ ရက်က တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် နိုင်ငံတော်သမ္မတနှင့် တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးခဲ့ကြပါကြောင်း၊ အဆိုပါ စာချုပ်အား အောက်တိုဘာ ပထမပတ်အတွင်း လက်မှတ်ရေးထိုးကြမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတက အဆိုပါစာချုပ်နှင့် ပတ်သက်၍ တိုင်းရင်းသားခေါင်းဆောင်များအား ရှင်းလင်းပြောကြားရန် မိမိတို့အဖွဲ့ကို စေလွှတ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းအောင် ကြိုးပမ်းဆောင်ရွက်နေသည့်ကာလ ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော် ဆောင်ရေးလုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များညှိနှိုင်းဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်ကို နှစ်ဖက်အတည်ပြုနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ခိုင်မာသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရေးသည် ထာဝရငြိမ်းချမ်းရေး ရယူနိုင်ရေးအတွက် အဓိကကျသည့် ပထမခြေလှမ်းပင် ဖြစ်ပါကြောင်း၊ အာမခံချက်ရှိသည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေးသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းနိုင်ရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နိုင်ရေးအတွက် အထူးဒေသ -၂ နှင့် အထူးဒေသ- ၄ အဖွဲ့များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်တွင် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယခင်ကာလများနှင့်နှိုင်းယှဉ်လျှင် အထူးဒေသ-၂ နှင့် အထူးဒေသ- ၄ တို့သည် များစွာဖွံ့ဖြိုးတိုးတက်နေပါကြောင်း၊ ထိုတိုးတက်ဖွံ့ဖြိုးမှုများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကလည်း အထူးဒေသ- ၂ နှင့် အထူးဒေသ- ၄ တို့ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်လာရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အထူးဒေသ -၂၊ ပြင်ပဆက်ဆံရေးဌာနကြီးမှူး ဦးကျောက်ကော်အမ်းနှင့် အထူးဒေသ -၄ ဥက္ကဋ္ဌ ဦးစိုင်းလင်းတို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် "ဝ" အထူးဒေသ - ၂ နှင့် မိုင်းလားအထူးဒေသ - ၄ တို့၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် "ဝ" အထူးဒေသ - ၂၊ မိုင်းလားအထူးဒေသ - ၄ တို့မှ ကိုယ်စားလှယ်အဖွဲ့တို့သည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ အချက်အလက်များနှင့် ပတ်သက်၍ သော်လည်းကောင်း၊ နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သော်လည်းကောင်း ရင်းနှီးပွင့်လင်းစွာ အပြုသဘောဆောင် ဆွေးနွေးခဲ့ကြသည်။

"ဝ" အထူးဒေသ - ၂ နှင့် မိုင်းလား အထူးဒေသ - ၄တို့ အနေဖြင့် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အတူတကွ ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ခဲ့မှု၏ ရလဒ်ဖြစ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ်တွင်လည်းကောင်း အသိအမှတ်ပြုထောက်ခံကြိုဆိုပါကြောင်းနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင်လည်းကောင်း အပြုသဘောဆောင်သောလုပ်ငန်းစဉ်များကို အခြေခံပြီး အတူတကွပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆက်လက်ညှိနှိုင်းဆွေးနွေးသွားကြ မည်ဖြစ်ကြောင်း နှစ်ဖက်သဘောတူ ထုတ်ပြန်ကြေညာအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမူဘောင်အတွက် ဘုံသဘောတူညီမှုမူဘောင်ရရှိရေး ဆွေးနွေးမည်

ရန်ကုန် စက်တင်ဘာ ၁၃

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA)တွင် ပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ မူဘောင်ရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။**

ယခင် တွေ့ဆုံမှုများတွင် ရရှိခဲ့သည့် မူဘောင်ဆိုင်ရာ ဘုံနားလည်မှုနှင့် အခြေခံမူများအပေါ် အခြေခံ၍ ဘုံနိုင်ငံရေး ဆွေးနွေးပွဲ မူဘောင်တစ်ခုရရှိရေးအတွက် စက်တင်ဘာ ၁၄ ရက် အစည်းဝေးတွင် အဓိကထား ဆွေးနွေးမည်ဖြစ်သည်။ ယင်းအပြင် NCA စာချုပ် လက်မှတ်ထိုးပြီးနောက် ဆက်လက်ဖွဲ့စည်းမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC) အား မည်ကဲ့သို့ ဖွဲ့စည်းမည် ဆိုသည်ကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံရေး မူဘောင်ဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ ၅၆ ပါတီ၊ NLD ၊ UNA၊ NCCT ၊ UPWC နှင့် MPC မှ ကိုယ်စားလှယ်များက ငါးကြိမ် ပြုလုပ်ခဲ့သည်။ ယင်းတွေ့ဆုံမှုများအတွင်း အဖွဲ့အစည်းအသီးသီးက ရေးဆွဲထားသော မူဘောင်များအပေါ် အခြေခံသည့် ဘုံနားလည်မှု (Common Understanding)နှင့် ဘုံအခြေခံမှုများ (Common Principles) ရရှိခဲ့ကြောင်း မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်ပြန်လည် ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC )၏ ထုတ်ပြန်ချက်အရ သိရသည်။

MPC မှ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဆိုင်ရာအစီအစဉ်၏ ဒါရိုက်တာဖြစ်သူ ဦးအောင်နိုင်ဦးက"စက်တင်ဘာ ၁၄ ဆွေးနွေးပွဲက တော်တော်ကိုအဆင့်မြင့်မြင့် အဖွဲ့အစည်းတွေပါလာမယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲအတွက် ပူးတွဲကော်မတီအဖြစ် USDP (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) နဲ့ NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) ကို ဖိတ်ကြားထားပါတယ်။ နှစ်ဖက်လုံးကလာမယ်ဆိုတဲ့သတင်းမျိုးလည်းကြားထားပါတယ်။ ဒီအပြင် တပ်မတော်ကိုလည်း ဖိတ်ကြားမယ်လို့ ကျွန်တော်တို့ ကြားထားပါတယ်။ ဒီဆွေးနွေးပွဲဟာ NCA ထိုးပြီးတဲ့အခါမှာ ရှေ့ဆက်သွားဖို့ အရေးကြီးတဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ပါလိမ့်မယ်" ဟု ဆွေးနွေးပွဲနှင့် ပတ်သတ်ပြီး အကြိုသုံးသပ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီများအပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)၊ တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC ) မှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း MPC မှ သိရသည်။

ဦးအောင်နိုင်ဦးက "နိုင်ငံရေးဆွေးနွေးပွဲတွေမှာ အရေးကြီးတဲ့ သတ်မှတ်ချက် နှစ်ခုပါဝင်တယ်။ ရက်ပေါင်း ၆၀ အတွင်းမှာ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ရေးဆွဲခြင်းကို အပြီး ပြုလုပ်ရမယ်လို့ တိုင်းရင်းသားတွေက ပြောထားပေမယ့် တခြားနိုင်ငံတွေမှာဆိုရင် လေးလကနေ ၁၄ လ အထိကြာတတ်တယ်။ လက်တွေ့မဆန်ပေမဲ့ တိုင်းရင်းသားတွေဘက်က စိုးရိမ်ချက် ကြီးမားပြီး ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့အတွက် အစိုးရကလည်း သဘောတူပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်ကတည်းကစပြီး တစ်ဖက်မှာအပစ်ရပ် စာချုပ်ကို ဆွေးနွေးသလိုပဲ တစ်ဖက်မှာလည်းပဲ အစိုးရ၊ လက်နက်ကိုင် တိုင်းရင်းသား အင်အားစုတွေနဲ့ နိုင်ငံရေးပါတီတွေ အလွတ်သဘော နိုင်ငံရေးမူဘောင် ဆွေးနွေးရေးကိစ္စကို ဆောင်ရွက်ခဲ့ပါတယ်" ဟုပြောသည်။

စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် UPWC ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် နိုင်ငံရေးဆွေးနွေးပွဲများတွင် အဓိကနေရာမှ ပါဝင်လာမည့် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်သည်။

ယင်းတွေ့ဆုံပွဲသည် NCA စာချုပ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း စာချုပ်ပါ သဘောတူညီချက်များအရ ရှေ့ဆက်လုပ်ဆောင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အဓိကထား ရှင်းလင်းပြောကြားမည်ဖြစ်သည်။ တွေ့ဆုံပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ MPC တွင် ပြုလုပ်မည်ဖြစ်သည်။

**သတင်း - ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်**

# ဟားခါးမြို့နယ် သဘာဝဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

**ဟားခါး စက်တင်ဘာ ၁၃**

ဟားခါးမြို့နယ် သဘာဝဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ မြို့နယ်ပြန်လည်ထူထောင်ရေးရုံး၌ကျင်းပရာ မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ ၊ UN/INGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင် ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရှေ့ဆက်ကူညီထောက်ပံ့သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရေဝတီမြစ်ရေတက်လာမှုကြောင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ စာသင်ကျောင်းများယာယီပိတ်ထား

**ပွင့်ဖြူ စက်တင်ဘာ ၁၃**


ပွင့်ဖြူမြို့နယ်အတွင်း စက်တင်ဘာ ၁၁ ရက်က ဧရာဝတီမြစ်ရေတက်လာမှုကြောင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းတစ်လျှောက်နေထိုင်သည့် ကျေးရွာအုပ်စုပေါင်း ရှစ်အုပ်စု၊ ကျေးရွာ ၂၇ ရွာအတွင်း မြစ်ရေများဝင်ရောက်လျက်ရှိပြီး အဆိုပါ ကျေးရွာအုပ်စုများရှိ အထက(ခွဲ) ကျောင်း တစ်ကျောင်း၊ အလက(ခွဲ)ကျောင်း တစ်ကျောင်း၊ အမက(လွန်) ကျောင်း တစ်ကျောင်း နှင့်အမက ကျောင်း ၂၀ စုစုပေါင်း ကျောင်း ၂၃ ကျောင်းတို့မှာ ရေများဝင်ရောက်နေသဖြင့် ထိုကျောင်း ၂၃ ကျောင်းကို ယင်းနေ့ညနေ ၃ နာရီမှစတင်ကာ ကျောင်းများ ယာယီပိတ်ထားခဲ့ကြောင်း သက်ဆိုင်ရာပညာရေးမှူးရုံးမှသိရသည်။

**ကျော်ဇေယျ(မကွေး)**

❖ *ကျောဖုံးမှ*

လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)




# ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေ မြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တစ်ပေခွဲခန့်ကျော်လွန်လျက်ရှိပြီး နောက် သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။

**(သတင်းစဉ်)**

# ဧရာဝတီ၊ ချင်းတွင်းနှင့် ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေ

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့နှင့် ကလေးဝမြို့တို့တွင် နှစ်ပေခန့်စီ၊ မော်လိုက်မြို့တွင် သုံးပေခွဲခန့်၊ မင်းကင်းမြို့တွင် သုံးပေခန့်နှင့် မုံရွာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ မင်းကင်းမြို့၊ မုံရွာမြို့နှင့် နောက်တစ်ရက်အတွင်း ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်မှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ နိုင်သည်။

ဟင်္သာတခရိုင်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးခရိုင်နှင့် မင်းဘူးခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**


# ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**


ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဖောင်းပြင်မြို့နှင့် ကလေးဝမြို့တို့တွင် နှစ်ပေခန့်စီ၊ မော်လိုက်မြို့တွင် သုံးပေခွဲခန့်၊ မင်းကင်းမြို့တွင် သုံးပေခန့်နှင့် မုံရွာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့၊ နောက်တစ်ရက်အတွင်း ကလေးဝမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**


ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)





# ဧရာဝတီမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ကြီးများ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ


**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ပခုက္ကူမြို့တွင် ပေဝက်ခန့် စိုးရိမ်ရေမှတ်အထက်ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း၊ ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက်ကျော်လွန်နေကာ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း၊ အလားတူ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**


ဧရာဝတီမြစ်ရေ အခြေအနေ (ပခုက္ကူမြို့)





ဧရာဝတီမြစ်ရေ အခြေအနေ (ညောင်ဦးမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ဟင်္သာတမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ဇလွန်မြို့)




# မိုးကြီးနိုင်သည့် ဒေသများ

**နေပြည်တော် စက်တင်ဘာ ၁၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၃-၉-၂၀၁၅)

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝ ဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၆၃၇၃၄ စုမှ လူဦးရေ ၁၆၉၃၉၅၂ ဦး ရေဘေးသင့်ခဲ့ပြီး ၁၃၂ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၉၆၁၉၆၆၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၃၇၆၄၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၄၄၄၇၄၆၆၄ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၁၄၀၀၀၀၀၊ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၉၉၇၅၅၈၁၄ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

(သတင်းစဉ်)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | မျောပါ/ ပျက်စီး အိမ်ခြေ | ဘေးသင့် အိမ်ထောင်စု | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | ပြန်လည်ထူထောင်ရေးအတွက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၁၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **-** | **၆၄၀၄၅၇၁၀** |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ စက်တင်ဘာလ ၁၃ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၄၁ | ၉၇၃၈၉ | ၄၇၃၂၃၉ | ၂၃ | ၄၀၁၆၈၇၅၀ | ၁၄၈၅၀၀၀ | ၁၉၇၅၀၀၀၀ | ၆၄၆၄၇၇၁၀ | ၂၄၀၀၀၀၀ | - | ၁၂၈၄၅၁၄၆၀ |
| ၂ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၄၀၃၅၉၀၆ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၂၄၂၀၉၅၆ |
| ၃ | ရှမ်းပြည်နယ် | ၁၂၈ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၅၀၁၇၅၀ | - | ၉၃၅၀၀၀၀ | ၃၃၃၅၁၃၆၈ | ၁၂၀၀၀၀၀ | - | ၅၃၄၀၃၁၁၈ |
| ၅ | ချင်းပြည်နယ် | ၂၉၃၄ | ၄၂၅၇ | ၂၁၇၈၆ | ၁၂ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၁၉၉၆၈ |
| ၆ | ရခိုင်ပြည်နယ် | ၁၃၇၄၁ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၆၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၃၈၁၈၉၀ |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ |
| ၈ | မွန်ပြည်နယ် | ၄၅ | ၁၅၁၅ | ၆၆၁၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၆၉ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | - | ၃၀၄၁၂၃၂၀ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၃၆၉၃ | ၃၀၃၆၉၄ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၉၀၈၈ | ၁၂၆၈၂၁ | ၄၉၈၀၄၃ | - | ၁၆၀၀၉၆၅၀ | - | ၈၅၅၀၀၀၀ | ၄၄၄၈၅၇၆၀ | - | - | ၆၉၀၄၅၄၁၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၃၅၂၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၈၇၉၉၀ |
| | **ပေါင်း** | **၃၉၀၈၅** | **၄၂၂၀၉၈** | **၁၆၇၉၀၄၁** | **၁၂၅** | **၉၂၆၄၉၃၀၀** | **၁၂၉၃၆၄၅၀** | **၉၇၃၄၀၀၀၀** | **၃၂၈၇၆၉၀၈၄** | **၁၀၇၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၃၅၇၁၀၁၀၄** |
| | **ဇွန်လမှစက်တင်ဘာလထိ စုစုပေါင်း** | **၃၉၄၉၀** | **၄၂၄၂၄၄** | **၁၆၉၃၉၅၂** | **၁၃၂** | **၉၆၁၉၆၆၅၀** | **၁၆၇၂၉၂၃၀** | **၁၃၇၆၄၀၀၀၀** | **၃၄၄၄၇၄၆၆၄** | **၁၁၄၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၉၉၇၅၅၈၁၄** |

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ အလှူငွေလက်ခံရရှိမှုမရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ အလှူငွေကျပ် ၈၁၅၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ၃၇၄၅၆၂၃၆၄၃ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၅၁၁၂၀၁ ဒသမ ၉၇၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ သြစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မင်းဘူးမြို့ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်လျက်ရှိ

**မင်းဘူး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ဧရာဝတီမြစ်ရေသည် စက်တင်ဘာ ၁၃ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၇၀၀ အထက် လေးစင်တီမီတာခန့် ကျော်လွန်လျက်ရှိပြီး မြို့ပေါ်နေရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းအနီးရှိ ကျေးရွာများသို့ မြစ်ရေများ ဝင်ရောက်လျက်ရှိသည်။

မင်းဘူးမြို့ အမှတ်(၁)၊ အမှတ်(၃)နှင့် အမှတ်(၄) ရပ်ကွက်များရှိ အိမ်ထောင်စု ၁၈၁ စု၊ လူဦးရေ ၈၃၄ ဦးတို့သည် မြစ်ရေကြီးမှုများကြောင့် ရေဘေးကင်းလွတ်ရာ စက္ကိန္ဒဘုရားဝင်း ၊အထကကျောင်းဝင်း၊ ပုဂံမျှော်ဘုရားဝင်း၊ ရွှေကြီးမြင့်ဘုရားဝင်း၊ မြသိန်းတန်ဘုရားဝင်း၊ ချမ်းသာကြီးကျောင်းဝင်းနှင့် မှန်ကင်းကျောင်းတိုက်များအတွင်း ယာယီတဲများထိုး၍ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

သနပ်ပင်စုကျေးရွာအုပ်စု ငွေသောင်ကျွန်းကျေးရွာရှိ အိမ်ထောင်စု ၁၅၄ စု လူဦးရေ ၅၄၇ ဦးတို့သည် ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာနှင့် ပေတောကျေးရွာများသို့လည်းကောင်း၊ နိဗ္ဗာန်ကျွန်းကျေးရွာနှင့် မန်းကျိုးကျေးရွာ၊ ထုံးမကြီးကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာများရှိ အိမ်ထောင်စု ၂၁၇ စု လူဦးရေ ၅၇၆ ဦးတို့သည် မန်းကျိုးကျေးရွာအနီး ညောင်ဇင်ကျောင်းဝင်း၊ အောက်ကျောင်းဘုရားဝင်းအတွင်းနှင့် သံကန်တန်း အမှတ်(၇)အနီးသို့လည်းကောင်း၊ တပင်ရွာ၊ ကွဲသိုးမြောင်းရွာ၊ ဖလံရုံရွာနှင့် ရွာသာယာကျေးရွာများရှိ အိမ်ထောင်စု ၃၀ လူဦးရေ ၁၅၂ ဦးတို့သည် နီးစပ်ရာကုန်းမြင့်ပိုင်းများရှိ ဆွေမျိုးများ၏နေအိမ်များသို့ လည်းကောင်း၊ နန်းတော်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၂၀၂ ဦးတို့သည် ကျေးရွာ၏မြောက်ဘက် ယာခင်းများအတွင်းသို့လည်းကောင်း ယာယီတဲများထိုး၍ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

မင်းဘူးမြို့ မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာ ၁၀ ရွာရှိ အိမ်ထောင်စု ၆၂၇ စု၊ လူဦးရေ ၂၃၁၁ ဦးတို့သည် ဧရာဝတီမြစ်ရေကြီးမှုများကြောင့် ရေဘေးကင်းလွတ်ရာသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိရာ ရပ်ကွက်/ကျေးရွာများအလိုက် ရေကင်းများ နေ့/ည တာဝန်ချထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)၊ ဓာတ်ပုံ-သူရထွန်း**

### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) ရေမြုပ် | ရေပြန်ပေါ် | ပျက်စီး | ပြန်စိုက် |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၄၈၆ | ၃၁၅၁၇ | ၁၂၈၅၈ | ၈၃၂၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၆၈ | ၆ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၈၀၁ | ၅၈၀၁ | ၃၂၅၃ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၂၃၅၈၂ | ၁၉၅၄၃၈ | ၁၂၃၁၁၇ | ၆၂၁၇၅ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၁၅၂၈၄၇ | ၉၆၃၅၉ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၅၃၃၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၅၆၄၈၆ | ၁၆၆၆၆ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၄၉၁ | ၁၃၄၉၁ | ၂၇၀၄ | ၄၆၇ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၈၅၃၉ | ၂၆၄၂၄၈ | ၂၁၀၇၀၁ | ၂၈၆၀၇ |
| | **စုစုပေါင်း** | **၁၄၈၄၆၅၈** | **၁၄၀၀၂၅၄** | **၈၄၅၂၇၂** | **၄၄၄၁၉၁** |

# ရဟန်းအသုံးအဆောင်ပစ္စည်းများစေတုတ္တရာမြို့နယ်ရှိ ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၈ ကျောင်းသို့လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၈ ကျောင်း၊ သီလရှင်ကျောင်း ခုနစ်ကျောင်းတို့မှ ဆရာတော် သံဃာတော်နှင့်သီလရှင်များအတွက် သာသနာရေးဝန်ကြီးဌာနကတစ်ဆင့် လှူဒါန်းသည့် ဝတ္ထုငွေ၊ ဆွမ်းဆန်တော်၊ သကြားနှင့်၊ သပိတ်၊ ပရိက္ခရာနှင့် ရဟန်း၊ သီလရှင်အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၂ ရက်က စေတုတ္တရာမြို့ အမှတ်(၂)ရပ်ကွက်ရှိ ရိပ်သာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြကန်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမဏ္ဍလထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကာ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ သကြား၊ သပိတ်၊ ပရိက္ခရာနှင့် ရဟန်း၊ သီလရှင်အသုံးအဆောင်ပစ္စည်းများကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

ထို့နောက် ရေဝင်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်းများဖြစ်သော ခြင်ပြစ်ကိုင်ကျောင်း၊ ပွင့်တောက်ကျောင်း၊ ငလဲကျောင်းတို့ကို ပြန်လည်ပြုပြင်ရန်အတွက် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၂၀ ဖြင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် ငွေကျပ်သိန်း ၆၀ ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးအပ်လှူဒါန်းရာ ဆရာတော်များကိုယ်စား စေတုတ္တရာမြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံယူသည်။



ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြကန်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမဏ္ဍလထံမှ အနုမောဒနာ ရေစက်ချတရားနာယူပြီး ဆရာတော် သံဃာတော်များ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့သည်။

စေတုတ္တရာမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၈ ကျောင်း၊ သီလရှင်ကျောင်း ခုနစ်ကျောင်းအတွက် လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများမှာ ဆန် ၁၂၅ အိတ်၊ ဆီ ၁၂၅ ပိဿာ၊ သကြား ၂၆၉ စုံ၊ သီလရှင်ဝတ်စုံ ၃၆ စုံ၊ ထီး ၃၀၅ ချောင်း၊ ဖိနပ် ၂၆၉ ရန်၊ သပိတ် ၂၆၉ လုံး၊ စတီးဇွန်း ၁၂၅ ဒါဇင်၊ စတီးချိုင့်(သုံးဆင့်) အလုံး ၁၃၀၊ လှူဖွယ်ခြင်း ၁၀ ခြင်း၊ ဆား ၁၂၅ ပိဿာ၊ ဆွမ်းဟင်းခွက် ၂၆၉ လုံး၊ ဆေးမျိုးစုံ ၁၂၇ ထုပ်၊ နဝကမ္မအလှူငွေကျပ်သိန်း ၁၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစီရင်ခံစာအမှတ်(၅) ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်သော အစီရင်ခံစာအမှတ်(၅)ကို စက်တင်ဘာ ၉ ရက်က ထုတ်ပြန်ထားရှိသည်။

အဆိုပါ အစီရင်ခံစာတွင် ဩဂုတ်နောက်ဆုံးပတ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ခဲ့ကြောင်း၊ သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် စက်တင်ဘာ ၇ ရက်အထိ အိမ်ထောင်စု ၂၃၈ စုမှ လူဦးရေ ၁၀၅၃ ဦးအတွက် ကယ်ဆယ်ရေးစခန်း ၁၁ ခု ထပ်မံဖွင့်လှစ်ခဲ့ရကြောင်း၊ သို့ဖြစ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း ဖော်ပြထားသည်။

ရေဘေးသင့်ခဲ့မှုအခြေအနေနှင့် ပတ်သက်၍ စက်တင်ဘာ ၆ ရက်အထိ သတင်းအချက်အလက်များအရ ရေဘေးသင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၂ ခုတွင် ရေဘေးသင့်ပြည်သူ ၁၆၂၄၃၈၉ ဦး ဘေးလွတ်ရာသို့ပြောင်းရွှေ့ခဲ့ရပြီး စုစုပေါင်း အိမ်ခြေ ၄၈၉၈၉၇ လုံး ရေဘေးသင့်ကာ ယင်းအနက်မှ ၂၁၂၂၁ လုံး လုံးဝပျက်စီးခဲ့ပြီး ၄၆၈၆၇၆ လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရကြောင်း၊ ရေဘေးကြောင့်လယ်ယာမြေ ၁၄၇၅၉၇၂ ဧက ရေဝင်နစ်မြုပ်ခဲ့ပြီး ၁၁၁၅၃၃၉ ဧက ပျက်စီးကာ ယင်းအနက်မှ ၈၄၇၄၇၁ ဧကမှာ သီးနှံများပျက်စီးခဲ့ကြောင်း ပျက်စီးဧကများအနက်မှ ၄၁၄၆၁၃၅ ဧကမှာ ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

ရေဘေးတုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်မှုများအတွက် နိုင်ငံတော်အစိုးရက ငွေကျပ် ၁၉ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃ သန်း) သုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့အတွက် ငွေကြေးထောက်ပံ့မှုမှာ နိုင်ငံတော်အစိုးရက ကျခံသုံးစွဲခဲ့သည့် ပမာဏ၏ (၁၇)ရာခိုင်နှုန်းရှိကြောင်း၊ အစီရင်ခံစာ အမှတ်(၄)တွင် အခြားသော တိုင်းဒေသကြီး/ပြည်နယ်များထက် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း ကျခံသုံးစွဲသည့် ငွေပမာဏ ပိုမိုများပြားကြောင်း ဖော်ပြထားသည်။

ရန်ပုံငွေဖြန့်ဝေသုံးစွဲခြင်းကဏ္ဍတွင် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့မှ ရေဘေးတုံ့ပြန်ရေးလုပ်ငန်းများအတွက် စုစုပေါင်းကျပ် ၁၅၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁၃ သန်း) ကျခံသုံးစွဲမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကျပ် ၆၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၃ သန်း) ခွဲဝေ သတ်မှတ်ထားပြီး ယင်းတွင် နိုင်ငံတော်သမ္မတအရေးပေါ်ရန်ပုံငွေမှ ကျပ် ၄၂ ဒသမ ၂ ဘီလီယံ၊ နိုင်ငံတော်အစိုးရက ကျပ် ၄ ဒသမ ၄ ဘီလီယံ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ ပြင်ပအလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ကျပ် ၁၄ ဒသမ ၇ဘီလီယံတို့ပါဝင်ကြောင်း၊ ကုလသမဂ္ဂ၏ Central Emergency Response Fun (CERF) အပါအဝင် နိုင်ငံတကာက အလှူငွေ အမေရိကန်ဒေါ်လာသန်း ၈၀ ရရှိပြီး ဖြစ်ကြောင်း၊ အခြားကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာပုဂ္ဂလိကကဏ္ဍနှင့် အလှူရှင်များမှ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ၎င်းတို့၏ ထောက်ပံ့ကူညီပေးနေမှုများနှင့် အရင်းအမြစ် ဖြန့်ခွဲထားရှိမှုများကို အသိပေးကြေညာ ထားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဂျပန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် နိုင်ငံတကာပုဂ္ဂလိကကဏ္ဍတို့မှ စုစုပေါင်း ခန့်မှန်းအလှူငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

စားနပ်ရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ရေဘေးသင့် တိုင်းဒေသကြီး/ ပြည်နယ်တစ်ဝန်း လယ်ယာမြေများ ထိခိုက်ပျက်စီးခဲ့ပြီး ပြန်လည်မစိုက်ပျိုးနိုင်သေးသော ဒေသများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ဖြစ်ပြီး အဆိုပါဒေသများတွင် ရေကြီးမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ လယ်ယာမြေများ၌ ရေများကောင်းစွာ ပြန်လည်စီးထွက်နိုင်မှု မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ ပလက်ဝနှင့် မင်းတပ်မြို့များ အပါအဝင် ဘေးသင့်ဒေသများတွင် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ခြင်း မရှိသေးကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အဆိုပါဒေသများအတွင်း မြေပြိုမှုများဖြစ်ပွားပြီး ထိခိုက်ပျက်စီးမှုနှုန်း မြင့်မားခြင်းကြောင့် ဖြစ်ကြောင်း။

လူသားချင်းစာနာထောက်ထားမှု မိတ်ဖက်အဖွဲ့အစည်းများမှ ရေဘေးသင့် ပြည်သူ ၄၅၅၂၆၉ ဦးအတွက် တစ်လစာ ဆန်ရိက္ခာ၊ ပဲမျိုးစုံ၊ ဟင်းချက်ဆီ၊ ဆား၊ အာဟာရတန်ဖိုးမြင့် ဘီစကစ် စသည့် စားနပ်ရိက္ခာ မက်ထရစ်တန် ၃၂၄၁ တန် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် အစားအစာ ၁၄ မက်ထရစ်တန် ဖြန့်ဝေပေးခဲ့ကြောင်း ဖော်ပြထားသည်။

အမိုးအကာနှင့် အစားအစာမဟုတ်သော လူသုံးကုန်ပစ္စည်းများကဏ္ဍတွင် ဘူးသီးတောင်မြို့နယ်သည် ထိခိုက်ပျက်စီးမှု အပြင်းထန်ဆုံးဖြစ်ပြီး အဆိုပါ မြို့နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း အခြားသောနေရာများတွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ နည်းပါးနေကြောင်း၊ ဘူးသီးတောင်မြို့နယ်အပြင် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဟားခါး၊ တွန်းဇံနှင့် ပလက်ဝမြို့များသည် ဘေးဖြစ်ပွားမှုပြင်းထန်ခြင်းကြောင့် လုံးဝပျက်စီးအိမ်ခြေ မြင့်မားလျက်ရှိကြောင်း၊ ကုလသမဂ္ဂ၏ အမိုးအကာအစုအဖွဲ့၏ ခန့်မှန်းချက်အရ အိမ်ခြေလုံးဝ ပျက်စီးသည့် စုစုပေါင်း လူဦးရေ ၈၈၀၀၀ ရှိပြီး ရခိုင်ပြည်နယ်တွင် ၅၂၀၀၀၊ အခြားဒေသများတွင် ၃၆၀၀၀ ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အိမ်ခြေ ၉၅၂၅ အိမ်ကို အရေးပေါ် အမိုးအကာများ ထောက်ပံ့ပေးခဲ့ပြီး ရေဘေးသင့်လူဦးရေ သုံးပုံနှစ်ပုံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

ကာကွယ်စောင့်ရှောက်ခြင်းကဏ္ဍတွင် ရေဘေးသင့်ပြည်သူများ၏ နေ့စဉ်ဘဝများနှင့် လှုပ်ရှားဆောင်ရွက်မှုများတွင် ရေရှည်ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး စိတ်ပိုင်းဆိုင်ရာ လူမှုစောင့်ရှောက်မှုပေးရန် အထူးလိုအပ်လျက်ရှိကြောင်း၊ စိတ်ပိုင်းဆိုင်ရာ လူမှုစောင့်ရှောက်မှုပေးရန် ရွေ့လျားဖြစ်ရပ်စီမံခန့်ခွဲမှုအဖွဲ့များ စီစဉ်ဆောင်ရွက်ပေးရန်နှင့် ရေဘေးသင့်ဒေသများအတွင်း ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာများ အထူးသဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအား အသိပညာပေးခြင်းတို့ မြင့်တင်ဆောင်ရွက်ရန်အတွက် လေ့ကျင့်သင်တန်းပေးထားသော ဖြစ်ရပ်စီမံခန့်ခွဲမှုကျွမ်းကျင်လုပ်သားများကို ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများသို့ စေလွှတ်ခဲ့ကြောင်း၊ ထို့ပြင် ချင်းပြည်နယ် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းဒေသကြီးတို့ရှိ အထိခိုက်ဆုံးမြို့နယ် ၁၂ မြို့နယ်တွင် ဘေးသင့်အမျိုးသား၊ အမျိုးသမီးငယ်များအား စိတ်ပိုင်းဆိုင်ရာ လူမှုရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ပြထားသည်။ *(ဆက်လက်ဖော်ပြပါမည်)*



**စက်တင်ဘာ ၁၃ ရက်က မော်လိုက်မြို့ ဗိုလ်ချုပ်လမ်းမပေါ်နှင့် မြို့တွင်းပိုင်းတွင် တင်ကျန်ခဲ့သည့် ရွှံ့နွံများ၊ အမှိုက်များကို မော်လိုက်မြို့နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာမှ ဝန်ထမ်းများ စုပေါင်း၍ လမ်းမကြီးများနှင့် မြို့တွင်း သန့်ရှင်းရေးများကို ဆောင်ရွက်နေကြစဉ်။**

မော်လိုက်သားလေး

## ဖောင်းပြင်မြို့တွင် အမြင့်ဆုံးရေမှတ်အောက်ကျဆင်းသော်လည်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိ

**ဖောင်းပြင် စက်တင်ဘာ ၁၃**

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာထုတ်ပြန်ချက်အရ စက်တင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် မြို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၁၅၃၀ သို့ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီ တိုင်းထွာချက်အရ ၁၃၈၅ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် မြို့၏စိုးရိမ်ရေအမှတ် ၁၃၂၅ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနေသည်။

ဖောင်းပြင်မြို့နယ်၌ စက်တင်ဘာ ၁၃ ရက်တွင် ချင်းတွင်းမြစ်ရေ လျော့နည်းကျဆင်းလာသဖြင့် ရေဝင်ရောက်ခဲ့သော လမ်းများနှင့် အမက(အမှတ်-၈၇) မူလွန်ကျောင်းတို့အား တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# (၃၆)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကတက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၃**

(၃၆)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ရှန်ဂရီလာဟိုတယ်၌ စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာသည် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။ **(ယာပုံ)**

ညီလာခံဒုတိယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျော်ဂျီယာနိုင်ငံလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mrs. Manana Kobak-hidze နှင့်အဖွဲ့အား ယင်းဟိုတယ်ရှိ Boardroom(3) ၌ လက်ခံတွေ့ဆုံခဲ့ရာ နှစ်နိုင်ငံလွှတ်တော်များအကြား အပြန်အလှန်ဆက်ဆံရေးများ တည်ဆောက်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ဒုတိယနာယကဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် First Plenary Session အစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ညီလာခံနောက်ဆုံးနေ့တွင် Second Plenary Session သို့တက်ရောက်၍ ကော်မတီအသီးသီးမှ တင်သွင်းသော အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးအတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ညနေပိုင်းတွင် အာဆီယံပါလီမန်များ ဥက္ကဋ္ဌ၊ မလေးရှားနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဒေါက်တာစိုးရင်၊ ဦးညွန့်တင်၊ ဦးခင်မောင်ရည်၊ ဦးဝင်းသန်း၊ ဦးညွန့်လှိုင်၊ ဒေါက်တာ မိယဉ်ချမ်း၊ ဒေါ်နော်မေရီယန်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည် (၅၀၅) နှစ်ပြည့်ပွဲတော်ကြီးတွင် မင်္ဂလာဝင်းခင်းသဘင် ထည့်သွင်းဆင်ယင်ကျင်းပမည်

**တောင်ငူ စက်တင်ဘာ ၁၃**

တောင်ငူ ကေတုမတီ မြို့တည်နန်းတည်နှစ် (၅၀၀) ပြည့်ပွဲမှစတင်၍ ထည့်သွင်းကျင်းပခဲ့သည့် တောင်ငူခေတ် မြန်မာ့ယဉ်ကျေးမှု ထီးနန်းရိုးရာ အစဉ်အလာမင်္ဂလာတစ်ပါးဖြစ်သော ထွက်တော်မူကြီး မင်္ဂလာဝင်းခင်းသဘင် (ရာဇဝင်းခင်းသဘင်) ကြီးကို ယခုနှစ်တွင် ကျင်းပမည့်မြို့တည်နန်းတည် (၅၀၅) နှစ် ပြည့်ပွဲတော်ကြီးတွင် ယခင်နှစ်ကထက်ပို၍ စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ဗဟိုကော်မတီနာယက CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်ဘုရင့်နောင်ခန်းမ၌ကျင်းပသည့် ပွဲတော်ကျင်းပရေး ပထမအကြိမ်အကြို ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။



ယမန်နှစ်က တောင်ငူ ကေတုမတီ မြို့တည် နန်းတည်အခမ်းအနား ကျင်းပခဲ့စဉ်။

အဆိုပါ ဝင်းခင်းသဘင်ပွဲသည် မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးသူများ၊ မြန်မာ့သမိုင်းကို လေ့လာလိုက်စားသူ၊ သမိုင်းအမွေကောင်းကို လက်ဆင့်ကမ်းပေးလိုသူများအနေဖြင့် အလွန်ကြည့်ရှုသင့်သည့်ပွဲဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအရ ကျင်းပသည့်ပွဲများတွင် တွေ့မြင်ရခဲသော ပွဲကြီးဖြစ်သည်။ တောင်ငူတက္ကသိုလ်မှ သမိုင်းပညာရှင်များနှင့် တောင်ငူဒေသခံပညာရှင်များပူးပေါင်းပြီး ရာဇဝင်ကျမ်းဂန်၊ သမိုင်းစာပေ၊ ပုရပိုက်များကို အခြေခံ၍ တောင်ငူခေတ်မြန်မာ့ထီးနန်းရိုးရာ အသုံးအဆောင်များ၊ အဝတ်အစားများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကိုအနီးစပ်ဆုံး ကိုက်ညီအောင် ရာဇဝင်ပါမင်းကြီးညို တပ်ခင်းကျင်းသရုပ်ဖော်ပုံများ၊ မင်းတုန်းမင်းကြီး ကျောက်တော်ကြီးဘုရားသို့ ထွက်တော်မူပုံ ပုရပိုက်ပန်းချီပုံများကို ပေါင်းစပ်၍ စီစဉ်တင်ဆက်သွားမည်ဖြစ်သည်။ အစဉ်အလာမပျက် ကျင်းပခဲ့သော ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည်ဝင်းခင်း သဘင်ပွဲများတွင် ဆင်ငါးကောင်၊ မြင်းအကောင် ၃၀၊ လူအင်အား ၃၀၀ ကျော်ပါဝင်ပြီး ကျိုင်းကိုင်၊ သိုဏ်းကိုင်း၊ ဆင်စစ်သူကြီး၊ ဆင်ခြေဖုံသူရဲ၊ အရှေ့မြင်းသည်တော်၊ တံခွန်ဖြူကိုင်၊ ဒိုင်းဝိုင်းကိုင်၊ ဓားကိုင်၊ လေးဆွဲသူရဲ၊ တူရိယာ လုလင်၊ စစ်သူကြီး၊ မင်းခန်းတော်ကိုင်၊ ဘုရင်နှင့်မိဖုရား၊ အိမ်ရှေ့မင်းသားနှင့် မိဖုရား၊ သမီးတော်၊ အမတ်ကြီးနှင့်အမတ်ကတော်၊ ပုဏ္ဏား၊ မင်းညီမင်းသား စသည်ဖြင့် ဝင်းအမျိုးအစားပေါင်း ၃၀ ကျော်ကို ထည့်သွင်းဆင်ယင်ကျင်းပနိုင်ခဲ့ပြီး တောင်ငူမြို့အနီးပတ်ဝန်းကျင်မြို့ရွာများမှ စိတ်ဝင်စားသူများနှင့် နိုင်ငံခြားသား ခရီးသွားများလည်း စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြသည်။

ကေတုမတီ (တောင်ငူ)မြို့ကို ဘုရင်မင်းကြီးညိုက သက္ကရာဇ် ၈၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး လာမည့် တန်ဆောင်မုန်း လပြည့်နေ့တွင် နှစ်ပေါင်း (၅၀၅)နှစ်ပြည့်မြောက်မည်ဖြစ်သည်။ (၅၀၅) နှစ် ပြည့်ပွဲတော်ကြီးကိုလည်း နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်တိုင်တိုင် ယခင်နှစ်များအတိုင်း ပျော်ပွဲရွှင်ပွဲများ၊ အထိမ်းအမှတ်ပွဲများပါ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

● *ကျောဖုံးမှ*

Miss Famous ဆုအတွက် မဲပေးမည့် ပရိသတ်များအနေဖြင့် စက်တင်ဘာ ၁၅ ရက်မှစတင်ကာ Facebook, Website နှင့် လက်ကိုင်ဖုန်းများမှ SMS ပေးပို့ မဲပေးနိုင်ပြီဖြစ်သည်။ SMS ဖြင့် မဲပေးလိုသည့် ပရိသတ်များသည် MEC ဖုန်းတစ်ခုတည်းမှသာ ပေးပို့နိုင်မည်ဖြစ်ပြီး မိမိအားပေးလိုသည့် အလှမယ်အား ၁၅၅၂ သို့ MUM ခါးနံပါတ်ကို တစ်ကြိမ်တည်းသာ ပေးပို့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကိုယ်စားပြုယှဉ်ပြိုင်မည့် Miss Universe ပြိုင်ပွဲဝင်ရန် စက်တင်ဘာ ၅ ရက်က ဆန်ခါတင်ရွေးချယ်ခဲ့သည့် အလှမယ်များသည် ပြီးခဲ့သည့် စက်တင်ဘာ ၁၀ ရက်က အင်းပူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့ သွားရောက်ကာ အလှူငွေလှူဒါန်းခြင်း၊ အစားအသောက်၊ ဆေးဝါး၊ အဝတ်အထည်များ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့ပြီး ချောင်းသာတွင်လည်း အုပ်စုခွဲကာ ဟင်းချက်ပြိုင်ပွဲကျင်းပခြင်း၊ သဲသောင်ပြင် ဘော်လီဘောကစားခြင်းနှင့် ပင်လယ်ကမ်းခြေတွင် Speedboat စီးခြင်းတို့ ပြုလုပ်ခဲ့သည်။

ထို့အပြင် စက်တင်ဘာ ၁၂ ရက်ကလည်း ရန်ကုန်မြို့ ရွှေဂုံတိုင် ကလေးပြုစုရေးဂေဟာမှ ကလေးငယ်များကိုလည်း အာဟာရကျွေးမွေးခြင်းနှင့် စိတ်ပျော်ရွှင်မှုအတွက် မြို့ပတ်ရထားအတူ လိုက်ပါစီးနင်းခြင်းတို့ လုပ်ဆောင်ခဲ့သည်။

Miss Universe Myanmar Organization သည် ယခုနှစ်တွင် နိုင်ငံတစ်ဝန်းမှ လှပျိုဖြူများ မျှတစွာပါဝင်ယှဉ်ပြိုင်နိုင်ရန် သက်ဆိုင်ရာမြို့နယ် ကိုယ်စားလှယ်များ ခန့်အပ်ပြီး မြို့နယ်ပေါင်း ၁၃ မြို့နယ်မှ ကိုယ်စားပြု အလှမယ်များကို ဆန်ခါတင် ၂၀ ထဲပါဝင်နိုင်ရန် ရွေးချယ်နိုင်ခဲ့သည်။ Miss Universe Myanmar 2015 နှင့် 2016 အတွက် ဆန်ခါတင် ၂၀ ထဲ ပါဝင်နိုင်ရန် အလှမယ်ရွေးချယ်နိုင်ခဲ့သည့် မြို့နယ် ၁၃ မြို့နယ်မှာ ပုသိမ်၊ မြိတ်၊ မုံရွာ၊တောင်ကြီး၊ ပဲခူး၊ လားရှိုး၊ မော်လမြိုင်၊ ပြည်၊ စစ်တွေ၊ မိုးကုတ်၊ ထားဝယ်၊ မြစ်ကြီးနားနှင့် မန္တလေးမြို့တို့ဖြစ်ပြီး ကျန်အလှမယ်များမှာ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် အလှမယ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အလှမယ်အများစုတို့ကို ပြန်လည်ရွေးချယ်ထားခြင်းဖြစ်သည်။

ယခုရွေးချယ်ထားသည့် ဆန်ခါတင်အလှမယ် ၂၀ သည် စက်တင်ဘာ ၃၀ ရက်တွင် Gandamar Grand Ballroom ၌ National Costume ပြိုင်ပွဲနှင့် National Gift လေလံတင်ရောင်းချပွဲကိုကျင်းပပြီး လေလံတင်ရောင်းချရသည့် ငွေများကို လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် စခန်းသွင်းလေ့ကျင့်မှုများကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိ လေ့ကျင့်သွားမည်ဖြစ်ပြီး Miss Universe Myanmar 2015 နှင့် 2016 အတွက် နောက်ဆုံးဆန်ခါတင်ရွေးချယ်မှုကို အောက်တိုဘာ ၃ ရက် ည ၆ နာရီတွင် Gandamar Grand Ballroom ၌ ကျင်းပမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# လယ်ယာသုံးစက်ကိရိယာများ လက်တွေ့မောင်းနှင်သရုပ်ပြပွဲကျင်းပ

**သမဝါယမဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co., Ltd တို့ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ခြင်းနှင့် စက်စွမ်းရည်များကို ရှင်းလင်းပြောကြားပြီး လက်တွေ့မောင်းနှင်သရုပ်ပြခြင်းအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု ဘက်စုံစိုက်ပျိုးရေးခြံ၌ ကျင်းပခဲ့သည်။**

**ဦးအောင်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမဝါယမဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန**

လယ်ယာသုံး စက်ကိရိယာပစ္စည်းတွေနဲ့ပတ်သက်ပြီး လက်ငင်းပေးချေဝယ်ယူရမယ့်အစား လက်တွန်းထွန်စက်များကို ငါးနှစ်အရစ်ကျငွေချေစနစ်နဲ့ အာမခံသုံးနှစ်၊ မြင်းကောင်ရေ ၅၀ နှင့် အောက်စက်ပစ္စည်းများကို ခြောက်နှစ်အရစ်ကျငွေချေစနစ်နဲ့ အာမခံတစ်နှစ်၊ မြင်းကောင်ရေ ၆၀ နှင့် အထက်စက်ပစ္စည်းများကို ခုနစ်နှစ်အရစ်ကျငွေချေစနစ်နဲ့ အာမခံတစ်နှစ်တို့ဖြင့် ရောင်းချပေးတာဖြစ်ပါတယ်။ ပေးဆပ်ရမယ့်ကာလ ကြာရှည်တဲ့အတွက် အကြိမ်လိုက်ပေးဆောင်ရမယ့် အရင်းပမာဏနဲ့ အတိုးနှုန်းတို့မှာလည်း နည်းပါးပြီး ထွန်စက်ကိုယ်ပိုင်ဖြစ်နိုင်ရေးအခွင့်အလမ်းများ ပိုမိုရရှိမှာ



ဖြစ်ပါတယ်။ ရာသီအချိန်ကိုက် သူတို့ရဲ့လုပ်ငန်းတွေကို အချိန်မလစ်ဟင်းဘဲ မြန်မြန်ပြီးအောင် ဆောင်ရွက်နိုင်တဲ့အပြင် အခြားနေရာတွေကို အငှားလိုက်ခြင်းဖြင့်လည်း သူတို့ရဲ့ ကိုယ်ပိုင်ဝင်ငွေတွေ တိုးပွားရရှိလာမှာ ဖြစ်ပါတယ်။ အသင်းသားတောင်သူလယ်သမားများအနေနဲ့ မိမိတို့သိလိုတဲ့ ဈေးနှုန်းတွေ၊ ဝန်ဆောင်မှုတွေ၊ ပြန်ဆပ်ရမယ့်ကာလတွေ၊ စက်စွမ်းအားတွေကို အသေးစိတ် သိချင်တာတွေ မေးမြန်းနိုင်ပါတယ်။ ဝယ်ယူအသုံးပြုလိုပါက ဝယ်ယူအသုံးပြုနိုင်အောင်၊ စက်ပစ္စည်းဝယ်ယူထားတဲ့သူတွေကိုလည်း လက်တွေ့ကိုင်တွယ် အသုံးပြုထိန်းသိမ်းတတ်အောင် ထပ်မံပြသပေးခြင်းလည်း ဖြစ်ပါတယ်။ စက်ပစ္စည်းများအတွက် လိုအပ်တဲ့ ဝန်ဆောင်မှုတွေ ဖြည့်ဆည်းပေးနိုင်ရန်လည်း နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်အတွင်း Service Centre ကို ဖွင့်လှစ်ပေးထားပါတယ်။

**ဦးမျိုးချစ်၊ ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီ သမဝါယမဦးစီးဌာန**

သမဝါယမကဏ္ဍ သမဝါယမလမ်းကြောင်းကနေပြီးတော့ လယ်ယာသုံးစက်ကိရိယာတွေကို အသင်းသားလယ်သမားတွေ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ အသင်းသား လယ်သမားတွေလက်ထဲမှာ လယ်ယာသုံးစက်ကိရိယာတွေ ရောက်သွားတဲ့အတွက် သူတို့ရဲ့ လယ်ယာတွေမှာ လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။

**ဦးတင်ငွေ၊ အသင်းသားတောင်သူ၊ ပျဉ်းမနားမြို့နယ်**

လက်မှုလယ်ယာစနစ်နဲ့ပဲ လုပ်နေတဲ့အခါကျတော့ အချိန်ကုန်နှောင့်နှေးနေတဲ့ဘဝကနေပြီး အခုဆိုစက်စွမ်းအားနဲ့ဆိုရင် အမြန်ပြီးသွားတာပေါ့။ Daedong ထွန်စက်တွေက စက်စွမ်းအားကောင်းပြီး



ဆီစားသက်သာတဲ့အပြင် ရောင်းပေးတဲ့စနစ်က အရစ်ကျ ခြောက်နှစ် ခုနစ်နှစ်ဆိုတော့ ကျွန်တော်တို့တစ်တွေ တဖြည်းဖြည်းနဲ့ သွင်းသွားမှာဆိုတော့ ကျွန်တော်တို့တစ်တွေ တဖြည်းဖြည်းနဲ့ စက်ပိုင်လယ်သမားအဆင့်ကို ရောက်သွားမှာ ဖြစ်ပါတယ်။

**ဦးကျော်မြင့်၊ အသင်းသားတောင်သူ၊ ဥတ္တရသီရိမြို့နယ်**

ဒီလယ်ယာသုံးစက်ကိရိယာတွေ ဝယ်ယူလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ အရင်က ခက်ခဲခဲ့တဲ့ ထယ်ထိုးခြင်းလုပ်ငန်းတွေကို စက်နဲ့လုပ်ကိုင်နိုင်တော့ အချိန်မီစိုက်ပျိုးနိုင်တဲ့ကိစ္စ



တွေ၊ အကျိုးအမြတ်တွေ ပိုမိုရရှိလာပါတယ်။ စက်ဝယ်ယူနိုင်ဖို့ ကိုယ့်မှာရှိတဲ့ ငွေထက် ကာလကြာရှည်စွာ အရစ်ကျစနစ်နဲ့ ရောင်းချပေးတဲ့အတွက် ကျွန်တော်တို့ ဝယ်ယူနိုင်ကာ အကျိုးရှိပါတယ်။ **(မြန်မာ့အလင်း)**

# လင်းဇင်းရေသောက်စနစ် စလင်းမြောင်းမကြီး လက်တံ(၃)သစ်သားရေတံလျှောက်ကို သန်း ၃၂၀ အကုန်အကျခံ၍ အသစ်ပြန်လည်တည်ဆောက်

**စလင်း စက်တင်ဘာ ၁၃**

ဆည်ရေသောက်စနစ်ကို အားပြု၍ စိုက်ပျိုးလုပ်ကိုင်နေသော စလင်းမြို့နယ် မကျီးပင်ပုကျေးရွာအုပ်စုရှိ တောင်သူများ စိုက်ပျိုးရေရရှိရန် အဓိကအားကိုးနေရသော လင်းဇင်းရေသောက်စနစ် စလင်းမြောင်းမကြီး လက်တံ(၃) သစ်သားရေတံလျှောက်မှာ ခံနိုင်ရည်အားနည်း၍ စိုက်ဧကများ လုံလောက်စွာ ရေမပေးနိုင်သဖြင့် နိုင်ငံတော်က ငွေကျပ် သန်း ၃၂၀ အကုန်အကျခံပြီး ခိုင်ခံ့သည့် စတီးလ်ရေတံလျှောက် အသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

စတီးလ်ရေတံလျှောက် အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် စလင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနက ဇွန်လမှစတင်ပြီး တာဝန်ယူအကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိရာ အလျား ပေ ၂၅၀၊ အမြင့် ၄၂ ပေ၊ အကျယ်လေးပေ၊ အမြင့် လေးပေရှိပြီး စလင်းမြောင်းမကြီးမှာ မိုးအဆက်မပြတ်ရွာသွန်း၍ မုန်းချောင်းရေလျှံနေချိန်တွင် ဆည်ရေမလွှတ်သဖြင့် ရေမရောက်ရှိဘဲ စတီးလ်ရေတံလျှောက် အသစ်လုပ်ရာတွင် အခက်ခဲမရှိ ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သောကြောင့် ယခုအခါတွင် ၅၀ ရာခိုင်နှုန်း အောင်မြင်ပြီးစီးကာ အောက်တိုဘာလတွင် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမည်ဖြစ်ကြောင်း စလင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယဦးစီး ဦးကျော်မင်းထွန်းက ပြောပြခဲ့သည်။

စိုက်ပျိုးလယ်ဧကများစွာ လုပ်ကိုင်နေသော အင်ပုတ်ကျေးရွာနေ တောင်သူ ဦးပေါက "အရင်နှစ်စပါးစိုက်ပျိုးချိန်က သစ်သားရေတံလျှောက်က ခွက်ဝင်နေတော့ စိုက်ခင်းတွေဆီ ရေရောက်အောင်မပို့နိုင်ဘဲ ဆည်ရေကို အားထားစိုက်ပျိုးသူတွေ မစိုက်ပျိုးနိုင်လို့ စိုက်ပျိုးရေးဘဏ်ကချေးထားတဲ့ငွေတွေ ပြန်သွင်းဖို့ အခက်အခဲတွေနဲ့ ရင်ဆိုင်လိုက်ရသေးတယ်။ ဒီကြားထဲမိုးခေါင်တော့ ပိုဆိုးတယ်။ အထက်ရေအရင်းအမြစ်ကသူတွေကလည်း ပိတ်ဆို့ထားတာတွေလုပ်တော့ ဘာမှကိုမစိုက်ပျိုးနိုင်ကြဘူး။ ကျွန်တော်က လယ်ဧကများတော့ ကိုယ်ပိုင်ရေစုပ်စက်ဝယ်ပြီး ရင်းနှီးမတည်ထားတာ မှန်မှန်နှစ်သီးတော့ စိုက်ပျိုးလုပ်ကိုင်နိုင်ပါတယ်။ တခြားတောင်သူတွေကတော့ သစ်သားရေတံလျှောက်ကရတဲ့ ဆည်ရေလေးနဲ့ စိုက်ပျိုးရသလောက် ဧကလေးတွေကို စိုက်ပျိုးနေကြတာပါ"ဟု ပြောပြသည်။



လင်းဇင်းဆည်ရေသောက်စနစ် စလင်းမြောင်းမကြီး လက်တံ(၃)မြောင်း သစ်သားရေတံလျှောက်မှ စိုက်ပျိုးရေကို အသုံးပြုရသော လယ်ဧကပေါင်း ၈၅၀ ခန့်ရှိရာ ရေတင်ခံနိုင်ရည်အားနည်း၍ စိုက်ပျိုးရေလုံလောက်စွာ မရရှိသော်လည်း ခိုင်ခံ့သည့် စတီးလ်ရေတံလျှောက် ဆောက်လုပ်ပြီးစီးသွားပါက စိုက်ဧကများကို ဆည်ရေလုံလောက်စွာ ပေးနိုင်တော့မည်ဖြစ်ကြောင်း စလင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

**ပိုင်ဇေ(မကွေး)**

# မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကျင်းပ



**တောင်ကြီး စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမ၌ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကြီး ထွန်းနိုင်က လူကုန်ကူးမှုဆိုင်ရာ ဥပဒေ၊ ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ရှမ်းပြည်နယ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့်ဧည့်သည်တော်ကြီးများနှင့် ပရိသတ်များက ခန်းမအတွင်း ခင်းကျင်းပြသထားသော လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(ဓါတ်ပုံ)**

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(တောင်ကြီး) ဒုတိယရဲမှူး မြင့်သိန်းက ကာယကံရှင်နှင့် ပြည်သူများက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် ယုံယုံကြည်ကြည် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပူးပေါင်းဆောင်ရွက်လာရန်အတွက် ပြည်သူလူထုအတွင်းမှာ လူကုန်ကူးမှု အသိပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပြည်မြို့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကျင်းပ

**ပြည် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်သည့် တတိယအကြိမ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲနှင့် ပြပွဲအခမ်းအနားကို ပြည်မြို့ သီရိခေတ္တရာ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုရဲမှူးကြီး အောင်သက်နိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူ ၄၅ ဦးတို့ကို တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာနှင့် ပြည်ခရိုင်ရဲတပ်ဖွဲ့မှ စွမ်းရည်မြှင့်တင်သင်တန်း၊ ပြည်သူ့အကျိုးပြုဆောင်ရွက်မှု၊ စွမ်းစွမ်းတမံ မှုခင်းဖော်ထုတ်ရရှိမှုတို့ကို ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ဗီနိုင်းပိုစတာများဖြင့် ခင်းကျင်းပြသထားရာ တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေဘေးသင့် ကလေးဒေသ၌ ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်ရန် သင်တန်းဖွင့်

**ကလေး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် ကလေးဒေသ၌ ပြန်လည်ထူထောင်ရေးကာလအတွင်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ကျရောက်စဉ် အရေးပေါ်အခြေအနေများတွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျန်းမာရေး စေတနာ့ဝန်ထမ်းများအား သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၂ ရက်က ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က အမှာစကားပြောကြားပြီး သင်တန်းကို စက်တင်ဘာ ၁၄ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ဆရာကြီးဦးသံဗျင်စာကြည့်တိုက် ပြိုကျပျက်စီး၊ ပြန်လည်ဆောက်လုပ်ရန် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ပညာရေးဝန်ကြီးဌာန အထူးအရာရှိ 'အ'သုံးလုံးစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့သူ ဆရာကြီးဦးသံဗျင်သည် သူ၏မွေးဇာတိ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် တွင်းလပ်ကျေးရွာတွင် ၁၉၉၀ ပြည့်နှစ်က ခနိမိုးထရံကာပေ ၃၀×၂၀ အကျယ် စာကြည့်တိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဇူလိုင်လနှင့် သြဂုတ်လများတွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံခဲ့ရာ စာကြည့်တိုက် ပျက်စီးပြိုကျခဲ့ပြီး ဆရာကြီးဦးသံဗျင်မိသားစုက မတည်ရန်ပုံငွေ ငွေကျပ်သိန်း၃၀ဖြင့် ၃၅×၂၀ ပေအကျယ်ရှိ RC တစ်ထပ် အဆောက်အအုံကို ပြီးခဲ့သည့်ရက်ပိုင်းက စတင်ဆောက်လုပ်လျက်ရှိသည်။

စာကြည့်တိုက် အဆောက်အအုံသစ်သည် ငွေကျပ် သိန်း ၉၀ ခန့် ကုန်ကြမည်ဖြစ်ရာ ပါဝင်ကူညီ လှူဒါန်းလိုသူများသည် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့် ဖုန်း-၀၉-၇၉၅၉၇၂၃၀၀၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် ဖုန်း-၀၉-၄၂၀၇၂၁၁၃၊ ၀၉-၄၉၃၀၅၅၉၇ အမှတ် ၄၀၀ ဇာနည် ၁၀ လမ်း (၉) ရပ်ကွက် တောင်ဥက္ကလာပတို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိန်ရွှေလှိုင်**

# မြောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းမှု ဆက်လက်ဖြစ်ပေါ်မည်

**နေပြည်တော် စက်တင်ဘာ ၁၃**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်သည်။

**(မိုး/ဇလ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆင့်ပွားသင်တန်းဖွင့်

**ညောင်လေးပင် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မြစိမ်းရောင်ရန်ပုံငွေ စီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းရေးသွင်းခြင်း ဆင့်ပွားသင်တန်း (၁/၂၀၁၅)ဖွင့်ပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရည်ရွယ်ချက် ငါးရပ်တို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်က မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းသားများ အနေဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၃**

တရုတ်(တိုင်ပေ)တွင် Int'l Cooperation & Development fund (ICDF) အရ စက်တင်ဘာ ၁၀ ရက်မှ ၂၃ ရက်အထိ ကျင်းပသည့် "Workshop on Talwon's Experience of SME Development (ASEAN) " သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်ဖြူဖြူမြင့်နိုင်သည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

✻ *ကျော်ဖုံးမှ*

မထင်မှတ်ဘဲ ဂိုးပေးလိုက်ရပြီး အမီ ယိုဘီက မနောမြေအတွက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရ၍ ကမ္ဘောဇအသင်းမှာ ပိုလန်၊ ဉာဏလွင်တို့ကို ထည့်ကာ အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ကစားကွက်ပြန်မိလာခဲ့သည်။

ဂိုးပေးရပြီး ရှစ်မိနစ်အကြာတွင် ကမ္ဘောဇအသင်း ချေပဂိုးပြန်ရခဲ့ပြီး ကျော်ဇေယျာဝင်းက သွင်းယူခဲ့သည်။ သရေကျကာ နောက်ပိုင်းတွင် ကမ္ဘောဇအသင်း ကစားကွက်အသာရ သွားပြီး ၇၃ မိနစ်တွင် ဘာကာ၊ ၇၆ မိနစ်တွင် ပိုလန်တို့က အနိုင်ဂိုးများ သွင်းယူပေးခဲ့သည်။ ယခုပွဲအနိုင်ရလဒ်ကြောင့် ကမ္ဘောဇအသင်းသည် ဇယားထိပ်ပိုင်းမှ အသင်းများနှင့် အမှတ်ကွာဟမှုကျဉ်းမြောင်းခဲ့သည်။

**အောင်ဆန်းကွင်း**

ရန်ကုန်- နှစ်ဂိုး
ကျော်ကိုကိုနှင့် ဆီဇာ
ရခိုင်-တစ်ဂိုး
ပြည်မိုး

**သုဝဏ္ဏကွင်း**

ရတနာပုံ- တစ်ဂိုး
ရဲကိုဦး
မကွေး-တစ်ဂိုး
ဒီဂျမ်

**ညီမြတ်သော်တာ**
**ဓာတ်ပုံ - ဖိုးသော်ဇင်**



**ကမ္ဘောဇအသင်း မနောမြေဘက်သို့ ထိုးဖောက်နေစဉ်။**

❐ *ကျော်ဖုံးမှ*

မြန်မာအသင်းမှာ တတိယအဆင့် တက်ရောက်ရန် ခက်ခက်ခဲခဲ ကစားရမည်ဖြစ်သည်။

အဆိုပါခြေစစ်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၂၂ ရက်ထိကျင်းပမည် ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့် အတူ ထိုင်း၊ ဗီယက်နမ်၊ တရုတ် (တိုင်ပေ)နှင့် ဂျော်ဒန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အိမ်ရှင်မြန်မာ အသင်းနှင့်အတူ ဂျော်ဒန်၊ တရုတ် (တိုင်ပေ) အသင်းတို့မှာ ပထမ အဆင့်မှ တက်ရောက်လာခြင်းဖြစ်ပြီး ထိုင်းနှင့် ဗီယက်နမ်အသင်းတို့မှာ ယခုအဆင့်မှ စတင်ကစားရခြင်း လည်းဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၄ ရက်တွင် ဂျော်ဒန်၊ စက်တင်ဘာ ၁၆ ရက်တွင် ထိုင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ဗီယက်နမ်၊ စက်တင်ဘာ ၂၂ ရက်တွင် တရုတ်(တိုင်ပေ) အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲ အနေအထားအရ မြန်မာအသင်းမှာ တတိယအဆင့် ခြေစစ်ပွဲတက်ရောက်ရန် ထိုင်း၊ ဗီယက်နမ်တို့နှင့် အဓိကယှဉ်ပြိုင်ရ မည်ဖြစ်ပြီး တရုတ်(တိုင်ပေ) အသင်း ကိုလည်း လျှော့တွက်၍မရပေ။ မြန်မာအသင်းမှာ ဂျော်ဒန်အသင်းနှင့် စတင်ကစားရမည်ဖြစ်ရာ ယင်းပွဲတွင် အမှတ်ပြည့် ရရှိရန်လိုအပ်နေသည်။ ယင်းပွဲအပြီးတွင် ထိုင်း၊ ဗီယက်နမ် တို့နှင့် ဆက်တိုက်ကစားရမည်ဖြစ်၍ မြန်မာအသင်း၏ နောက်တစ်ဆင့် တက်ရေးအတွက် အရေးပါသည့် အဆုံးအဖြတ်ပွဲများ ဖြစ်နေသည်။

မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲယှဉ်ပြိုင်ရန်အတွက် အပြီးသတ် ကစားသမား ၁၉ ဦး ရွေးချယ်ခဲ့သော်လည်း ပြိုင်ပွဲဝင်တစ်သင်းလျှင် ဂိုးသမားသုံးဦးထားရှိရမည်ဖြစ်သောကြောင့် ဒဏ်ရာပြဿနာရှိနေသည့်ဂိုးသမား တစ်ဦးကိုပါ ထပ်မံရွေးချယ်ခဲ့သည်။ မြန်မာအမျိုးသမီး အသင်းသည် ခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ နန်ကျင်းမြို့၌ စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ လေ့ကျင့်မှုများပြုလုပ်ပြီး ခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ အမျိုးသမီးအသင်းသည် ဒုတိယ အဆင့် ခြေစစ်ပွဲအတွက် ဇွန်လကတည်းက ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး စန်းစန်းမော်၊ ရီရီဦး၊ သန်းသန်းထွေး စသည့် အမာခံကစားသမားများမှာ အပြီးသတ်ရွေးချယ်ရာတွင် ပါဝင်ခဲ့သော်လည်း ခြေဖနောင့်ဒဏ်ရာခွဲစိတ်ထားသည့် ခင်မာလာထွန်းမှာ ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်နိုင်ရန် မသေချာသေးပေ။

အိုလံပစ်ပြိုင်ပွဲဒုတိယအဆင့် ခြေစစ်ပွဲများအဖြစ် စက်တင်ဘာ ၁၄ ရက် ညနေ ၃ နာရီခွဲတွင် တရုတ် (တိုင်ပေ)နှင့် ဗီယက်နမ်၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင် မြန်မာနှင့် ဂျော်ဒန်၊ စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ဂျော်ဒန်နှင့် တရုတ် (တိုင်ပေ)၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ထိုင်း၊ စက်တင်ဘာ ၁၈ ရက် ညနေ ၃ နာရီခွဲတွင် ထိုင်းနှင့် ဂျော်ဒန်၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်၊ စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်နှင့် ဂျော်ဒန်၊ ညနေ ၆ နာရီခွဲတွင် တရုတ် (တိုင်ပေ)နှင့် ထိုင်း၊ စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီခွဲတွင် ထိုင်းနှင့် ဗီယက်နမ်၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် တရုတ်(တိုင်ပေ)တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါ်မြတ်မြတ်ဦး၊ **နည်းစနစ်အကြံပေး**-ဦးအေးမောင်ကြီး၊ **နည်းပြချုပ်**- ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ**-ဒေါ်စန်းစန်းသိန်း၊ **ဂိုးနည်းပြ**- ဦးကိုကိုအောင်၊ ကစားသမားများအဖြစ်၊ **ဂိုး**-မြဖူးငုံ၊ ခင်သီတာအေး၊ သန္တာဦး၊ **နောက်တန်း**- ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ အေးအေးမိုး၊ ဇာခြည်ဦး၊ **အလယ်တန်း**-စန်းစန်းမော်၊ သန်းသန်းထွေး၊ နော်အားလိုဝါးဖော၊ ခင်မိုးဝေ၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ ခင်မာလာထွန်း၊ **ရှေ့တန်း**-ရီရီဦး၊ ဝင်းသီဂီထွန်း၊ မေသူကျော်နှင့် လှယဉ်ဝင်းတို့ ပါဝင်ကြသည်။

## ဥရောပလိဂ်များ ဘောလုံးအနိုင်အရှုံး

(၁၃ - ၉ - ၂၀၁၅)

**အင်္ဂလိပ်ပရီမီယာလိဂ်**

**ပွဲစဉ်(၅)**

ဆန်းဒါးလန်း ၀ - ၁ စပါး

**ပြင်သစ်လီဂူး**

**ပွဲစဉ်(၅)**

အဂျက်စီယို ၀ -၁ မိုနာကို

**ဂျာမနီဘွန်ဒက်စ်လီဂါ**

**ပွဲစဉ်(၄)**

ဟော့ဖန်ဟိန်း ၁ - ၃ ဘရီမင်

**အီတလီစီးရီးအေ**

**ပွဲစဉ်(၃)**

ဗီရိုနာ ၂ - ၂ တိုရီနို
အမ်ပိုလီ ၂ - ၂ နပိုလီ
ပါလာမို ၂ - ၂ ကာပီ
ဆက်ဆူအိုလို ၂ - ၂ အတ္တလန္တာ

**စပိန်လာလီဂါ**

**ပွဲစဉ်(၃)**

ဂရင်နာဒါ ၁ - ၃ ဗီလာရီးရဲ
ဘီလ်ဘာအို ၃ - ၁ ဂီတာဖေး


အောင်မြင်ကျော်ကြားလူသိများသော ကုန်ပစ္စည်းအမှတ်တံဆိပ်များ စုံလင်စွာပါဝင်ပြသရောင်းချမည့်

တောင်ကြီးမြို့ (ကျောက်တိုင်အားကစားခန်းမ) 30-9-2015 မှ 4-10-2015 ထိ

သီတင်းကျွတ်အကြိုကုန်စည်ပြပွဲကြီး

မုံရွာမြို့ (မြို့တော်ခန်းမ) 14-10-2015 မှ 18-10-2015 ထိ

WINNER PH : 09 517 3076, 09 2500 58306, 09 250660119

## ရောင်းမည် (ညှိနှိုင်းဈေး)

မကြာမီဖွင့်လှစ်တော့မည့် မြန်မာ-ဂျပန် သီလဝါစက်မှုဇုန် အနီး၊ သန်လျင်လက်ယက်စမ်း (ထားမလုံ) ဥယျာဉ်ခြံမြေ ၀ ဒသမ ၃၃ ဧက (၇၅×၁၉၅)ပေ ပုံစံ(၇/၁၀၅) ထွက်ပြီး၊ အမည်ပေါက်၊ တစ်ထပ် B/N၊ ရေ၊ မီးစုံ၊ သံဆန်ကာ၊ အုတ်ခြံစည်းရိုးခတ်ပြီး၊ ဈေး/ကျောင်းနီး၊ လူနေ၊ လုပ်ငန်း သင့်လျော်၊ လမ်းမကျယ် လူနေရပ်ကွက်အလယ်တွင် ရှိပါ သည်။ (အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။)

**ဖုန်း-၀၉-၇၉၄၂၆၃၇၄၀၊ ၀၉-၂၅၀၁၇၃၂၆၁**

## ပဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

ကွတ်ခိုင်မြို့နယ်၏ ပဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ကွတ်ခိုင်မြို့၊ အထက ရွှေဂန္ဓမာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသက် (၆၁)နှစ်အထက် ရပ်နီး/ရပ်ဝေး ပင်စင်စားဆရာကြီး ဆရာမကြီးများအားလုံး ကန်တော့ခံ/အပူဇော်ခံ ကြွရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ သို့ဖြစ်ပါ၍ ကွတ်ခိုင်(အထက) ကျောင်းတွင် တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများမှ အောက်ဖော်ပြပါ ဆရာ ဆရာမများထံတွင် ဆက်သွယ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက် ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ရန်-**

ဆရာမကြီး ဒေါ်နန်းအေးတင့် ဖုန်း-၀၉-၂၅၆၆၄၇၇၇၄
ဆရာ ဦးနေလင်း ဖုန်း-၀၉-၄၀၃၇၁၁၇၅၁
ဦးယိုင်ထွန်း ဖုန်း-၀၉-၄၇၃၁၆၂၃၂
ဦးစိုင်းစံမြင့် ဖုန်း-၀၉-၄၀၃၇၀၁၆၀၀

**ဖြစ်မြောက်ရေးကော်မတီ**

## ပညာဒါန ဗေဒင်ပညာသင်တန်းဖွင့်မည်

မြန်မာနိုင်ငံ ဗေဒင်ပညာရှင်များအသင်းမှ ဖွင့်လှစ်သည့် ပညာဒါန ဗေဒင်ပညာသင်တန်း အပတ်စဉ်(၂၀)အား ၃-၁၀-၂၀၁၅ ရက်(စနေနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ သင်တန်း တက်ရောက်လိုသူများ အောက်ပါလိပ်စာတွင် စာရင်းပေးသွင်းနိုင်ပါသည်။ သင်တန်းဆင်း အောင်လက်မှတ်ချီးမြှင့်မည်ဖြစ်ပါသည်။

စာရင်းပေးသွင်းရန်လိပ်စာ-
ဆိုင်ခန်းအမှတ် ၅၀၊ အဆောင် ၄၊ သိမ်ကြီးဈေး(စီ)ရုံ၊ ပထမထပ်
(အနော်ရထာလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ဆုံရာ တံတားပေါ်အဝင်ပေါက်မှ ဝင်ရန်၊ ဓမ္မရောင်ခြည်အနီး)

အသေးစိတ်သိရှိလိုပါက-
ဆရာ ဦးအောင်ကိုဟန် ဖုန်း-၀၉-၄၂၁၁၃၃၆၇၉
ဆရာ ဦးအောင်ကျော်ဝင်း ဖုန်း-၀၉-၇၃၀၈၁၀၄၀
ဆရာမ ဒေါ်အေးအေးဝင်း ဖုန်း-၀၉-၄၂၅၃၄၇၄၉၇
ထံ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စံပါယ်လမ်း၊ အမှတ် ၇/ကဟုခေါ်တွင်သော လက်ရှိခြံစည်းရိုးကာရံထားသော မြေကွက် အကျယ်အဝန်းအတိုင်းအတာရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး တို့ကို မူလပိုင်ရှင်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဒေါ်အဲလီ ၁၂/အစန(နိုင်)၀၆၀၄၀၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကိုပေးချေပြီး အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီစလင်း (စဉ်-၉၆၈၅) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၇၅၆၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၉၃၁၁၅**

## ဝန်ထမ်းအမြန်အလိုရှိသည်

**Natural Clay Co., Ltd.**
**Email: humanresource @ naturalclaytile . com**
**ဖုန်း-၀၁-၆၀၀၁၆၇၊ ၀၉-၇၉၇၈၁၂၃၄၄**

Natural Clay သဘာဝမြေထည်ပစ္စည်းစက်ရုံနှင့် Japan Cartoon Box Manufacturing စက္ကူပုံးစက်ရုံ၊ မင်္ဂလာဒုံမြို့နယ် တွင် တာဝန်ထမ်းဆောင်ရန် ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံ စက်ရုံများ တွင် အလုပ်လုပ်ဖူးသော စက်မောင်းများနှင့် အခြားသောဝန်ထမ်းများ အမြန်ဆုံးလာရောက် လျှောက်ထားနိုင်ပါသည်။ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နှင့် မှော်ဘီမြို့နယ်အတွင်းနေထိုင်သူများကို ဦးစားပေး ခန့်ထားမည်။ ဖယ်ရီကြို/ပို့စီစဉ်ပေးမည်။ လိပ်စာ-(JCB) စက်ရုံ အမှတ် (၇၄/ခ)၊ ရွာဦးဘုန်းကြီးကျောင်းလမ်း၊ သံတံတားကျေးရွာ၊ မှော်ဘီမြို့နယ်၊ (Alpine စက်ရုံအနီး ရေအိုးစင်မှတ်တိုင်တွင်ဆင်းရန်)

## အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၃ ရပ်ကွက်၊ အောင်သပြေ ၁ လမ်း၊ အမှတ် ၅၇၊ မြေရှင် ဦးအေးချို ၁၂/မရက(နိုင်)၀၇၈၇၂၆ ပိုင်ဆိုင်သော (၄၀×၆၀) ပေ မြေကွက်ပေါ်တွင် အကျယ်အဝန်း (၁၆×၅၀)ပေ နှစ်ခန်းတွဲအာစီ သုံးထပ်ခွဲတိုက်သစ် ဆောက်လုပ်ရန်အတွက် မြေရှင်ဦးအေးချိုနှင့် ကန်ထရိုက်တာ ဦးကြည်သိန်း ၁၂/လမန(နိုင်) ၁၂၃၉၈၄ တို့၏ ၂၅-၁၂-၂၀၁၃ ရက်ပါ မြေရှင်၊ အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေး အခန်းယူနှင့် ငွေပေးငွေယူ ကန်ထရိုက်စနစ်ဖြင့် နှစ်ဦးသဘောတူချုပ်ဆိုထားသော ကတိ စာချုပ်အရ ကန်ထရိုက်တာ ဦးကြည်သိန်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော မြေညီထပ်တိုက်ခန်း အား ဒေါ်တင်နီလာဝင်း ၁၂/မရက(နိုင်)၁၆၉၅၇၄ မှ ၁၈-၃-၂၀၁၄ ရက်တွင် ကန်ထရိုက်တာအား ငွေကျပ်သိန်း ၂၁၅၀၀၀၀၀/- ဖြင့် အပြီးအပိုင်ရောင်းချရန် သဘောတူညီခဲ့ပြီး ဒေါ်တင်နီလာဝင်းမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်တင်နီလာဝင်းနှင့် ကန်ထရိုက်တာ ဦးကြည်သိန်းတို့၏ ၁၈-၃-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စာချုပ်ပါ စည်းကမ်းချက်များ အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အရေးဆိုခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများ၊ အထောက် အထားမူရင်းနှင့်အတူ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသော်ဇင်** | **ဦးစွမ်းထက်ပိုင်** |
| **LL.B (စဉ်-၃၁၈၅၄)** | **LL.B (စဉ်-၄၀၇၉၅)** |
| **ဖုန်း-၀၉-၄၃၀၆၄၂၈၁** | **ဖုန်း-၀၉-၄၃၀၉၄၆၇၂** |

**တိုက် ၁၄၊ အခန်း(B-1)၊ မဟာမြိုင်အိမ်ရာ၊ ၄၁ တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်**

# အသည်းရောင်အသားဝါ E ရောဂါ ကာကွယ်ပါ အပိုင်း(၁)

**ပါမောက္ခ ခင်မောင်ဝင်း(အသည်း)**

- အသည်းရောင်အသားဝါ E ရောဂါဟာ တစ်ကမ္ဘာလုံးမှာဖြစ်တဲ့ ရောဂါပါ။
- တစ်နှစ်မှာ အသည်းရောင်အသားဝါ E ရောဂါကူးစက်ခံရတဲ့လူဟာ သန်း၂၀လောက်ရှိပါတယ်။
- အဲဒီလို အသည်းရောင်အသားဝါ E ရောဂါပိုးကူးစက်ခံရတဲ့ သန်း၂၀ ထဲက ၃. ၄ သန်းလောက်ဟာ အသည်းရောင်အသားဝါ ရောဂါလက္ခဏာတွေ ဖြစ်ကြပါတယ်။
- ပြီးတော့ နှစ်စဉ် လူနာ ၇၀၀၀၀ လောက်ဟာ အသည်းရောင်အသားဝါ E ရောဂါကြောင့် သေကြပါတယ်။
- ကမ္ဘာပေါ်မှာ ပထမဆုံး အသည်းရောင်အသားဝါ E ရောဂါ ကပ်ရောဂါအသွင် ဖြစ်ခဲ့တာကတော့ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ၁၉၅၅ ခုနှစ်ကပါ။
- ဒုတိယ အသည်းရောင်အသားဝါ E ရောဂါ အများအပြား ဖြစ်ခဲ့တာကတော့ မြန်မာနိုင်ငံ မန္တလေးမြို့မှာ ၁၉၇၆ ခုနှစ်က ဖြစ်ခဲ့တဲ့ အီးပိုင်းရပ်စ်ကပ်ရောဂါကြီးပါ။

**အသည်းရောင်အသားဝါ E ရောဂါကို စတင်တွေ့ရှိပုံ**


- အသည်းရောင်အသားဝါ E ရောဂါ ဗိုင်းရပ်စ်ပိုးကို ရှာဖွေမတွေ့ခင်တုန်းကတော့ အေမဟုတ် ဘီမဟုတ် ရောဂါလို့ ခေါ်ပါတယ်။
- ၁၉၈၃ခုနှစ်မှာ ရုရှားနိုင်ငံ မော်စကိုမြို့က ဗိုင်းရပ်စ် သုတေသန ဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘလာရန်ဟာ အေမဟုတ် ဘီမဟုတ် အသည်းရောဂါတွေ ဖြစ်နေတဲ့ ကာဂျစ်စတန်ပြည်နယ်ကို သွားပြီး စုံစမ်းစစ်ဆေးမှုတွေ လုပ်ပါတယ်။
- ဒေါက်တာဘလာရန်ဟာ ကာဂျစ်စတန်ပြည်နယ်က အေ မဟုတ် ဘီ မဟုတ် အသည်းရောင်အသားဝါ ဖြစ်တဲ့ လူ ၁၀ ယောက်ရဲ့ မစင်တွေကို စုထားပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အေမဟုတ် ဘီမဟုတ် အသည်းရောင်အသားဝါရောဂါဟာ လူ့မစင်က ကူးစက်တဲ့ရောဂါလို့ ယူဆတဲ့အတွက် လူနာတွေရဲ့မစင်ဟာ အရေးကြီးတဲ့ အသည်းရောင်အသားဝါ E ရောဂါ သုတေသနပြုစရာ ပစ္စည်းတစ်ခုပါ။



ဒေါက်တာဘလာရန်ရဲ့ပုံ

- ဒါပေမယ့်လည်း ဒေါက်တာဘလာရန်ဟာ အဲဒီ အသည်းရောင်အသားဝါ E ရောဂါ လူနာတွေရဲ့ မစင်ကို သိမ်းထားဖို့ရာနဲ့ မော်စကိုကို ပြန်သယ်ဖို့ အအေးခံသေတ္တာတွေမရှိပဲ ဖြစ်နေပါတယ်။
- ခုနကပြောခဲ့သလို အသည်းရောင်အသားဝါ Eရောဂါ လူနာတွေရဲ့ မစင်တွေဟာ သိပ်ကိုအရေးကြီးတဲ့အတွက် အအေးမခံ၊ အအေးခန်းထဲမှာ သိမ်းမထားရင် ဗိုင်းရပ်စ်ပိုးတွေ ပျက်သွားမှာကို အဖြစ်မခံနိုင်ပါဘူး။
- အဲတော့ ဒေါက်တာ ဘလာရန်က ဘာလုပ်လိုက်လည်းဆိုတော့ အဲဒီအသည်းရောင်အသားဝါ E ရောဂါ လူနာတွေရဲ့မစင်တွေကို ရေနဲ့ရောမွှေပြီး သူကိုယ်တိုင်ပဲ သောက်လိုက်ပါတယ်။
- အဲဒီနောက်တော့ သူ မော်စကိုမြို့ကို ပြန်သွားပြီး သူသွားတဲ့ဝမ်းကို နေ့စဉ်ယူပြီး အဏုကြည့် အီလက်ထရွန် မှန်ဘီလူးနဲ့ ကြည့်ပါတယ်။
- နှစ်ပတ်လောက်ကြာတော့ E ပိုးရှိတဲ့လူတွေရဲ့ မစင်ကို သောက်ထားတဲ့ ဒေါက်တာဘလာရန်ဟာ အသားတွေ ဆီးတွေဝါလာပြီး အသည်းရောင်အသားဝါ ဖြစ်ပါတော့တယ်။
- အဲဒီနောက်တော့ ဒေါက်တာ ဘလာရန်ရဲ့ မစင်တွေကို မျောက်တွေကို အကြောဆေးထိုးပြီး စမ်းသပ်မှုတွေ လုပ်ပါတယ်။ မျောက်တွေလည်း အသားဝါဖြစ်ပါတော့တယ်။ အဲတော့မှ အသည်းရောင်အသားဝါ E ရောဂါဟာ မစင်ကနေတစ်ဆင့်ကူးတဲ့ ရောဂါတစ်ခုဆိုတာ သိပါတယ်။
- အဲဒီနောက် သုတေသနတွေဆက်လုပ်တော့မှ E ပိုးပါတဲ့ မစင်တွေပါတဲ့ အစားအသောက်ကတစ်ဆင့်ကူးတဲ့ အေမဟုတ် ဘီမဟုတ်၊ အသည်းရောင်အသားဝါဟာ နောက်ဆုံးတော့ အသည်းရောင်အသားဝါ E ရောဂါဆိုပြီး သိရှိလာတာပါ။
- မော်စကိုက ညွှန်ချုပ် ဒေါက်တာ ဘလာရန်ဟာ သတ္တိရှိရှိနဲ့ E ပိုးပါတဲ့ မစင်တွေကို သောက်ချလိုက်လို့ တွေ့ရှိလာတဲ့ အသည်းရောင်အသားဝါ Eရောဂါပါ။


E ပိုးပုံ



**အသည်းရောင်အသားဝါ E ရောဂါပိုး ဂျီနိုတိုက်အမျိုးအစားတွေ**

- **အမျိုးအစား ၁ နဲ့ ၂**
  - ဒီအမျိုးအစားနှစ်ခုကတော့ ကမ္ဘာအနှံ့အပြားမှာ တွေ့ရပါတယ်။
  - ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ တွေ့ရပါတယ်။
  - အဓိကအားဖြင့် ပိုးရှိတဲ့ မစင်တွေပါနေတဲ့ ရေနဲ့ အစားအသောက်ကတစ်ဆင့် ကူးစက်တာဖြစ်ပါတယ်။
- **အမျိုးအစား ၃ နဲ့ ၄**
  - ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာ တွေ့ရပါတယ်။
  - တိရစ္ဆာန်တွေကနေတစ်ဆင့် ကူးပါတယ်။
  - အသားစိမ်းတွေနဲ့ ထိလို့ကူးတာ။
  - တောဝက်၊ သမင်တွေကို တောလိုက်တာကနေ ကူးပါတယ်။ ဂျပန်နိုင်ငံနဲ့ ပြင်သစ်နိုင်ငံတွေမှာ ဖြစ်တာ တွေ့ရပါတယ်။

**E ရောဂါဂျီနိုတိုက်အမျိုးအစားတွေ ကမ္ဘာအနှံ့အပြားတွေ့ရပုံ**




**ကူးစက်ပုံ**

- သောက်ရေထဲကို E ပိုးပါတဲ့မစင် ဝင်သွားရင်
- အစားအသောက်တွေထဲမှာ E ပိုးပါသွားလို့
- E ပိုးရှိတဲ့ တိရစ္ဆာန်တွေရဲ့ အသားတွေ၊ သွေးတွေနဲ့ ထိလို့

**ရောဂါရှာဖွေပုံ**




- သွေးဖောက်ပြီး PCR နည်းနဲ့ ဒါမှမဟုတ် EIA နည်းနဲ့ စစ်ဆေးရင် E ပိုး ဟုတ်မဟုတ် သိရှိနိုင်ပါတယ်။

**မြန်မာပြည်နဲ့ အသည်းရောင်အသားဝါ E ရောဂါ**

**မန္တလေးမြို့**

- မြန်မာပြည်မှာ အသည်းရောင်အသားဝါ E ရောဂါဟာ ၁၉၇၆ ခုနှစ် မန္တလေးမြို့မှာ အကြီးအကျယ် ဖြစ်ပွားခဲ့ပါတယ်။
- မန္တလေးမြို့သောက်ရေပေးတဲ့ သင်္ဂဟချောင်းထဲကို ရွှေတချောင်းမြောင်းထဲက မသန့်တဲ့ ရေတွေဝင်သွားလို့ပါ။
- အစမှာတော့ အသည်းရောင်အသားဝါဖြစ်တဲ့သူတွေဟာ တစ်နေ့ကို ၂၀ကျော်လောက် မန္တလေးဆေးရုံကြီး ပြင်ပလူနာဌာနကို လာပါတယ်။
- တစ်နေ့ကို အသားဝါလူနာ ၂၀ ကျော်လောက် လာနေကတည်းက ကျွန်တော့်ရဲ့ ဆရာမကြီး မန္တလေးဆေးရုံကြီး ဖျားနာဆောင် (၂)က ပါမောက္ခ ဒေါ်မြင့်မြင့်ခင်ကနေပြီး ကျန်းမာရေးဦးစီးဌာန ကူးစက်ရောဂါအဖွဲ့ကို အစီရင်ခံခဲ့ပါတယ်။ ဒါပေမယ့် ရန်ကုန် ဗဟိုကူးစက်အဖွဲ့က ဒါကနှစ်စဉ်ဖြစ်နေကြတာပဲ ထင်ပါရဲ့ဆိုပြီး ဂရုတစိုက် မန္တလေးကိုလာပြီး စူးစမ်းမှုတွေ မလုပ်ပါဘူး။
- နောက်တော့ နေ့စဉ် ၃၀-၄၀ ကနေ တစ်နေ့ ၁၀၀ ကျော်လာပါတယ်။
- အဲဒီကနေ အသားဝါဖြစ်တဲ့လူနာ စုစုပေါင်း ၄၀၀၀၀ ကျော် ဖြစ်သွားပါတယ်။ အဲဒီအချိန်မှာ ဗဟိုကူးစက်အဖွဲ့ရောက်လာတော့ တစ်မြို့လုံးဖြစ်နေပြီဆိုတော့ ဘယ်လိုမှ ကူးစက်ပုံရှာလို့မရတော့ပါ။

**ရန်ကုန်မြို့**

- ရန်ကုန်မြို့မှာ အသည်းရောင်အသားဝါ E ရောဂါကပ်ရောဂါအသွင် အကြီးအကျယ် နှစ်ကြိမ်ဖြစ်ခဲ့ပါတယ်။
- ပထမအကြိမ်ကတော့ ၁၉၈၂ ခုနှစ်မှာပါ။ ဘယ်လိုက ဘယ်လိုဖြစ်တာတော့ သေချာမသိပါ။ ဒါပေမယ့် ရန်ကုန်မြို့ရေပေးရေး စနစ်ထဲကို မစင်ပါတဲ့ရေတွေ ဝင်သွားလို့ပေါ့။
- ဒုတိယအကြိမ် E ရောဂါ ဖြစ်သွားတာကတော့ ၁၉၈၈ ခုနှစ်မှာပါ။ ဒီတစ်ခါဖြစ်တာကတော့ တစ်မြို့လုံးကို မကျန်ပါဘူး။
- ကြည့်မြင်တိုင် ဒေသကောလိပ်ထဲမှာ တပ်ခွဲထားတဲ့ တပ်မတော်သားတွေ အကုန်လုံး ဖြစ်တာပါ။ နောက်ထပ် တပ်အသစ်ထည့်တော့လဲ နောက်တပ်မတော်သားတွေ အကုန်လုံးနီးပါး အသားဝါဖြစ်သွားတာပါ။ အဲတော့မှ အမှတ်(၂)စစ်ဆေးရုံက ပါရဂူ ဗိုလ်မှူးကြီး အောင်ကျော်ဇောနဲ့ ကျွန်တော် သွားရောက်စစ်ဆေးတဲ့အခါမှာ ကြည့်မြင်တိုင် ဒေသကောလိပ်ထဲကိုဝင်တဲ့ လေးလက်မ ဂျီးဖြူပိုက်ပေါ်မှာခွပြီး အိမ်သာရှစ်လုံး ဆောက်တာကို တွေ့ရပါတယ်။ နှစ်ကြာလာတော့ အဲဒီရေပိုက်လိုင်းတွေပေါက်ပြီး မစင်ရေတွေ ဝင်လို့ Eရောဂါတွေ ဖြစ်တာပါ။ အဲဒီလို ပေါက်နေတဲ့ ဂျီးဖြူပိုက်လိုင်းက ရေကိုမယူဘဲ သောက်ရေသန့်ကားတွေနဲ့ သောက်ရေဖြန့်ဝေပေးလိုက်တဲ့အခါမှာ အသည်းရောင်အသားဝါဖြစ်နှုန်းက လုံးဝကျသွားပါတယ်။

**မော်လမြိုင်မြို့**

၁၉၈၂ ခုနှစ်မှာ မော်လမြိုင်မြို့မှာလည်း အသည်းရောင်အသားဝါ E ရောဂါ အသေးစားလေးတစ်ခု ဖြစ်ခဲ့ပါတယ်။

(နောက်အပတ်မှာ E ရောဂါအကြောင်း ဆက်လက်ရေးသွားပါမယ်။)

## ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး



**မူဆယ် စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စွာပြုလုပ်နိုင်ရေးအတွက် စက်တင်ဘာ ၁၁ ရက်က ညှိနှိုင်းဆွေးနွေးပွဲကို မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလုံခြုံရေးအတွက် အထူးရဲများခန့်အပ်ထားပြီးဖြစ်၍ ၎င်းတပ်ဖွဲ့ဝင်များဆောင်ရွက်ရမည့် တာဝန်သိစေရေးအတွက် အထူးရဲသင်တန်းများ ပို့ချသွားမည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲအကြိုကာလအတွင်း မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် လက်ရှိတပ်ဖွဲ့ဝင်အင်အားဖြင့် စနစ်တကျဖွဲ့စည်း တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးက ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သန့်ဇင်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၅၃/၂၀၁၅)ဆင်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၅၃/၂၀၁၅) ဆင်းပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ၆၆ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြားရှိ အဆိုပါ ရဲအရာရှိအတတ်သင်ကျောင်းသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ရဲအရာရှိ အတတ်သင်ကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီးမင်းအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် အကောင်းဆုံးကျောင်းသားဆုနှင့် ရဲကျင့်ဝတ်ဘာသာရပ် ထူးချွန်ဆုရ ဒုရဲမှူးတင်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား ဒုရဲမှူးတစ်ဦးက လက်ခံယူကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၁၃**

လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို စက်တင်ဘာလ ဒုတိယပတ်က စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်း သည်။ အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့်အဖွဲ့ဝင် ဦးခင်မောင်လေးတို့က လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ၊ ဥပဒေများနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၅)နှင့် အဆောက်အအုံစည်းမျဉ်းများရှင်းလင်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းဖြင့် တည်ဆောက်မည့် တည်ဆောက်ရေးလုပ်ငန်းများကို စိစစ်ခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တည်ဆောက်ရေးကော်မတီဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၅) နှင့် မြန်မာနိုင်ငံ အဆောက်အအုံ စည်းမျဉ်းများ ရှင်းလင်းခြင်း အခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီကလည်း ဘဏ္ဍာရေးနှစ်၏ နောက်ဆုံးလဖြစ်သည့် မတ်လအထိသာ ခန့်မှန်းခြေစာရင်းများကို စိစစ်သွားမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီတို့ အနေဖြင့် ကိုယ်စီလုပ်ငန်းတာဝန်များကို အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများက တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးရန်နှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ အချိန်မီပေးပို့ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ အကောင်အထည်ဖော်ရေးကော်မတီကဦးဆောင်ပြီး ရေးဆွဲထားသော မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူပြီး မြန်မာတစ်နိုင်ငံလုံးကျင့်သုံးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် UN-Habitat မှCo-untry Programme Manager Mr. Bijay Karmacharya က မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။ **(သတင်းစဉ်)**

# မိုင်းယောင်းမြို့၌ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲဆိုင်ရာစည်းဝေး

**မိုင်းယောင်း စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲလုပ်ငန်းများဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၀ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံသိန်းက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်ဇော်ဇော်အောင်က ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ဖီးကုန်းမြို့၌ ကျေးရွာချင်းဆက် မြေသားလမ်းကို ပြန်လည်ပြုပြင်

**ဖီးကုန်း စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဖီးကုန်းမြို့နယ် သစ်နဖားအုပ်စု သစ်နဖားကျေးရွာနှင့် ရေအိုးစင်ကုန်းကျေးရွာချင်းဆက်လမ်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၀ သိန်း၊ ရေအိုးစင်ကုန်းဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောဏ္ဍနှင့် ဒါယကာ ဒါယိကာမများ၊ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်၊ မြို့အထောက်အကူပြုအဖွဲ့က ဦးဆောင်မှုဖြင့် ယခင်မြေသားလမ်းကို မြေနီဂဝံခင်းပေးခြင်း၊ ကျေးရွာချင်းဆက်လမ်းကို ပြည်သူများ၏ စုပေါင်းကူညီမှုကြောင့် သစ်ဖြူကွင်း၊ အုပ်ဖို၊ သစ်နဖားပင်၊ ရေအိုးစင်ကုန်း ၊ သစ်နဖားကျေးရွာများသို့ အလွယ်တကူ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သိန်းတိုး(ဖီးကုန်း)**

# ရေဘေးသင့်ပျက်စီးခဲ့သည့် ကျောင်းရှစ်ကျောင်းကို အသစ်ပြန်လည်ဆောက်လုပ်မည်

**ကလေး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေး၊တမူးဒေသများ၌ ရေဘေးကြောင့် ပျက်စီးခဲ့သော စာသင်ကျောင်း ရှစ်ကျောင်းကို အမြန်ဆုံးအသစ်ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်လကုန်ပိုင်းက ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ကလေးမြို့နယ်တွင် မော်လိုက်ကလေး(တောင်ရွာ) အလကခွဲကျောင်း၊ နတ်နန်းရွာ အမက၊ နန်းစောင်းပုရွာ အလကခွဲကျောင်း၊ သဖန်းအိုင်ရွာ အလကခွဲ၊ နန်းကျင်းဆောင်ရွာ အလကခွဲ၊ တမူးမြို့နယ်တွင် မင်းသမီးရွာ အလကခွဲ၊ ပွတ်သာရွာနှင့် အလှော်ရွာမူလတန်းလွန်ကျောင်းများကို အသစ်ပြန်လည်တည်ဆောက်ပေးသွားရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က တမူးမြို့သို့ ရောက်ရှိစဉ်က ပြောကြားသွားခဲ့ကြောင်း သိရသည်။

"တမူးမြို့ကို သမ္မတကြီး ရောက်လာစဉ်ကာလကရော၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရောက်လာစဉ်ကာလကပါ ကျောင်းအသစ်ဆောက်လုပ်ပေးဖို့ ပြောကြားသွားပါတယ်။ ကျွန်တော်တို့ မင်းသမီးရွာကျောင်းကတော့ ထက်ဝက်လောက် ရွှံ့နွံအောက်နစ်မြုပ် ပျက်စီးသွားတာဖြစ်ပါတယ်"ဟု မင်းသမီးကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။

ကလေးဒေသမှ ရေဘေးသင့်ကျောင်း ငါးကျောင်းနှင့် တမူးဒေသမှ ရေဘေးသင့်ကျောင်း သုံးကျောင်းကို ကျပ်သန်း ၁၀၀ တန်ဖိုးရှိ ၁၄၀×၃၀ ပေ အာရ်စီနှစ်ထပ်ကျောင်းဆောင်များအဖြစ် ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး တမူးမြို့နယ် အလှော်ကျေးရွာမှ မူလတန်းလွန်ကျောင်းကို ၁၀၀×၃၀ ပေ အကျယ်အဝန်းရှိ ကျောင်းအဆောက်အအုံ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးနှင့် တမူးဒေသအတွင်း ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရသည့် ကျေးရွာများအနက် ၁၅ ရွာမှာ လုံးဝနေထိုင်၍မရသော အနေအထားဖြစ်သည့်အတွက် ရွာလုံးကျွတ်ပြောင်းရွှေ့ရမည်ဖြစ်ကြောင်းလည်း ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်သည့်သတင်းများအရ သိရသည်။

**သျှင်သူရိယ**



ရွှံ့နွံများနစ်မြုပ်နေဆဲဖြစ်သော မင်းသမီးကျေးရွာ စာသင်ကျောင်း။

# တိုင်ထောင်စနစ်ဖြင့် ခရမ်းချဉ်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ

**မင်းဘူး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ ကျေးရွာများဖြစ်သော ကျောက်တန်း၊ ရေမြက်၊ ပေါက်ပင်တွင်းနှင့် ရေတွင်းကုန်းကျေးရွာများမှ တောင်သူများအနေဖြင့် ခရမ်းချဉ်စိုက်ပျိုးရေးကို လုပ်ကိုင်ရာတွင် ရိုးရိုးစိုက်ပျိုးခြင်းထက် တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးခြင်းက ရာသီဥတုဒဏ်ကို ပိုမိုခံနိုင်ပြီး အထွက်နှုန်းလည်း ပိုမိုကောင်းမွန်သဖြင့် ပိုမိုတွက်ခြေကိုက်ပြီး တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မနှစ်က ခရမ်းချဉ်ကို ဒီအတိုင်း စိုက်ခဲ့ကြတယ်။ အပင်ဖြစ်ထွန်းတာပဲရှိတယ်။ အသီးကျတော့သေးတယ်။ ဈေးလည်းအရ နည်းတယ်။ မနှစ်ကစပြီး စိုက်ပျိုးရေးပညာရှင်တွေရဲ့ နည်းပေးတဲ့အတိုင်း တိုင်ထောင်စနစ်နဲ့ စိုက်ပျိုးကြည့်တယ်။ ပျိုးထောင်ရက် နှစ်ဆယ့်ငါးရက်ဆို ခွဲစိုက်တယ်။ ခရမ်းချဉ်မျိုးစေ့ကို မင်းဘူးမြို့က ဝယ်တယ်။ စိုက်နည်းပျိုးနည်းကိုလည်း နားလည်အောင် စနစ်တကျရှင်းပြပေးတယ်။ ရေတွင်းတူးပြီး ရေစုပ်စက်နဲ့ ရေသွင်းပေးတယ်။ နှစ်ရက်ခြားတစ်ခါ ဆွတ်ရတယ်။ တစ်ခါဆွတ်ရင် အချိန်နှစ်ရာလောက်ရတယ်။ စိုက်ခင်းထဲမှာကို တစ်ပိဿာ ရှစ်ရာကျပ်ကနေ တစ်ထောင့်နှစ်ရာကျပ်အထိ ရောင်းရတယ်"ဟု ရေတွင်းကုန်းကျေးရွာမှ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။

ခရမ်းချဉ်စိုက်ပျိုးခြင်းမှာ အရင်းအနှီးနည်းသည့်အပြင် ဝင်ငွေလည်း လျင်မြန်စွာရရှိကြောင်း၊ ယခင်နှစ်များက ခရမ်းချဉ်စိုက်ရာတွင် ရိုးရိုးစိုက်ပျိုးခြင်းကြောင့် အပင်ဖြစ်ထွန်းသော်လည်း အသီးထွက်မှုနည်းကြောင်း၊ တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးခြင်းက အပင်ဖြစ်အား ပိုမိုကောင်းမွန်သည့်အပြင် အသီးထွားပြီး ဈေးကောင်းလည်းရရှိကြောင်း သိရသည်။ ခရမ်းချဉ်စိုက် တောင်သူများမှာ မိုးရာသီနှင့် ဆောင်းရာသီတွင် အဓိကစိုက်ပျိုးကြသည်။

**ဇွဲထက်ရှင်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**တာချီလိတ် စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများသို့ မြစိမ်းရောင်ရန်ပုံငွေနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပသည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ ၁၂ ရွာအတွက် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ရန်ပုံငွေ ကျပ်သိန်း ၃၆၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်ဝင်းမောင်က မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာချီလိတ်၊ တာလေနှင့် ကျိုင်းလပ်မြို့နယ်များမှ ကာန၊ ရန်းခေါင်၊ လွယ်စတုံ(အောက်)၊ ရန်ကင်း(၁၊၂)၊ နမ့်ကိုင်း ၊ နမ့်ငေါ့ ၊ နမ့်ဆီး(လားဟူ၊အာခါ)၊ နမ့်ဝမ်း(၁၊၂)၊ ဝမ်ယန်း-ဝမ်လန်း၊ ပါနွှန်-ကျက၊ ဝမ်ပုံနှင့် ပန်ပဲ(အထက်၊အောက်)ကျေးရွာများသို့ မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**



## C-Band IPSTAR သုံးသူများ ဂြိုဟ်တုပြောင်းလဲ၍ အသုံးပြုရမည်

**ရန်ကုန် စက်တင်ဘာ ၁၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လက်ရှိဝန်ဆောင်မှုပေးနေသော Thaicom-5 ဂြိုဟ်တု အသုံးပြုခြင်းကို စက်တင်ဘာ ၁၅ ရက်တွင် ရပ်ဆိုင်းပြီး Thaicom-7 ဂြိုဟ်တုဖြင့် ပြောင်းလဲဝန်ဆောင်မှုပေးမည်ဖြစ်ရာ ဂြိုဟ်တု မပြောင်းရွှေ့ရသေးသော C-Band IPSTAR စခန်းများမှာ ဆက်သွယ်မှု ပြတ်တောက် သွားမည်ဖြစ်၍ အသုံးပြုသူများအနေဖြင့် Thaicom-7 ဂြိုဟ်တုသို့ ပြောင်းရွှေ့အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။

C-Band IPSTAR သုံးစွဲသူများအနေဖြင့် အရည်အသွေးပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်ရန်အတွက် ဂြိုဟ်တုပြောင်းရွှေ့ ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်း၊ ဂြိုဟ်တုပြောင်းရွှေ့အသုံးပြုရန်(Migration)အတွက် C-Band IPSTAR သုံးနေသူများအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဖုန်း ၀၁ ၆၅၃၃၃၉၆၊ ၆၅၃၃၃၉၇၊ ၅၄၂၁၀၈ နှင့် ၅၅၂၂၁၉ တို့သို့ ဆက်သွယ်၍ ဆောင်ရွက်နိုင်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် C-Band IPSTAR စနစ်ပိုမိုကောင်းမွန်ရေးအတွက် ဂြိုဟ်တုငှားရမ်းအသုံးပြုထားသော Thaicom Company နှင့် ညှိနှိုင်းချက်အရ Thaicom-5 ဂြိုဟ်တုမှ ဂြိုဟ်တုအသစ်ဖြစ်သော Thaicom-7 သို့ ပြောင်းလဲမည်ဖြစ်ကြောင်းနှင့် C-Band IPSTAR ဂြိုဟ်တု စလောင်းများကို ပြောင်းလဲချိန်ညှိခြင်း၊ Outdoor Unit အသစ် လဲလှယ်တပ်ဆင်ခြင်းများကို အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မတ်လအတွင်းက စတင်ကြေညာခဲ့ကာ ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## မူလတန်းလွန်ကျောင်းလေးကျောင်းကို အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**မြင်းခြံ စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်အတွင်းမှ မူလတန်းလွန်ကျောင်းလေးကျောင်းကို အလယ်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ စက်တင်ဘာ ၁၁ရက် က ကျင်းပခဲ့သည်။

မြင်းခြံမြို့ရှိ မူလွန်ကျောင်းများဖြစ်သော အမှတ်(၄)ရပ်ကွက်ကျောင်း ၊ အမှတ်(၆)ရပ်ကွက် အလင်းရောင်ကျောင်း၊ အမှတ်(၁၉)ရပ်ကွက်ကျောင်းနှင့် အမှတ်(၂)ရပ်ကွက်ကျောင်းများကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်ကို မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းနှင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်လှမြင့်တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူးက မြို့နယ်အတွင်းရှိကျောင်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များ ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

မြင်းခြံမြို့တွင် အခြေခံပညာကျောင်းပေါင်း ၁၉၃ ကျောင်းရှိပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက်ရောက်သင်ကြားနေသော ကျောင်းသားကျောင်းသူပေါင်း လေးသောင်းနီးပါးရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## ရေကြီးမှုကြောင့်ပျက်စီးခဲ့သည့် ကျေးလက်လမ်းများကို အမြန်ဆုံးပြန်လည်ပြုပြင်မည်

**ကလေး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများကြောင့် ကြီးမားစွာပျက်စီးသွားသည့် ကျေးရွာချင်းဆက်လမ်းများကို အမြန်ဆုံးပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပျက်စီးသွားသည့်လမ်းများကို အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်တွင် တင်ပြတောင်းဆိုခဲ့ကြောင်း၊ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အမြန်ဆုံးပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

"အခုလာမယ့်လမှာ စတင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လုပ်ကိုင်မယ့်ကုမ္ပဏီကို တင်ဒါခေါ် လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းက လုပ်ကိုင်ထားတဲ့ လမ်းတံတားတွေက ရေကြီးရေလျှံတာကြောင့် အားလုံးပျက်စီးသွားတာဖြစ်ပါတယ်။ အခုလာမယ့်ပွင့်လင်းရာသီမှာ အပြီးဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

ရေကြီးရေလျှံမှုကြောင့် ကြီးမားစွာပျက်စီးသွားခဲ့သည့် ကျေးရွာချင်းဆက်လမ်းများအား ပြန်လည်ပြုပြင်ရန် နိုင်ငံတော်အစိုးရမှ ဘဏ္ဍာငွေရရှိမှုမှာ ပျဉ်းတောဦး-နတ်တံခါးလမ်း ၁၄ မိုင်အတွက် ကျပ်သန်း ၃၀၀၊ ဆည်တော်ဦး-သဖန်းအိုင်-ဖောင်ကူးလမ်း ၄ မိုင်အတွက် ကျပ်သန်း ၄၀၊ ထိုမာ-ပေါက်တောလမ်း ၂ မိုင် ၆ ဖာလုံအတွက် ကျပ် ၃၆ ဒသမ ၈ သန်း၊ အင်တိုင်းကုန်း-စက္ကန့်လမ်း ၁ မိုင် ၄ ဖာလုံအတွက် ကျပ် ၂၀ ဒသမ ၁ သန်း၊ ပျဉ်းတောဦး-နန်းစောင်းပု ၁ မိုင် ၄ ဖာလုံအတွက် ကျပ် ၂၀ ဒသမ ၁ သန်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။

**သျှင်သူရိယ**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကျင်းပ

**မော်လူး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအင်းတော်မြို့နယ် မော်လူးအခြေခံပညာ အထက်တန်းကျောင်း သရဖီခန်းမဆောင်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြိုဟောပြောပွဲကို စက်တင်ဘာ ၁၀ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌဦးတင်ရွှေတို့က အမှာစကားပြောကြားပြီး တိုက်နယ်ဆရာဝန် ဒေါက်တာလာမာမီးနှင့် အမျိုးသမီးရေးရာအဖွဲ့မှ ဘဏ္ဍာရေးမှူး ဒေါ်ခင်မာချိုတို့က လူကုန်ကူးခံရခြင်းဆိုင်ရာ အကြောင်းရင်းများ၊ လူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးမှုကာကွယ်ရေးအတွက် ဆောင်ရန်ရှောင်ရန်များ၊ သိကောင်းစရာများကို အသေးစိတ်ဟောပြောခဲ့သည်။

ထို့နောက် နဝမတန်းကျောင်းသားကျောင်းသူများက လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးတေးသရုပ်ဖော်ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်လူးအုပ်စုအုပ်ချုပ်ရေးမှူးဦးဝင်းစိန်နှင့် အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့သည်။

**(၁၄၉)**

## ၂၀၁၆ အိုလံပစ်ခြေစစ်ပွဲဝင် မြန်မာအမျိုးသမီးဘောလုံးအသင်း မန္တလေးဗထူးကွင်း၌ လေ့ကျင့်လျက်ရှိ



**မန္တလေး စက်တင်ဘာ ၁၃**

၂၀၁၆ အိုလံပစ် အမျိုးသမီးဘောလုံးခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့အမျိုးသမီးဘောလုံးအသင်းသည် မန္တလေးဗထူးကွင်း၌ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ခြေစစ်ပွဲ(ဒုတိယအဆင့်)ပွဲစဉ်များကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိဘောလုံးကွင်း၌ စက်တင်ဘာ ၁၄ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ အိမ်ရှင်မြန်မာအမျိုးသမီးဘောလုံးအသင်းအပါအဝင် ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)နှင့် ဂျော်ဒန်နိုင်ငံအသင်းများ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးအသင်းတစ်သင်းသာ တတိယအဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

"ကျွန်တော်တို့အသင်းက (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအပြီး နှစ်ပတ်သာအနားယူခဲ့ပြီး ဆက်လက်စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှ ကစားသမားများကို အမာခံရွေးချယ်ထားပြီး လူငယ်အားကစားသမားငါးဦးကို အားဖြည့်ထားပါတယ်။ ကစားသမားနှစ်ဆယ်နဲ့ ဖွဲ့စည်းထားပါတယ်။ အခုပွဲမှာ ဂိုးသမားသုံးဦးထားရှိရမယ့် စည်းကမ်းပါရှိပါတယ်။ စက်တင်ဘာ ၁ရက်မှ ၈ရက်အထိ တရုတ်နိုင်ငံ နန်ကျင်းမြို့မှာ ခြေစမ်းပွဲသုံးပွဲ ကစားခဲ့ရာ နှစ်ပွဲနိုင်တစ်ပွဲရှုံးခဲ့ပါတယ်။ အသင်းကို နည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြ ဒေါ်စန်းစန်းသိန်းနဲ့ ဂိုးနည်းပြ ဦးကိုကိုအောင်တို့က တာဝန်ယူလေ့ကျင့်ပေးနေပါတယ်။ ကစားသမားအားလုံး ဒဏ်ရာရရှိမှုမရှိပါဘူး။ အောင်မြင်အောင် ကြိုးစားကစားသွားမှာပါ" ဟု မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း နည်းစနစ်ဒါရိုက်တာဦးအေးမောင်ကြီးက ပြောကြားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် စက်တင်ဘာ ၁၁ ရက်က မန္တလေးမြို့ ဗထူးဘောလုံးအားကစားကွင်း၌ ကွင်းဆင်းလေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရာတွင် တရုတ်နိုင်ငံ လေ့ကျင့်ရေးစခန်းမှ ပြန်လည်ရောက်ရှိလာစဖြစ်သဖြင့် အကြောလျှော့လေ့ကျင့်ခန်းနှင့် အပေါ့စား လေ့ကျင့်ခန်းများသာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သက်ကြီးဘိုးဘွားများ ထောက်ပံ့ကူညီရေး ဆောင်ရွက်ကြစို့မနေး

**လူမှု/ကယ်ဆယ်**

ကမ္ဘာနှင့်အဝန်း လူဦးရေအချိုးအစားပြောင်းလဲလာမှုနှင့်အတူ သက်ကြီးရွယ်အို ဘိုးဘွားများကို ထောက်ပံ့ကူညီမှုများပြုရန် ပိုမိုလိုအပ်လာသည်။ ၂၀၀၈ခုနှစ်မှစ၍ အစားအစာ၊ လောင်စာ၊ တုပ်ကွေးနှင့် ငွေကြေးအကြပ်အတည်းများ တစ်ပြိုင်တည်းဖြစ်ပွားမှုကြောင့် လူသန်းပေါင်းများစွာကို စီးပွားရေးနှင့် လူမှုရေးအခက်အခဲများ ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် သဘာဝဘေးနှင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုဖြစ်စဉ်များက ရေနစ်သူဝါးကူထိုးသည့်နှယ် ဘေးဒုက္ခကျရောက်သူတို့ကို ပိုမိုနစ်မွန်းစေသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများကို အသက်အိုးအိမ်ပျက်စီးဆုံးရှုံးစေပြီး အရင်းအမြစ်များနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ထိခိုက်ပျက်စီးစေခဲ့သည်။ ထိုပျက်စီးဆုံးရှုံးမှုများ၏ အကျိုးသက်ရောက်မှုများက လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ကြရန် စေ့ဆော်ပေးခဲ့သည်။

ဤသို့ဖြင့် လူမှုကာကွယ်စောင့်ရှောက်မှုပြုရေးကိစ္စ (Social Protection)သည် နိုင်ငံတကာတွင် ယခင်ကထက်အရေးပါသော ကိစ္စတစ်ရပ်ဖြစ်လာသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအဖို့ လူမှုဝန်ထမ်းနှင့် လူမှုဖူလုံရေးမူဝါဒများကို မဖြစ်မနေပြုပြင်ပြောင်းလဲရန် လိုအပ်လာသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်၌ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အတန်အသင့် ခရီးပေါက်ခဲ့ပြီ ဖြစ်သည်။ ၂၀၁၂ခုနှစ် ဇွန်လ ၂၅ ရက်က အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေး ဖိုရမ်ဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော်၌ ကျင်းပခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများ အလျင်အမြန်ဆောင်ရွက်စဉ် လူမှုကာကွယ်စောင့်ရှောက်ရေးကို အားဖြည့်ပေးခြင်းဖြင့် သာတူညီမျှမှုနှင့် သဟဇာတဖြစ်မှုထွန်းကားသော မြန်မာ့လူ့ဘောင်တစ်ရပ်ကို တစ်စုတစ်ပေါင်းတည်းတည်ဆောက်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း အဆိုပါဖိုရမ်တွင် နိုင်ငံတော်သမ္မတက မြွက်ကြားခဲ့သည်။

လူမှုကာကွယ်စောင့်ရှောက်မှုဆိုသည့် စကားရပ်သည် ကျယ်ပြန့်လှသကဲ့သို့ အပြည့်အဝ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးဆိုသည်မှာလည်း မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအတွက် ကြီးမားလှသည့် စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ မဟာဗျူဟာဘောင်(Social Protection Strategy Frame Work)ကို ရေးဆွဲဆောင်ရွက်သည့်နေရာတွင် ကဏ္ဍစုံဖြစ်ရန် လိုအပ်သကဲ့သို့ အားလုံးပါဝင်ဆောင်ရွက်နိုင်ရန်လည်း အရေးကြီး ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့က ဆောင်ရွက်နေသော အမျိုးသား လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများနှင့်လည်း အံဝင်ခွင်ကျဖြစ်ရန် လိုအပ်ပါကြောင်း၊ ကလေးသူငယ်များ၊ အားနည်းသူများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် မသန်စွမ်းသူများအတွက် လူမှုအကာအကွယ်စီမံကိန်းများအပါအဝင် အလွှာစုံ၊ ကဏ္ဍစုံလိုအပ်ချက်များကို အခြေခံပြီး မြန်မာ့လူမှုကာကွယ်စောင့်ရှောက်မှုစနစ်(Myanmar Social Protection System)ကို ဖော်ထုတ်ရေးဆွဲရမည်ဖြစ်ကြောင်းလည်း နိုင်ငံတော်သမ္မတက လမ်းညွှန်မိန့်ကြားခဲ့သည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလက ကျင်းပသော ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် သဘောတူညီချက်အရ ထွက်ပေါ်လာသောလုပ်ငန်းအဖွဲ့များတွင် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းအဖွဲ့များ ပါဝင်သည်။ နိုင်ငံတော်အစိုးရက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၄) ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ(Social Protection Working Committee)ကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ လုပ်ငန်းတာဝန် (၁၂)ရပ် ချမှတ်ပေးခဲ့သည်။

အဆိုပါကော်မတီအနေဖြင့် အရေးကြီးဆောင်ရွက်ရမည့်တာဝန်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာတစ်ရပ် ရေးဆွဲချမှတ်နိုင်ရေးပင်ဖြစ်သည်။ ထိုတာဝန်ကိုထမ်းဆောင်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် သုတေသန အဖွဲ့အစည်းတစ်ခုတို့က အဖွဲ့ဝင် ၂၁ဦးပါဝင်သော နည်းပညာအထောက်အကူပြုအဖွဲ့ (Technical Support Group-TSG)ကို ဖွဲ့စည်းပြီး ဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက်ခဲ့ကြသည်။ အကျိုးရလဒ်အားဖြင့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ဒီဇင်ဘာလတွင် နိုင်ငံတော်သမ္မတကြီး၏ ဉယျောဇဉ်နှင့်အတူ မိတ်ဆက်ဖြန့်ချိနိုင်ခဲ့သည်။

**ရှေးအခါက ဇာတာဖွဲ့ရာတွင် အသက် ၁၂၀ ရှည်စေသော်ဝ်ဟု ရေးသားလေ့ရှိကြသည်။ ဇာတာနှင့်ကိုက်အောင်အသက်ရှည်သူကား ရှားပါးလှသည်။ သို့ရာတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ အဘွားဒေါ်မြကြည်မှာ အသက် ၁၂၂ နှစ်ရှိပြီဖြစ်ရာ မြန်မာနိုင်ငံ၏ အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ်. . .**

ဤစီမံချက်တွင် ဘဝတစ်သက်တာချဉ်းကပ်မှုပုံစံဖြင့် အဓိကလုပ်ငန်းစဉ် ရှစ်ရပ်ပါဝင်သည်။ ၎င်းတို့မှာ -

(၁) ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက် ၂ နှစ်အရွယ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း၊
(၂) မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း၊
(၃) အသက် ၃ နှစ်မှ ၁၅ နှစ်အထိ ကလေးသူငယ်များအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း၊
(၄) ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း၊
(၅) အများပြည်သူအလုပ်အကိုင်ရရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊
(၆) လူမှုရေးပင်စင်အစီအစဉ် ဆောင်ရွက်ခြင်း၊
(၇) သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များကို ထောက်ပံ့ခြင်း၊
(၈) ဘက်စုံ လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ပေးခြင်းတို့ ဖြစ်သည်။

အထက်ပါ လုပ်ငန်းစဉ်များတွင် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်းဟူသော လုပ်ငန်းအစီအစဉ်တစ်ရပ်လည်း ပါဝင်သည်ဖြစ်ရာ တစ်နိုင်ငံလုံးရှိ သက်ကြီးရွယ်အိုများကို ၂၀၁၅ ခုနှစ်မှစ၍ ထောက်ပံ့ငွေများပေးအပ်ရန် ရည်ရွယ်ထားပါသည်။ ရည်မှန်းချက်မှာ သက်ကြီးရွယ်အိုများအတွက် ဝင်ငွေတိုးတက်ကောင်းမွန်စေရန်ဖြစ်သည်။ ယင်းသို့ဝင်ငွေရရှိခြင်းကြောင့် သက်ကြီးရွယ်အိုများကို အနီးကပ်ပြုစုစောင့်ရှောက်နေသော မိသားစုများသည် သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ၌ ပိုမိုအသုံးပြုနိုင်မည်မှာ မလွဲပေ။ စင်စစ်နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အရိပ်အာဝါသကို ဦးဦးဖျားဖျား ခံစားစံစားထိုက်သူများမှာ အသက်ရာကျော် ဘိုးဘွားများပင်ဖြစ်သည်။

သို့ဖြစ်၍ အိုမင်းမစွမ်းဘဝသို့ ရောက်ရှိနေပြီဖြစ်သော အသက် ၁၀၀နှစ်နှင့်အထက် ဘိုးဘွားများအား ထောက်ပံ့ရေးကိုဖြင့်နှေးခြင်းမရှိရလေအောင် ရှေးဦးစွာဆောင်ကြဉ်းပေးသူများကား နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများပင်ဖြစ်သည်။ ၎င်းတို့လစဉ်ရရှိသော ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်း စုဆောင်း ထားရှိသောရန်ပုံငွေမှ အဘိုးအဘွားတစ်ဦးလျှင် ကျပ်နှစ်သိန်းစီကို နိုင်ငံတော်၏သက်ကြီးဝါကြီး ဂုဏ်ပြုခံပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာနှင့်အတူ ၂၀၁၅ ခုနှစ် (၆၇) နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲအထိမ်းအမှတ်အဖြစ် စတင်ပေးအပ်ထောက်ပံ့ခဲ့သည်။ ထိုစဉ်က ကောက်ယူရရှိသော စာရင်းများအရ အဘိုး ၁၆၉ ဦး၊ အဘွား ၄၀၀ ဦးသာရှိသော်လည်း ထပ်မံရရှိသောစာရင်းများအရ ၂၀၁၅ ခုနှစ် ဇွန်လကုန်အထိ အဘိုး ၃၃၃ ဦး၊ အဘွား ၈၄၆ ဦး၊ စုစုပေါင်း ၁၁၇၉ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေကျပ်နှစ်သိန်းစီ ပေးအပ်ခဲ့ပြီးဖြစ်သည်ဟု သိရသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းထုတ်ပြန်ချက်အရ မြန်မာ့လူဦးရေ ၅၁ ဒသမ ၄၈၆ သန်းအနက် အသက် ၆၅နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေမှာ ၂ ဒသမ ၈၉၇ သန်းဖြစ်သည်။ ယင်းအနက် သုည ဒသမ ဝ၄ ရာခိုင်နှုန်းမှာ အသက်တစ်ရာကျော် ဘိုးဘွားများဖြစ်ကြသည်။ ကောက်ယူရရှိသောစာရင်းများအရ အသက် ၁၀၀ နှစ် ၂၉၇ ဦး၊ အသက် ၁၀၁ နှစ် ၂၆၅ ဦး၊ အသက် ၁၀၂ နှစ် ၁၈၀ ဦး၊ အသက် ၁၀၃ နှစ် ၉၉ ဦး၊ အသက် ၁၀၄ နှစ် ၇၅ ဦး၊ အသက် ၁၀၅ နှစ် ၆၃ ဦး၊ အသက် ၁၀၆ နှစ် ၆၈ ဦး စသည်ဖြင့် အသက် ၁၁၁ နှစ် ၁၁ ဦးရှိပြီး အသက်(၁၁၂)နှစ် နောက်ပိုင်းမှစ၍ ဆယ်ဂဏန်းမပြည့်တော့ဘဲ ခုဂဏန်းအရေအတွက်သာရှိကြောင်း တွေ့ရှိရသည်။ ရှေးအခါက ဇာတာဖွဲ့ရာတွင် အသက် ၁၂၀ ရှည်စေသော်ဝ်ဟု ရေးသားလေ့ရှိကြသည်။ ဇာတာနှင့်ကိုက်အောင် အသက်ရှည်သူကား ရှားပါးလှသည်။ သို့ရာတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ အဘွားဒေါ်မြကြည်မှာ အသက် ၁၂၂ နှစ်ရှိပြီဖြစ်ရာ မြန်မာနိုင်ငံ၏ အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းပြုရမည် ဖြစ်ပေသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မှီတင်းနေထိုင်ကြသော အသက် ၁၀၀နှစ်နှင့်အထက် သက်ကြီးဘိုးဘွားဦးရေမှာ မန္တလေးတိုင်းဒေသကြီးတွင် ၁၉၃ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၄၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄၁ ဦး၊ ကချင်ပြည်နယ်တွင် ၉၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၉၁ ဦး၊ မွန်ပြည်နယ်တွင် ၇၇ ဦး၊ မကွေးတိုင်းဒေသကြီးတွင် ၇၁ ဦး၊ ရှမ်းပြည်နယ်တွင် ၇၀ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၆၁ ဦး၊ နေပြည်တော်ကော်စီနယ်မြေတွင် ၅၁ ဦး၊ ရခိုင်ပြည်နယ်တွင် ၄၅ ဦး၊ ကရင်ပြည်နယ်တွင် ၃၉ ဦး၊ ကယားပြည်နယ်တွင် ၃ ဦးနှင့် ချင်းပြည်နယ်တွင် ၃ ဦး စုစုပေါင်း ၁၁၇၉ ဦးရှိကြောင်း သိရသည်။

အဆိုပါ ဘိုးဘွား ၁၁၇၉ ဦးတွင် အဘိုး ၃၃၃ ဦး(၂၈ ဒသမ ၂၄ ရာခိုင်နှုန်း)၊ အဘွား ၈၄၆ ဦး(၇၁ ဒသမ ၇၆ ရာခိုင်နှုန်း) ပါဝင်ပြီး ကယားပြည်နယ်မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် အဘွားဦးရေက အဘိုးဦးရေထက် ပိုမိုများပြားကြောင်း တွေ့ရှိရသည်။ လူဦးရေ တစ်သိန်း၌ အသက် ၁၀၀ နှစ်နှင့်အထက် ဘိုးဘွားပါဝင်မှုနှုန်းကို နှိုင်းယှဉ်ပါက ကချင်ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပါဝင်မှုနှုန်းများနေခြင်းမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ယခုအချိန်အထိကောက်ယူရရှိသော စာရင်းဇယားများအရ အသက် ၁၀၀ နှစ်နှင့်အထက် ဘိုးဘွားများစာရင်း၌ အသက် ၁၀၀ နှစ်တွင် ၂၉၇ ဦး၊ အသက် (၁၀၁)နှစ်တွင် ၂၆၅ ဦး၊ အသက် ၁၀၂ နှစ်တွင် ၁၈၀ ဦး၊ အသက် ၁၀၃ နှစ်တွင် ၉၉ ဦး၊ အသက် ၁၀၄ နှစ်တွင် ၇၅ ဦး၊ အသက် ၁၀၅ နှစ်တွင် ၆၃ ဦး၊ အသက် ၁၀၆ နှစ်တွင် ၆၈ ဦးစသည်ဖြင့် အသက် ၁၁၁နှစ်တွင် ၁၁ ဦးအထိ ရှိကြောင်း တွေ့ရှိရပါသည်။ အသက် ၁၁၀ နှစ်နှင့်အထက်တွင်လည်း အဘွားဦးရေမှာ အဘိုးဦးရေထက် ပိုများကြောင်းတွေ့ရှိရပါသည်။ အသက် ၁၁၂ နှစ်နောက်ပိုင်းမှစပြီး တစ်ဆယ်ဂဏန်းမပြည့်တော့သော ခုဂဏန်းအရေအတွက်သာရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ အသက်အကြီးဆုံးသည် မန္တလေးတိုင်းဒေသကြီးမှ အသက် ၁၂၂ နှစ်ရှိ အဘွားဒေါ်မြကြည်ဖြစ်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

နိုင်ငံတော်အစိုးရသည် အသက်ရာကျော် ဘိုးဘွားများကိုသာ ထောက်ပံ့ကူညီနေခြင်းမဟုတ်ဘဲ ၂၀၁၉ ခုနှစ်တွင် အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးရွယ်အို ၃ ဒသမ ၅ သန်းထံရောက်အောင် ထောက်ပံ့ကူညီပေးနိုင်ရန်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွားများကို လူမှုရေးအထောက်အပံ့များပေးအပ်နိုင်ရန် စာရင်းကောက်ယူခဲ့ရာ ၂၀၁၅ ခု မေလကုန်အထိ တစ်နိုင်ငံလုံးတွင် ၂၃၈၇၉ ဦးရှိကြောင်း သိရှိရပါသည်။

ဤအစီအစဉ်ကို ဆောင်ရွက်ရာ၌ မှန်ကန်သော သတင်းအချက်အလက်နှင့် ခိုင်မာသောစာရင်းဇယားများ ပြည့်စုံစွာရရှိရေးမှာ လွန်စွာအရေးကြီးလှပါသည်။ အချုပ်အားဖြင့် မြန်မာနိုင်ငံတစ်နံတစ်လျားရှိ သက်ကြီးရွယ်အိုဘိုးဘွားများအားလုံး နိုင်ငံတော်၏ လူမှုကာကွယ်စောင့်ရှောက်ရေး အရိပ်အာဝါသအောက်သို့ ရောက်ရှိနိုင်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုအားလုံး တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်ပန်ကြားအပ်ပါသည်။



ထောက်ပံ့ပစ္စည်းများအား တာဝန်ရှိသူများ ကြည့်ရှုနေစဉ်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများနှင့် ရန်ပုံငွေများပေးအပ်

**မြဝတီ စက်တင်ဘာ ၁၃**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ(တတိယအကြိမ်)မှ ထောက်ပံ့သည့်ပစ္စည်းများနှင့် ရန်ပုံငွေများ ပေးအပ်ပွဲကို ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမ၌ စက်တင်ဘာ ၁၀ရက်က ကျင်းပခဲ့ရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညိုနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့် ရန်ပုံငွေ ကျပ် ၁၁၁၄ ဒသမ ၅၈၉ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ(တတိယအကြိမ်)မှ ခွဲဝေချထားပေးသော လုပ်ငန်းများမှာ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းခြောက်ခု၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ၃၅ခု၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ငါးခုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းလေးခု စုစုပေါင်းလုပ်ငန်းအမျိုးအစား ၅၀ ဖြစ်ကြောင်း သိရသည်။

မြဝတီမြို့အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၂၇၇၀ ကျော်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမအကြိမ်တွင် လုပ်ငန်းပေါင်း ၂၅ မျိုးအတွက် ကျပ်သိန်းပေါင်း ၄၂၀ ကျော်၊ ဒုတိယအကြိမ်တွင် လုပ်ငန်းပေါင်း ၃၉ မျိုးအတွက် ကျပ် ၆၂၄ သိန်းကျော် ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မန်ယူတို့ ချန်ပီယံလိဂ်တာအထွက်မှာ လှုပနိုင်ပါ့မလား

မိုးမြင့်လင်းလက်



၂၀၁၅ -၂၀၁၆ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေကို စက်တင်ဘာ ၁၅ ရက်မှာ စတင်ယှဉ်ပြိုင်တော့မှာ ဖြစ်ပါတယ်။ အုပ်စု(A)က ပီအက်စ်ဂျီနဲ့မယ်လ်မို၊ ရီရဲ မက်ဒရစ်နဲ့ ရှက်တာဒိုးနက်၊ အုပ်စု(B)က ပီအက်စ်ဗွီနဲ့မန်ယူ၊ ဝုဖ်ဘတ်နဲ့စီအက်စ်ကေအေမော်စကိုတို့ ပွဲတွေက ပရိသတ်တွေကို ရသစုံပေးပြီး ရင်ခုန်သံကို မြန်စေနိုင်ဦးမှာ ဖြစ်ပါတယ်။ ထိပ်တန်းအသင်းတွေ တာထွက်လှုဖို့အတွက် အုပ်စုအဖွင့်ပွဲစဉ်ကစပြီး အမှတ်ပြည့်သိမ်းပိုက်ရေး အပြိုင်အဆိုင်အားထုတ်ကြမယ့် ပုံရိပ်တွေကို မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။

**ပီအက်စ်ဗွီနှင့်မန်ယူ**

အုပ်စု(B)မှာ မန်ယူတို့ ပွဲချောင်တယ်လို့ ဆိုပေမယ့် စိတ်တိုင်းကျစရာမရှိသေးတဲ့ ခြေစွမ်းကြောင့် အဝေးကွင်းမှာ ရင်ပူစရာ ဖြတ်သန်းရဦးမှာဖြစ်ပါတယ်။ မန်ယူရဲ့ ဒီနှစ်အသင်းမှာခေါ်ယူထားတဲ့ကစားသမားသစ်တွေရဲ့ လုပ်အားနှုန်းကလည်း အားရစရာတော့မရှိသေးပါဘူး၊ ပီအက်စ်ဗွီတို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင်ရှုံးပွဲမရှိခဲ့ပါဘူး၊ ခံစစ်ပိုင်းအားနည်းမှုရှိနေတဲ့ ပီအက်စ်ဗွီတို့ဟာ အိမ်ကွင်းမှာ မန်ယူကို သေသေချာချာ ပြင်ဆင်ပြီးကစားပါလိမ့်မယ်။ မန်ယူတို့အတွက် အခုပွဲဟာ ခက်ခဲမှာဖြစ်ပေမယ့် အနိမ့်ဆုံးတစ်မှတ်လောက်တော့ရအောင် နည်းပြဗန်ဟားလ် ကြိုးစားခင်းကျင်းလိမ့်မယ်လို့ ယူဆပါတယ်။

**ဝုဖ်ဘတ်နှင့်စီအက်စ်ကေအေ**

အုပ်စု(B)မှာတော့တာထွက်ကောင်းမယ့် အသင်းတွေထဲမှာ ဝုဖ်ဘတ်တို့ပါဝင်နေပါတယ်။ ခြေစွမ်းပြနေတဲ့ ဝုဖ်ဘတ်တို့ဟာ တိုက်စစ်လည်း ကောင်းသလို ခံစစ်ပိုင်းကလည်း အမှားအယွင်းနည်းပါတယ်။ အသင်းလိုက်ကစားအားကောင်းတဲ့ ဝုဖ်ဘတ်ကို စီအက်စ်ကေအေတို့ နိုင်ဖို့မလွယ်ပါဘူး၊ ဒါပေမယ့် စီအက်စ်ကေအေရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ခြေစွမ်းက တစ်ပွဲသာရှုံးထားတာမို့ လျှော့တွက်လို့ မရတာအမှန်ပါပဲ။ တိုက်စစ်စွမ်းရည်မှာ ဝုဖ်ဘတ်တို့ထက်အားနည်းပေမယ့် ခံစစ်ပိုင်းတောင့်တင်းတာမို့ ဝုဖ်ဘတ်တိုက်စစ်မှူးတွေ ခက်ခဲပါလိမ့်မယ်။ ဒီပွဲမှာ အိမ်ရှင်တို့အတွက် သုံးမှတ်အပြည့်ရမယ့်ပွဲဖြစ်သွားနိုင်ပါတယ်။

**ရီရဲမက်ဒရစ်နှင့်ရှက်တာဒိုးနက်**

အုပ်စု(A)မှာ ရီရဲမက်ဒရစ်တို့ နိုင်ပွဲစတင်နိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ ရီရဲမက်ဒရစ်တို့ရဲ့ ဒီနှစ်ခြေစွမ်းက အားရစရာမရှိသလို ပြိုင်ဘက်တွေကို မခြိမ်းခြောက်နိုင်သေးတဲ့အနေအထားပဲ ရှိပါသေးတယ်။ ရှက်တာဒိုးနက်တို့ကလည်း သရေပွဲ၊ ရှုံးပွဲတွေနဲ့ လုံးထွေးနေတာမို့ အခုပွဲမှာ အမှတ်ရဖို့ တောင်ခက်ခဲပါလိမ့်မယ်။ ဒီပွဲမှာ ရီရဲမက်ဒရစ်တို့ အိမ်ကွင်းလည်းဖြစ်တာမို့ တိုက်စစ်ဖွင့်ပြီး ဖိအားပေးကစားဖို့ ကြိုးစားပါလိမ့်မယ်။ ရီရဲမက်ဒရစ်တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်ဖြတ်ကျော်မှုတွေကို ခံစစ်ကြောင်းကျိုးပေါက်တတ်တဲ့ ရှက်တာဒိုးနက် နောက်တန်းလူတွေဘယ်လိုဟန့်တားထိန်းချုပ်နိုင်မလဲဆိုတာ ကြည့်ရမှာ ဖြစ်ပေမယ့် ဒီပွဲမှာ ရီရဲမက်ဒရစ်တို့ အိမ်ကွင်းမှာ အောင်ပွဲခံနိုင်ရေး စွမ်းဆောင် ပါလိမ့်မယ်။

**ပီအက်စ်ဂျီနှင့်မယ်လ်မို**

ထိပ်တန်းကစားသမားတွေကို ခေါ်ယူအားဖြည့်ထားတဲ့ ပီအက်စ်ဂျီရဲ့ ဒီနှစ်ခြေစွမ်းက ကောင်းမွန်နေပါတယ်။ ပြိုင်ဘက်တွေကို အနိုင်ယူနိုင်စွမ်းရှိတဲ့ ပီအက်စ်ဂျီကစားသမားတွေဟာ နိုင်ပွဲတွေဆက်ပြီး အောင်ပွဲခံစိတ်ဓာတ်တွေ ဆူဝေနေပါတယ်။ မယ်လ်မိုတို့က အိမ်ကွင်းမှာ ခြေစွမ်းပြပေမယ့် အဝေးကွင်းမှာ ရလာဒ်မကောင်းတတ်တာမို့ သေသေချာချာပြင်ဆင် ကစားမှ ရပါလိမ့်မယ်။ မယ်လ်မိုတို့က နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ ရလဒ်မှတ်တမ်းကို ကြည့်ရင်း သုံးပွဲနိုင်နှစ်ပွဲရှုံးထားတာမို့ အခုပွဲမှာ ပြိုင်ဘက်က ပီအက်စ်ဂျီဖြစ်နေတာကြောင့် ပွဲကျပ်ဖြစ်နေပါတယ်။ မယ်လ်မိုတို့အတွက် ဒီပွဲဟာ အမှတ်ရဖို့ ရုန်းကန်ရမယ့်အနေအထားရှိပြီး အိမ်ရှင်ကိုကျော်ဖြတ်ဖို့မလွယ်ပါဘူး။



## အကြီးမားဆုံးတုန်လှုပ်မှုနဲ့ ရင်ဆိုင်လိုက်ရတဲ့ ဆီရီနာဝီလျံ

ကမ္ဘာကျော်တင်းနစ်မယ် ဆီရီနာဝီလျံဟာ ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အကြီးမားဆုံးသော တုန်လှုပ်ချောက်ခြားမှုနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ ယူအက်စ်အိုးပင်းတင်းနစ်ချန်ပီယံဖြစ်ခဲ့ဖူးတဲ့ ထရေစီအော်စတင်က ပြောဆိုလိုက်ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆီရီနာဝီလျံဟာ အကြိုဗိုလ်လုပွဲမှာ အီတလီတင်းနစ်မယ် ရောဘတ်တာဗင်စီကို ၂-၆၊ ၆-၄၊ ၆-၄ နဲ့ ရှုံးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။

ဒီဖြစ်ရပ်ဟာ တင်းနစ်သမိုင်းမှာတော့ အံ့သြဖွယ်ရာအဖြစ်အပျက်တစ်ခုလို့ အော်စတင်က ဆိုပါတယ်။ ဆီရီနာဝီလျံရဲ့ ဒီရှုံးနိမ့်မှုဟာ ၃၃ ပွဲ ရှုံးပွဲမရှိ အနိုင်ရခဲ့တဲ့စံချိန်ကို ချိုးဖျက်လိုက်တာလည်းဖြစ်ပါတယ်။ ဆီရီနာဝီလျံဟာ ၁၉၈၈ ခုနှစ်က စတက်ဖီဂရပ်ဖ်ရဲ့ တစ်နှစ်အတွင်း ပြိုင်ပွဲအားလုံးမှာ ဂရင်းဆလင်ဖလား ဆွတ်ခူးနိုင်တဲ့စံချိန်ကိုမီဖို့ မျှော်လင့်ထားတာပါ။သို့ပေမယ့် အသက် ၃၂ နှစ်အရွယ် ကမ္ဘာ့အဆင့် ၄၃ အီတလီတင်းနစ်မယ်ကို အကြိုဗိုလ်လုပွဲမှာ အပြတ်အသတ် ရှုံးနိမ့်သွားခဲ့တဲ့အတွက် ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။

## ခေါင်းတစ်လုံးအသာနဲ့ မီတာ ၁၀၀ ချန်ပီယံဖြစ်သွားတဲ့ ဂတ်လင်း

အမေရိကန် တာဝေးအပြေးသမား ဂျပ်စတင်ဂတ်လင်းဟာ ယခုနှစ်စီးရီး ပြိုင်ပွဲဖြစ်တဲ့ နောက်ဆုံးပြိုင်ပွဲမှာ စံချိန် ၉ဒသမ၉ စက္ကန့်နဲ့ပန်းဝင် အနိုင်ရပြီး ဒိုင်းမွန်းလိဂ်ချန်ပီယံဖြစ်သွားခဲ့ပါတယ်။ ကာတာအပြေးသမား အိုဂူနိုဒီက အဲဒီ စံချိန်အတိုင်းပဲ ပန်းဝင်ခဲ့တာပါ။ သို့ပေမယ့် ဂတ်လင်းက ခေါင်းတစ်လုံး အသာနဲ့ ပန်းဝင်ခဲ့တဲ့အတွက် အနိုင်ရဗိုလ်စွဲခဲ့ပါတယ်။ ပြင်သစ်တာတိုအပြေးသမား အေဂျင်မီဗစ်ကောက်က စံချိန်၉ဒသမ၉၉စက္ကန့်နဲ့ ကျေနပ်ခဲ့ရပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံဘရပ်ဆဲလ်မြို့မှာ ကျင်းပတဲ့ ဒီပြိုင်ပွဲမှာ ဗြိတိန်အပြေးသမား ချီချင်ဒူးအူထားကတော့ စံချိန် ၁၀ဒသမ၁၉စက္ကန့်နဲ့ ပန်းဝင်ခဲ့ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိတဲ့ အမေရိကန်အပြေးသမား ဂတ်လင်းဟာ ယခုနှစ်အတွင်း မီတာ ၁၀၀နဲ့ မီတာ ၂၀၀ ပြိုင်ပွဲတွေမှာ အကောင်းဆုံး စံချိန်တွေထားပါတယ်။ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲနှစ်ခုမှာတော့ ဂျမေကာအပြေးသမား ယူစိန်ဘော့ရဲ့ ဒုတိယနေရာမှ ပန်းဝင်ခဲ့ပါတယ်။ ဂျမကာအပြေးသမား ယူစိန်ဘော့ အနေနဲ့ ဘယ်လ်ဂျီယံမှာ ကျင်းပတဲ့ ပြိုင်ပွဲထက်စောပြီး သူ့ရဲ့အပြေးသမား ရာသီကို အဆုံးသတ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဂတ်လင်းဟာ ဒီပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးသွားနိုင်တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကာတာ အပြေးသမား အိုဂူနိုဒီနဲ့ အကြိတ်အနယ်နွှဲခဲ့ရ တာပါ။ ခေါင်းတစ်လုံးအသာရပြီး အနိုင်ရသွားခဲ့ပါတယ်။







## ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ရှိနေတဲ့ ဒီဂီယာ

မန်ယူဂိုးသမား ဒီဂီယာဟာ စပိန်ကလပ် ရီးရဲမက်ဒရစ်သို့ ပြောင်းမယ်လို့ သတင်းတွေထွက်ပြီးကတည်းက မန်ယူမှာ ပုံမှန်ပွဲထွက်ကစားခွင့်နေရာ ဆုံးရှုံးခဲ့ပါတယ်။ သူဟာ နွေရာသီ ကစားသမားခေါ်ယူရေးကာလ နောက်ဆုံးစာရင်းပိတ်ချိန်မှာ ပေါင် ၂၉ သန်းနဲ့ ရီးရဲမက်ဒရစ်ကိုပြောင်းဖို့ အသေအချာစီစဉ်ထားခဲ့ပေမယ့် စာချုပ်ဖို့အချိန်နောက်ကျသွားတဲ့အတွက် လွဲချော်သွားခဲ့ရပါတယ်။ ဒီအမှားကိုပြင်ဆင်ပြီး မန်ယူနည်းပြဗန်ဟားလ်ကလည်း ဒီဂီယာကို ရီးရဲကိုမရောင်းတော့ဘဲ တစ်ပတ်ပေါင် ၂၀,၀၀၀၀ နဲ့ လေးနှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိတဲ့ မန်ယူဂိုးသမား ဒီဂီယာဟာ ယခင်စာချုပ်အရ လာမယ့်နွေရာသီမှာ သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။ သူဟာ ၂၀၁၁ ခုနှစ်က အက်သလက်တီကိုမှ ပေါင် ၁၈ ဒသမ ၉ သန်းနဲ့ ပြောင်းလာခဲ့တာဖြစ်ပြီး မန်ယူအတွက် ၁၇၅ ပွဲ ပါဝင်ကစားပေးခဲ့ကာ ပြီးခဲ့တဲ့နှစ်အတွင်းက အကောင်းဆုံးကစားနိုင်မှုကြောင့် လူသိများတဲ့ အကောင်းဆုံးဂိုးသမားတစ်ဦး ဖြစ်လာခဲ့ပါတယ်။

သို့ပေမယ့် ရီးရဲမက်ဒရစ်ကိုပြောင်းမယ့် သတင်းထွက်မှုများကြောင့် ပြိုင်ပွဲများနဲ့ လွဲချော်ခဲ့ရာမှာ ယခုနှစ်ရာသီအစပြိုင်ပွဲများအထိ ဖြစ်ပါတယ်။ သို့ပေမယ့် အခုအခါမှာတော့ စာချုပ်သစ်ချုပ်ဆိုလိုက်ပြီဖြစ်တာကြောင့် ဒီဂီယာဟာ မန်ယူမှာ ပုံမှန်ပွဲထွက်ကစားခွင့် ပြန်ရလာဖို့ အလားအလာများ ရှိနေပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်**


မင်္ဂလာပါ မြန်မာ
ရန်ကုန် ✈ ဟိုချီမင်း (၂/၁၀)
မြန်မာကျပ်ငွေ
ပရိုမိုးရှင်း
ကာလနံနက်၁၁း၃၀ မှ
ညနေ ၁း၃၀
0
(*)
မှစ၍
www.vietjetair.com
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့။
ခေတ်သစ်ရဲ့ လေကြောင်းလိုင်း တစ်ခုဖြစ်တဲ့ Vietjet ဟာ မြန်မာနိုင်ငံကို ရောက်ရှိလာပါပြီ။ Vietjet မှ လုပသော ဗီယက်နမ်မြို့၏ အဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များ ဖြစ်သည့် ကမ္ဘာ့ အကြီးဆုံးသဘာဝလိုဏ်ဂူ ဆွန်ဒွန်းဂူ (Son Doong),ဟာလောင်းဘေး (Ha Long Bay)သို့ မဟုတ် ဒါနန် (Da Nang), နာထရမ် (Nha Trang),ဖူးကျို့ (Phu Quoc) အစရှိသော ကမ်းခြေများ၏ အလှကို ခံစားနိုင်ရန် ယဉ်ကျေးပျူငှာသော အပြုံးများနှင့် နွေးထွေးစွာ ဖိတ်ခေါ် ချင်ပါသည်။
Vietjet မှ တရုတ်နှစ်သစ်ကူးအတွက် အထူးအစီအစဉ်များ စတင်နေပါပြီ။ ခရီးစဉ်နေ့ရက်များမှာ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့ မှ ဖေ့ဖြီ ၂၂ ရက်နေ့ထိ ဖြစ်ပါသည်။ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ၂၀၁၅ စက်တင်ဘာ ၁၆ မှ ၁၈ ရက် အထိ သုံးရက်တွင် ဒေသစံတော်ချိန် နေ့လည် ၁၁း၃၀ မှ ၁း၃၀ အတွင်း www.vietjetair.com မှတစ်ဆင့် မြန်မာငွေ ၀ ကျပ်ဖြင့် လက်မှတ်များကို ဝယ်ယူရရှိနိုင်မည်ဖြစ် ပါသည်။ ခရီးသည်များအနေဖြင့် ယခုအချိန်သည် ရန်ကုန် - ဟိုချီမင်း နှင့် အခြား ဗီယက်နမ်ဒေသတွင်း ခရီးစဉ်များကို ပျံသန်းနိုင်ရန် လက်မှတ်များ စတင်ဝယ်ယူသင့်သော အချိန်ကောင်းဖြစ်ပါသည်။
သင့်စိတ်ကြိုက်ဖြစ်စေမည့် နောက်ဆုံးပေါ် စိတ်အချရဆုံးသော လေယာဉ်များနှင့် ပျံသန်းနိုင်မည်ဖြစ်ပါသည်။ ဖိမ်ကျသော Leather ခုံ များတွင်ထိုင်ပြီး ထူးခြားသော လေယာဉ်တွင်း ဖျော်ဖြေမှုများကို ခံစားရင်း Vietjet ၏ ဖော်ရွေသော လေယာဉ်မယ်လေးများ တည်ခင်းဧည့်ခံသည့် အကောင်းဆုံးသော အစားအသောက်များကို လည်း သုံးဆောင်နိုင်ပါသည်။
Vietjet ၏ ထူးခြားသောအစီအစဉ် ကို www.vietjetair.com တွင် နေ့စဉ် နေ့လည် ၁၁း၃၀ မှ ၁း၃၀ ထိ ရယူပြီး ပျံသန်းလိုက်ပါ။
vietjetAir.com
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
-Mobile: http://m.vietjetair.com
-Facebook: www.facebook.com/vietjetglobal Tab "Booking"
* Terms & conditions
ဟိုချီမင်းမြို့ ✈ ကန်တို ✈ ဒါလတ် ✈ နာတရန် ✈ ဖူကျို ✈ ဘွန်မသွတ် ✈ ကွေနှံ့ ✈ ဒါနန်း ✈ စပ် ✈ ဗင် ✈ ဟိုက်ဖွန်း ✈ ဟန္နိုင်း ✈ ထိုင်းလန် ✈ စင်ကာပူ ✈ ထိုင်ပေမ် ✈ ကိုရီးယား ✈ ရန်ကုန်


OPPO
R7 Lite
ပရီမီယံ သတ္တုစပ်ကိုယ်ထည်နှင့်ကင်မရာစမတ်ဖုန်း
Coming Soon . . .
01:10
25/4/2015 (Fri)
ပရီမီယံ သတ္တုစပ်ကိုယ်ထည်
လျင်မြန်စွာရိုက်ယူနိုင်သည့် New Flash Shot
Real 2.5D
ဆန်းသစ်ချောမွေ့သော 2.5D မျက်နှာပြင်
ColorOS 2.1 ၏ ပြည့်စုံသောစနစ်များ
OPPO Myanmar WeChat ကို follow လုပ်ရင်း OPPO R7 Lite
အလုံး (၆၀) နှင့်အခြားဆုမဲပေါင်း (၃၀,၀၀၀) ကျော်ရယူလိုက်ပါ။
YANGON Service Centre Ph : 01 1223513
MANDALAY Service Centre Ph : 02 71281
OPPOMobileMM
OPPOMyanmar

# DOUBLE RHINOS *IDEAL NIGHT*

## ကျေးဇူးတင်လွှာ

စက်တင်ဘာလ ၆ ရက် (တနင်္ဂနွေနေ့)၌ Novotel Yangon Max Hotel ရှိ Yangon Ballroom တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပအောင်မြင်ခဲ့သော "နိုင်ငံတကာအဆင့်မီနည်းပညာများဖြင့် ထုတ်လုပ်ထားသော ပြည်တွင်းထုတ် ကြံ့နစ်ကောင်ဘိလပ်မြေကို မြန်မာပြည်ဈေးကွက်တွင် ဂုဏ်ယူဝင့်ကြွားစွာ မိတ်ဆက်လိုက်သည့် **DOUBLE RHINOS *IDEAL NIGHT*** အခမ်းအနား" သို့ တက်ရောက်ပေးပါသော အထူးဧည့်သည်တော်ကြီးများအားလည်းကောင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ လူကြီးမင်းများအားလည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ ကူညီရောင်းချပေးသော ဧည့်သည်တော်ကြီးများအားလည်းကောင်း၊ အမှတ်တရ လက်မှတ်များရေးထိုးပေးပြီး သီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည့် နာမည်ကြီး အဆိုတော်များဖြစ်သော Rဇာနည်၊ စိုင်းစိုင်းခမ်းလှိုင်၊ ဖြူဖြူကျော်သိန်းနှင့် နီနီခင်ဇော်တို့အားလည်းကောင်း၊ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ပေးပါသော Miss Universe Myanmar မိုးစက်ဝိုင်အားလည်းကောင်း၊ မီဒီယာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကြံ့နစ်ကောင် ဘိလပ်မြေမှ လှိုက်လှဲစွာဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အထူးသဖြင့် လှိုက်လှိုက်လှဲလှဲအင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသော ကြံ့နစ်ကောင်ဘိလပ်မြေ၏ အောက်မြန်မာပြည် အရောင်းကိုယ်စားလှယ်ကြီးများဖြစ်ကြသည့် Zin Htet Trading Co., Ltd. နှင့် Shwe Myitta Cement & General Trading Co., Ltd. တို့အား ကျေးဇူးတင် ဂုဏ်ယူမိပါကြောင်း ထပ်ဆင့် မှတ်တမ်းတင်လိုက်ရပါသည်။




**IDEAL FOR BUILD**















GRAND OPENING GRAND OPENING GRAND OPENING

# ကျေးဇူးဥပကာရ အထူးတင်ရှိခြင်း

၆–၉–၂၀၁၅နှင့် ၇–၉–၂၀၁၅ ရက်နေ့တွင် Myanmar Plaza (HAGL Group) ၌ ကျင်းပပြုလုပ်ခဲ့သော
**Forever Gems By ရွှေနန်းတော်** ၏ **Grand Opening** ဆိုင်သစ်ဖွင့်ပွဲတွင်
တစ်ခဲနက် ကြွရောက် ချီးမြှင့် အားပေးခဲ့ကြသော မိတ်ဆွေများ၊ ရတနာပစ္စည်းများကိုစောင့်ဆိုင်း၍ ကြိတ်ကြိတ်တိုးဝယ်ယူအားပေးခဲ့ကြသော
မိတ်ဟောင်းမိတ်သစ်ရတနာချစ်သူများ၊ ပါဝင်ကူညီပေးခဲ့ကြသော နိုင်ငံကျော်အနုပညာရှင်များ၊
အဆိုတော်များ၊ **Dancer**များ၊ **International Miss**ဆုရ **Model**များ၊ **(HAGL Group)**မှ တာဝန်ရှိပုဂ္ဂိုလ်များ၊
**UMFCCI, MWEA**၊ ရွှေလုပ်ငန်းရှင်များအသင်း၊ အ.ထ.က(၁) ဒဂုံ၊ ရန်ကုန်နှင့်မန္တလေးဆေးတက္ကသိုလ်၊
**MBA Program** မှသူငယ်ချင်းများ၊ စင်ကာပူနိုင်ငံမှ **LED Drum performances & Drone Pilots** ၊
ဂုဏ်ပြုပန်းစည်းပန်းခြင်းများ လက်ဆောင်ပေးသော၊ စီးပွားရေးနယ်ပယ်အသီးသီးမှလုပ်ငန်းရှင်ကြီးများ၊ အသင်းအဖွဲ့များ၊
ဒါရိုက်တာအဖွဲ့ဝင်များ၊ မန်နေဂျာနှင့်ဝန်ထမ်းများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း
ရွှေနန်းတော် စိန်ရွှေရတနာ မိသားစုမှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း + ဒေါက်တာသက်သက်စိုင်
သမီးသက်ရတနာကျော်ဝင်း
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ **Forever Gems by ရွှေနန်းတော်**




















GRAND OPENING GRAND OPENING GRAND OPENING

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မြိတ်ခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းတစ်ရပ်လုံးအား တင်ဒါပေးလိုပါသဖြင့် စိတ်ဝင်စားမည့် ဒေသခံလုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား |
|---|---|
| ၁။ | ကွန်ကရစ်လမ်းလုပ်ငန်း |
| ၂။ | ကတ္တရာလမ်းလုပ်ငန်း |

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၆-၁၀-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - မွန်းတည့် ၁၂း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၇-၁၀-၂၀၁၅ ရက်
**တင်ဒါဖွင့်လှစ်မည့်အချိန်** - နံနက် ၁၀း၀၀ နာရီ

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ လုပ်ငန်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး လျှောက်လွှာများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာဝယ်ယူရမည့်နေရာ** - **လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မြိတ်ခရိုင်၊ မြိတ်မြို့၊**
**ဖုန်း-၀၅၉-၄၁၀၀၇**

---

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါလာရောက်ပေးသွင်းနိုင်ပါသည်-

(က) အပေါ့စားမီးသတ်စက် (ဂျပန်)(ခတ်ဆီ+2D) (၆) လုံး
(V 20D2S 11HP/TOHATSU Japan
Nozzle (long)၊ Rubber Single 30M Fire Hose
Suction Pipe with Strainer)
(ခ) ဆိုလာမီးအိမ် (60 Watt)(တရုတ်) (၁၁) လုံး
(ဂ) ရေဒီယို (Sony Digital)(ဂျပန်) (၂၀၀၈) လုံး
(ဃ) အသံချဲ့စက် (Amplifire System)(တရုတ်) (၃၀) စုံ
[မီတာချဲ့စက်၊ ယူနစ် ဝပ် ၃၀၀၊ ဟွန်း (လက်တံရှည်)၊ ဘက်ထရီ (12 V) စကားပြောမိုက်၊ တွဲကြိုး (၂၀)ကိုက်]

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၉-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၂၃-၉-၂၀၁၅ရက် ၁၆း၀၀နာရီ
(ဂ) **တင်ဒါပုံစံ (၁)စောင်ဈေးနှုန်း** - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)
(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၃) နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၃၁၇၊ ၀၆၇-၄၀၄၃၆၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

---

## တောင်ငူတက္ကသိုလ်
## (၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ တောင်ငူတက္ကသိုလ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တို့တွင် ဘွဲ့ရရှိကြပြီးသူများအတွက် တောင်ငူတက္ကသိုလ် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို တောင်ငူတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

(က) ၂၃-၁-၂၀၁၆ရက် (စနေနေ့) နံနက်ပိုင်း၊ နံနက် (၉း၀၀)နာရီ

| | |
|---|---|
| မဟာသုတေသနဘွဲ့ (၂၀၁၄-၂၀၁၅) ပညာသင်နှစ် | (မြန်မာစာ၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊သတ္တဗေဒ) |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၁၄-၂၀၁၅)ပညာသင်နှစ် | (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ) |
| မဟာဥပဒေပညာဘွဲ့(၂၀၁၄-၂၀၁၅)ပညာသင်နှစ် | (ဥပဒေပညာ) |
| ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၁၃-၂၀၁၄)ပညာသင်နှစ် | (ပထဝီဝင်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ) |
| ဥပဒေပညာဘွဲ့(၂၀၁၃-၂၀၁၄)ပညာသင်နှစ် | (ဥပဒေပညာ) |
| ကွန်ပျူတာဒီပလိုမာဘွဲ့ | |

အစမ်းလေ့ကျင့်ရက်-၂၁-၁-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၀၉း၀၀နာရီ

၂။ ဘွဲ့နှင်းသဘင် တက်ရောက်/အဝေးရောက်လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို တောင်ငူတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားတင်ပြတောင်းယူ၍ ပတ်စ်ပို့ဓာတ်ပုံ (၂လက်မ×၁လက်မခွဲ) အရွယ် နှစ်ပုံပူးတွဲလျက် လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် ၁၅၀၀ ကျပ်- (ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူမည့်သူများသည် ကျပ်၁၀၀၀-(ကျပ်တစ်ထောင်တိတိ)ကို လည်းကောင်း ငွေလက်ခံဌာနသို့ ပေးသွင်းလျှောက်ထားကြရမည်။

၃။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို ငွေလက်ခံဌာန၊ တောင်ငူတက္ကသိုလ်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီးသို့လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်ပေးပို့ပြီး အောက်ခြေတွင် လျှောက်လွှာရှင်အမည်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့်ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာရပ် စသည်တို့ကို တိကျစွာဖော်ပြရမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို ၂၀၁၅ခုနှစ် အောက်တိုဘာ၆ရက်မှ စတင်ပြီး ၂၀၁၅ခုနှစ် နိုဝင်ဘာ ၂၀ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့ဝတ်စုံများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၉ရက်မှစပြီး တောင်ငူတက္ကသိုလ် အပန်းဖြေရိပ်သာ (ယာယီဘွဲ့နှင်းသဘင်ဝတ်စုံငှားရမ်းဌာန)တွင် ရုံးချိန်အတွင်း ထောက်ခံစာတင်ပြ၍ ငှားရမ်းထုတ်ယူနိုင်ပါသည်။

၆။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာ ဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)၊ နှစ်သက်ရာ-ဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၇။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက တောင်ငူတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနသို့ လူကိုယ်တိုင်လည်းကောင်း၊ တောင်ငူတက္ကသိုလ် ဖုန်း-၀၅၄-၂၄၀၀၁၊၂၄၀၀၃တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **(သန္တာအောင်ငွေး)**

**လ/ထ မော်ကွန်းထိန်း-သင်တန်းရေးရာ**
**တောင်ငူတက္ကသိုလ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## Myanmar International Representative Committee to RCOG
## "Selection Examination for MRCOG Part 2 Examination Preparatory Course
# စာမေးပွဲဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ခုနှစ် ဧပြီ ၂၅ ရက်မှ ၂၇ ရက်များတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ Myanmar International Representative Committee to RCOG နှင့် RCOG (UK) တို့ ပူးပေါင်း၍ MRCOG Part 2 Examination Preparatory Course ကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းသို့ တက်ရောက်ခွင့်ရရှိရန် Selection Examination ကိုအောက်ပါ အစီအစဉ်အတိုင်း စစ်ဆေးမည်ဖြစ်ပါသည်။

| ရေးဖြေဖြေဆိုရမည့်ရက် | ဖြေဆိုရမည့်နေရာ | ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|---|
| ၇-၁၂-၂၀၁၅ ရက် (တနင်္လာနေ့) | ဆေးတက္ကသိုလ်(၁) ရန်ကုန် | သားဖွားမီးယပ် SBA(50) EMQ(50) | နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ |

၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို OSCE (နှုတ်ဖြေ) စာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

| နှုတ်ဖြေဖြေဆိုရမည့်ရက် | ဖြေဆိုရမည့်နေရာ | ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|---|
| ၂၉-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့) | ဆေးတက္ကသိုလ်(၁) ရန်ကုန် | သားဖွားမီးယပ် OSCE | နံနက် ၈း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ |

၄။ **လျှောက်ထားလိုသူများအတွက် လိုအပ်သောအရည်အချင်းများ**
(က) M.Med.Sc(OG) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) MRCOG Part 2 ဖြေဆိုခွင့်လျှောက်ထားရာတွင် RCOG recognized teaching hospital from Myanmar မှ တစ်ဆင့် လျှောက်ထားပြီး ဖြေဆိုခွင့်ရရှိထားသူဖြစ်ရမည်။
(ဂ) ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် MRCOG Part 2 Examination ကို ဝင်ရောက်ဖြေဆိုမည့်သူဖြစ်ရမည်။

၅။ လျှောက်လွှာပိတ်ရက်မှာ ၃၀-၁၀-၂၀၁၅ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံနှစ်ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ Eligibility From RCOG (မိတ္တူ)တို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၇။ လျှောက်လွှာများကို ဒေါက်တာဝေဝေမြင့်၊ အတွင်းရေးမှူး(၂)၊ Selection Exam ကျင်းပရေးကော်မတီသို့လိပ်မူ၍ ပါမောက္ခ/ဌာနမှူးရုံးခန်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားနိုင်ပါသည်။

၈။ ခုံအမှတ်စာရင်းနှင့် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃၀-၁၁-၂၀၁၅ ရက် (တနင်္လာနေ့)မှ စတင်၍ ဒေါက်တာဝေဝေမြင့်၊ အတွင်းရေးမှူး(၂) Selection Exam ကျင်းပရေးကော်မတီ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ထုတ်ယူနိုင်ပါသည်။

၉။ စာမေးပွဲဝင်ကြေး တစ်ဦးလျှင် ၅၀၀၀၀ိ/-(ကျပ်ငါးသောင်း)ကို လျှောက်လွှာတင်သွင်းရာတွင် တစ်ပါတည်း ပေးသွင်းရမည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို ၁၁-၁၂-၂၀၁၅ ရက် (သောကြာနေ့)တွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၁၁။ နှုတ်ဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို ၃၀-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို ဒေါက်တာဝေဝေမြင့်၊ အတွင်းရေးမှူး(၂)၊ Selection Exam ကျင်းပရေးကော်မတီ၊ ဖုန်း-၀၉-၅၀၁၇၅၇၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Organizing Committee for Selection Examination**
**Myanmar International Representative**
**Committee to RCOG**

---

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက၊ သစ်ပုတ်ပင်တက္ကသိုလ်ဝင်တန်း(B)မှ မောင်သန်းစိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးငွေခဲ(ခ) ဦးနိုင်မင်းဦး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သထုံမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း(E)မှ မောင်ဝင်းကျော်ခိုင်နှင့် အဋ္ဌမတန်း(A)မှ မအေးစန္ဒီဝင်း တို့၏ဖခင်အမည်မှန်မှာ ဦးစိုးထွန်း ၁၀/သထန(နိုင်)၁၁၂၈၄၈ ဖြစ်ပါကြောင်း။ **ဒေါ်မြင့်မြင့်ဝေ ၁၀/သထန(နိုင်)၁၄၁၉၈၇**

## ဖခင်အမည်မှန်

နေပြည်တော် တပ်ကုန်းမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မောင်အောင်မျိုးသူ ၏ဖခင်အမည်မှန်မှာ ဦးကျော်မျိုးရှိန်း ၉/တကန(နိုင်)၀၀၀၉၅၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

နေပြည်တော် အထက(၆)အဋ္ဌမတန်း(B)မှ မဝင်းပပစိုးအား ယနေ့မှစ၍ မဝင်းပပမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့ အထက(၃)ညောင်ပင်သာ တက္ကသိုလ်ဝင်တန်း(C)မှ ဖဲရဲဘို၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၉/ပမန(နိုင်) ၁၁၃၁၂၅ ဖြစ်ပါကြောင်း။

## အမည်မှန်

ပျဉ်းမနားမြို့ အထက(၃)ညောင်ပင်သာ တက္ကသိုလ်ဝင်တန်း(C)မှ ဖဲရဲဘို၏အမည်မှန်မှာ မောင်ဖန်ရဲဘို ၉/ပမန(နိုင်)၂၇၂၂၇၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါက်ခေါင်းမြို့ ဉာဏ်ပွင့်ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်မျိုးနိုင်၏ဖခင် ဦးသန်းလွင်နှင့် ဦးအောင်သန်းလွင် ၇/ပခတ(နိုင်) ၀၆၇၉၇၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတိုး၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန်မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၄-၉-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၇-၉-၂၀၁၅ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

## အသုံးမလို ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း၊ ရုံးသုံးစက်ပစ္စည်း၊ အခြားရုံးသုံးပစ္စည်းနှင့် တာယာဘက်ထရီအဟောင်းများအား ရောင်းချရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် ပြုပြင်သုံးစွဲရန်မသင့်သော အောက်ပါကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း၊ ရုံးသုံးစက်ပစ္စည်း၊ အခြားရုံးသုံးပစ္စည်းနှင့် တာယာဘက်ထရီအဟောင်းများအား မျက်မြင်အခြေအနေအတိုင်း မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | | အရေအတွက် |
|---|---|---|---|
| (က) | ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း (Computer, Printer, Colour Printer, Scanner) | (Lot 1) | ၄ မျိုး |
| (ခ) | ရုံးသုံးစက်ပစ္စည်း (Copier, Fax, TypeWritter, Gestetner) | (Lot 2) | ၄ မျိုး |
| (ဂ) | အခြားပစ္စည်းအဟောင်းများ (Air-conditioner, Vacuum) | (Lot 3) | ၂ မျိုး |
| (ဃ) | တာယာ၊ ဘက်ထရီ (Tyre, Battery) | (Lot 4) | ၂ မျိုး |

၂။ **တင်ဒါပုံစံ၊ စည်းကမ်းဝယ်ယူရမည့်ရက်** - ၂၁-၉-၂၀၁၅ ရက်မှ ၂၄-၉-၂၀၁၅ရက်အထိ (ပစ္စည်းများမျက်မြင် လာရောက်ကြည့်ရှုရန်)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ် ၄၈၊ နေပြည်တော်
၄။ **တင်ဒါတင်သွင်းမည့်ရက်** - ၅-၁၀-၂၀၁၅ရက် ၀၉း၃၀နာရီမှ ၁၄း၀၀နာရီအထိ
၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ပြည်သူ့အင်အားဦးစီးဌာန၊ရုံးအမှတ်(၄၈)၊နေပြည်တော် ဖုန်း-၀၆၇-၄၃၁၃၃၇၊ ၀၆၇-၄၃၁၃၆၇သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**ထုခွဲရောင်းချရေးအဖွဲ့**
**ပြည်သူ့အင်အားဦးစီးဌာန**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်မှ အဆင့်မြင့်မီးခံအုတ်ထုတ်လုပ်ရေးဌာန(တညင်းကုန်း)ရှိ ကုန်ကြမ်း(၅)မျိုးအား မြန်မာကျပ်ငွေဖြင့်ရောင်းချလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၈-၉-၂၀၁၅ရက် ၁၅း၃၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ်(၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ (အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀၊ ၄၀၈၃၆၃)

**အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်မှ အဆင့်မြင့်မီးခံအုတ်ထုတ်လုပ်ရေးဌာန(ကျောက်ဆည်)ရှိ ကုန်ကြမ်း(၁)မျိုးအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၄-၉-၂၀၁၅ ရက် ၁၅း၃၀ နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ်(၄၁) နေပြည်တော်တွင်ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းပြီးတင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ (အသေးစိတ်သိလိုပါက စုံစမ်းရန်ဖုန်း-၀၆၇-၄၀၈၃၆၀၊ ၄၀၈၃၆၃)

**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဆောင်ရွက်မည့် System Improvement လုပ်ငန်းများအတွက် လိုအပ်သော Transformer များ၊ လိုင်းပစ္စည်းများ ACSR များ၊ Insulated Cableကြိုးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံစတင်ရောင်းမည့်ရက်** - ၁၄-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊**
**ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့**
**အမှတ် ၁၉၇/၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊**
**ဖုန်း-၀၁-၂၂၀၈၁၆**

## ကော့သောင်းဆီအုန်းစက်ရုံမှ စက်နှင့်စက်အရန်ပစ္စည်းများ(၈၄)မျိုး ရောင်းချလိုကြောင်း တင်ဒါခေါ်ယူခြင်း

၁။ **ရောင်းချမည့်ပစ္စည်းအမည်နှင့် အရေအတွက်** - ဆီအုန်းဆီကြိတ်စက်ရုံရှိ စက်ပစ္စည်း ၈၄ မျိုး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၃၀-၉-၂၀၁၅ရက် ညနေ၄း၀၀နာရီ

**တင်ဒါပေးသွင်းရမည့်နေရာ** - ဒုတိယဝန်ကြီး (၁)ရုံးခန်း၊ ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** **တယ်လီဖုန်းအမှတ်**
**ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။** **၀၆၇-၄၀၈၃၈၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၃) အထည်စက်ရုံ ဝါးစိုက်ကွင်း(စစ်ကိုင်း)ပိုင် မြေပေါ်ရှိ အသုံးမလိုတော့သည့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများနှင့် အဆောက်အအုံပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖြင့် ရောင်းချလိုပါကြောင်း ကြေညာအပ်ပါသည်-

**တင်ဒါအမှတ်** - ၁/၂၀၁၅-၂၀၁၆
**တင်ဒါဖြန့်ရက်** - ၁၄-၉-၂၀၁၅ ရက်
**တင်ဒါပိတ်ရက်** - ၂-၁၀-၂၀၁၅ ရက်

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနများတွင် စုံစမ်းနိုင်ပါသည်-

(က) စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော် ထုတ်လုပ်ရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဖုန်း-၀၆၇-၄၀၈၁၃၈၊၀၆၇-၄၀၈၄၃၉၊၀၆၇-၄၀၈၄၉၂

(ခ) အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)-မြေပြင်မျက်မြင်အခြေအနေကြည့်ရှုနိုင်ရန် ဖုန်း-၀၇၂-၂၂၃၄၀

## ဖိတ်ကြားလွှာ

တေဇ(၂၀)၏ ကျောင်းဆင်း (၂၂)နှစ်ပြည့်၊ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကျဆုံး၊ ကွယ်လွန်ခဲ့ကြသော သူငယ်ချင်းများအားရည်စူး၍ ရေစက်ချအလှူမင်္ဂလာ ပြုလုပ်ခြင်းနှင့် သင်ကြားပေးခဲ့ကြသော ဆရာသမားတို့အား ကန်တော့ခြင်း၊ အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများ မိသားစုနှင့်အတူ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

**အစီအစဉ်** - ၂၀၁၅ခုနှစ် စက်တင်ဘာ ၂၀ရက်၊ ၀၉း၀၀နာရီ ကုမာရရာမကျောင်းတိုက်၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

**ကျင်းပရေးကော်မတီ**




## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကြို့ချောင်းအုပ်စု၊ သူရောင်းကန်ကျေးရွာနေ ဦးစိန်သောင်း၏သမီး မနီလာစိုး ၈/တတက(နိုင်)၁၃၃၈၉၈(ခ)မနီနှင့် သမီး မတင်မာဝင်း ၈/တတက(နိုင်)၁၅၁၀၀၅(ခ)မတင်၊ မတင်(ခ)တင်မာဝင်းတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**နီလာစိုး(ခ)မနီ**
**မတင်၊ တင်မာဝင်း၊ မတင်(ခ)တင်မာဝင်း**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**မဟာအောင်မြေမြို့နယ်တရားရုံးတော်**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၅**

ဦးစိုင်းသန်းလွင် **နှင့်** ဦးသန်းထွန်း(ခ) တွမ်ဂျုံရှူး
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၈၀၊ အိမ်အမှတ် ၁၂/ခ၊ ၃၀×၃၁ လမ်းကြား၊ ၈၂×၈၃ လမ်းကြားနေ ဦးသန်းထွန်း(ခ) တွမ်ဂျုံရှူး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းသန်းလွင်က မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၅၅၊ ဦးပိုင် ၂၈ ဂရန်မြေကွက်နှင့် ပတ်သက်၍ တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၂၄ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ဤရုံးတော်၏ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းဌေးညွန့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ.ထ.က(၁) မုဒုံ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဟိန်းခန့်ကိုကို၊ မောင်ဟိန်းခန့်ညီညီတို့၏ဖခင်အမည်မှန်မှာ ဦးနိုင်နိုင်လင်း ၁၀/ပမန(နိုင်) ၀၀၀၄၀၃ ဖြစ်ပါသည်။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် ဦးသန်းထိုက်-ဒေါ်ဟေမာဝင်းစံတို့၏သား အမက(၁)အင်းစိန် ဗဟို၊ စတုတ္ထတန်း (A) မှ မောင်ဘုန်းပြည့်သန်းထိုက်အား မောင်အာကာသန်းထိုက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အာကာသန်းထိုက်**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်ပန်းတောင်းမြို့နယ်တရားမရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၈**

| | | |
|---|---|---|
| တပ်ကြပ်ကြီးဇော်ဝင်း | **နှင့်** | ဒေါ်ခင်သင်းကြူ |
| ကပ-၈၃၈၄၇၆ | | ယခင်အိမ်ထောင်သည်လိုင်းခန်း |
| အမှတ်(၁)ဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် | | အမှတ်(၁)ဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် |
| ကျောက်ပန်းတောင်းမြို့။ | | ကျောက်ပန်းတောင်းမြို့။ |
| | | (ယခုလိပ်စာမသိ) |
| **တရားလို** | | **တရားပြိုင်** |

ကျောက်ပန်းတောင်းမြို့နယ်၊ အမှတ်(၁)ဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အိမ်ထောင်သည်လိုင်းခန်းနေ ဒေါ်ခင်သင်းကြူ(ဘ)ဦးဆန်းမြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို တပ်ကြပ်ကြီးဇော်ဝင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၂၂ ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေထူးအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကျောက်ပန်းတောင်းမြို့နယ်တရားရုံး**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်ပန်းတောင်းမြို့နယ်တရားမရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၉**

| | | |
|---|---|---|
| တပ်ကြပ်ကြီးသန်းဇော် | **နှင့်** | ဒေါ်ဥမ္မာခိုင် |
| ကပ-၉၇၇၃၄၄ | | ယခင်အိမ်ထောင်သည်လိုင်းခန်း |
| အမှတ်(၁)ဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ | | အမှတ်(၁)ဒုံးစစ်ဆင်ရေးကွပ်ကဲမှု |
| ကျောက်ပန်းတောင်းမြို့။ | | ဌာနချုပ်၊ကျောက်ပန်းတောင်းမြို့၊ |
| | | (ယခုလိပ်စာမသိ) |
| **တရားလို** | | **တရားပြိုင်** |

ကျောက်ပန်းတောင်းမြို့နယ်၊ အမှတ်(၁)ဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အိမ်ထောင်သည်လိုင်းခန်းနေ ဒေါ်ဥမ္မာခိုင်(ဘ)ဦးတင်လှ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို တပ်ကြပ်ကြီးသန်းဇော်က လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၂၂ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငွေချက်များကိုထုတ်ပေးလိမ့်မည်။၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေထူးအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကျောက်ပန်းတောင်းမြို့နယ်တရားရုံး**





## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6862 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**


## မြေညီ(one set)ရောင်းမည်

*စမ်းချောင်းမြို့နယ်၊ ပေ(၁၂ ½ × ၅၀)
*မြေညီ(၂)ထပ် RC၊ Aircon (1)
*မြေညီ(Hall)/ကြွေပြားပြည့်ခင်းကပ်
*အပေါ်ထပ်(Hall)/ကျွန်းပါကေးပြည့်
*(မီးဖိုခန်း၊ ရေချိုးခန်း၊ ဘိုထိုင်)ကြွေပြား
*ပြင်ဆင်ပြီး၊ ရေမီးစုံ(ပွဲစားမလိုပါ)
ဖုန်း-၀၉၄၄၉၀၀၂၈၆၅၊ ၀၉-၇၃၁၅၆၄၉၄


## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် သာဇီအနောက် အမှတ် ၂၅/သာဇီအနောက်၊ မြေကွက်/ဦးပိုင်အမှတ် ၅၊ ဧရိယာ ၀.၁၁၁၈ ဧကရှိ ဒေါ်ချိုချို အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးတင့်ဝေ ၉/ပမန(နိုင်)၀၀၂၇၈၄၊ (ဘ)ဦးသန်းရွှေမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၈၃၄၇၊ Mitsubishi Fuso ၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ် ၉/တကန (နိုင်)၀၇၀၅၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၇၄၄၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**


# ဆရာခို – အမှတ်တံဆိပ်

## “ ဆရာခိုအနာလိမ်းဆေး သုံးစွဲသူ ”

## “ ရဟန်းရှင်လူမိဘပြည်သူများသိစေရန် ”

*  ငန်းတက်-မန်းတက်-ညှော်ငန်းတက်-အနာအမျိုးမျိုးအတွက်-မြန်မာဆေးစွမ်းကောင်းတစ်လက်-ဆရာခိုအမှတ်တံဆိပ်-ဆရာခို၏သမီးများ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး-ရွှေကြာ ပဒုမ္မာဆေးတိုက်မှ ဆရာခို-အနာလိမ်းဆေးတစ်မျိုးတည်းသာ ထုတ်လုပ်ရောင်းချပါသည်။

* စစ်မှန်သန့်ရှင်းသော ပရဆေးများပါဝင်၍ ပဒုမ္မာရွှေကြာ၊ ဝံသဌေဂါထာတော်ကိုရွတ်ဖတ်ပြီး ကျိုချက်ဖော်စပ်ထားသောကြောင့် ဘေးထွက်ဆိုးကျိုးမရှိစေဘဲ ဆေးစွမ်းအာနိသင် ထက်မြက်စေပါသည်။*

*  နှစ်ပေါင်းကြာမြင့်စွာကပင် မူလ-ပထမ-မူလလက်ဟောင်း ဆရာခိုအနာလိမ်းဆေးကြီးကို ဖခင်ကြီး ဦးဟံမောင် (ဆရာခို)နှင့် မိခင်ကြီး ဒေါ်သန်းညွန့်တို့မှ ဆရာခို အနာလိမ်းဆေး သုံးစွဲသူတို့အပေါ် စေတနာ၊ မေတ္တာ၊ ကရုဏာများထားကာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ပါတယ်။ ယခုအခါ ဆရာခို-သမီးများမှ ကွယ်လွန်သွားကြပြီးဖြစ်သော မိဘနှစ်ပါး၏စေတနာ၊ မေတ္တာ၊ ကရုဏာ တို့ဖြင့် ပေါင်းစပ်ပြီး ကျေးဇူးကြီးမားလှတဲ့ ဖေဖေ-မေမေ တို့ရဲ့ ဆုံးမမှု၊ သွန်သင်မှု၊ လမ်းညွှန်မှုလေးတွေကို တသွေမတိမ်း လိုက်နာလျက် ဆရာခို-အနာလိမ်းဆေးကြီးအား ဆက်လက်အခွန့်ရှည် တည်တံ့တိုးတက်ကောင်းမွန်စေရန် မေတ္တာဆပ္ပား၊ စေတနာထားကာ ထုတ်လုပ်ရောင်းချလျက်ရှိပါတယ်။ ခေတ်မီတိုးတက်အောင်မြင်လျက်ရှိသော နိုင်ငံတော်ကြီး အတွက်လည်း ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများအနေဖြင့် မိဘရဲ့အမွေအနှစ် မြန်မာ့ဆေးစွမ်းကောင်းဖြစ်သော ဆရာခို-အနာလိမ်းဆေးကြီးကို ကမ္ဘာမှာ မြန်မာဟော့လို့ “ပခက်လွဲသော လက်များသည်လည်း” ဆရာခိုဆေးသုံးစွဲသူ ရဟန်း၊ ရှင်လူ၊ မိဘပြည်သူအပေါင်းတို့၏ ကျန်းမာရေး၊ အနာရောဂါပျောက်ကင်းရေးတို့ကို တစ်ထောင့်တစ်နေရာကနေ စွမ်းစွမ်းတမံ ကူညီစောင့်ရှောက်ပေးနေတာ ဆရာခိုသမီးများရဲ့စေတနာပါ။ ဒါကြောင့် ဆက်လက်၍လည်း ဒီထက်ထူးခြားကောင်းမွန်အောင် ကြိုးစားသွားပါဦးမည်လို့လဲ ကတိပြုပါတယ်။ ဆရာခို-အမှတ်တံဆိပ် အနာလိမ်းဆေးကြီးကို ငွေလက်ငင်းစနစ်ဖြင့် မြို့တွင်း၌ ရောင်းချပေးသော ကိုယ်စားလှယ်ကြီးများနှင့် နယ်များမှလည်း မှာယူရောင်းချဖြန့်ဖြူးပေးသော ကိုယ်စားလှယ်ကြီး များအားလုံးကိုလည်း ဆရာခို၏သမီးများမှ အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားပါရစေရှင်။

*  ဆရာခို၏သမီးများမှ ထုတ်လုပ်ရောင်းချလျက်ရှိသော ဆရာခို အမှတ်တံဆိပ် အနာလိမ်းဆေးကြီးကို သုံးစွဲလျက်ရှိသော ရဟန်း၊ ရှင်လူ၊ မိဘပြည်သူများအနေဖြင့် မိမိဖြစ်ပေါ် ခံစားနေသော ဝေဒနာများအား ဆေးသုံးစွဲပုံများမသိရှိပါက ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ဖခင်ကြီး ဦးဟံမောင် (ဆရာခို)နှင့် မိခင်ကြီး ဒေါ်သန်းညွန့်တို့ ညွှန်ကြားခဲ့သည့်အတိုင်း မေတ္တာဖြင့် အခမဲ့ကူညီပါမည်။ တစ်ခါတစ်ရံ လုပ်ငန်းအခက်အခဲ လူမှုရေးအခက်အခဲများကြောင့် ပစ္စည်းထွက်နှုန်း လျော့နည်း၍ အနည်းငယ်ကြန့်ကြာမှုလေးများကိုတော့ သည်းခံခွင့်လွှတ်နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ မိတ်ဆွေတို့၏ရောဂါကင်း၍ ပြုံးပျော်ရွှင်မှုသည် ကျွန်မတို့၏ဆန္ဒဖြစ်ပါသည်။ ယုံကြည်စွာဝယ်ယူသုံးစွဲသူများ၏ အားပေးမှုကို အားရကျေနပ်မှုနှင့်အတူ ဖြန့်ဖြူးရောင်းချပေးသော ကုန်သည်ကြီးများ၏ဆန္ဒနှင့် အကျိုးစီးပွားကို အမြဲထာဝရ ဦးထိပ်ပန်ဆင်လျက် အမြဲတမ်းကြိုးစားသွားမှာဖြစ်ပါတယ်။ လူသားအားလုံး ကျန်းမာခြင်းသုခနဲ့ပြည့်စုံပြီး ဘယာဘေးအပေါင်းမှလည်း ကင်းဝေးနိုင်ကြပါစေ။

*  ဆရာခို၏သမီးများ အနာလိမ်းဆေးကိုသုံးစွဲသူ ရဟန်းရှင်လူ၊ မိဘပြည်သူအပေါင်းတို့မှလည်း ဆေးဘူးထဲတွင် ပဒုမ္မာရွှေကြာ-ဝံသဌေဂါထာတော်ပါဝင်သော ဆေးအညွှန်းလေးအတိုင်း သုံးစွဲကြပါရန်နှင့် ဆရာခို-၏သမီးများ ဆရာခို-အနာလိမ်းဆေး အစွမ်းထက်သည်မှာလည်း ယုံကြည်စိတ်ချစွာဝယ်ယူအားပေးခဲ့ကြသော ရဟန်းရှင်လူ မိဘပြည်သူအပေါင်းတို့၏ ငွေများ ဖြင့် နှစ်စဉ်နှစ်တိုင်း ဆရာခိုဆေးထုတ်လုပ်ခဲ့သော ကျေးဇူးရှင်မိဘနှစ်ပါးတို့အားရည်စူး၍ လှူဒါန်းမှုအစုစုတို့ဖြင့် တိုင်တည်လှူဒါန်းခဲ့ခြင်းနှင့် သမီးများရဲ့ လောဘ-ဒေါသ-မောဟ ကင်းစင်ပြီး စေတနာ၊ မေတ္တာတရားများကြောင့် ဆေးစွမ်းထက်နေခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆရာခို၏သမီးများ**
**မူလပထမပင်ရင်းဌာန**
**အမှတ် ၇၉၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၄၈၆၃၉**

# နာမည်ကြီးကမ္ဘောဇအသင်း ဂိုးပြတ်နိုင်

**တောင်ကြီး စက်တင်ဘာ ၁၃**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲပွဲစဉ် (၁၇) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

**(တောင်ကြီးကွင်း)**

| | | |
|---|---|---|
| **ကမ္ဘောဇ** | - | **သုံးဂိုး** |
| **မနောမြေ** | - | **တစ်ဂိုး** |

နာမည်ကြီးကမ္ဘောဇအသင်းမှာ အိမ်ကွင်းနိုင်ပွဲရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ဒုတိယပိုင်းသွင်းဂိုးများဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းမှာ ပထမပိုင်းတွင် ခြေစွမ်းပြနိုင်ခြင်းမရှိသော်လည်း ဒုတိယပိုင်းတွင် လူစားလဲမှုန်ကန်ခဲ့ကာ ကစားအားတက်ပြီး ဂိုးများရခဲ့ခြင်းဖြစ်သည်။ တန်းဆင်းဇုန်မှ ရုန်းထွက်ရန် ကြိုးပမ်းနေသည့် မနောမြေအသင်းသည် ဦးဆောင်ဂိုး စတင်သွင်းယူနိုင်သော်လည်း ရလဒ်ကောင်းများရယူနိုင်ခြင်းမရှိခဲ့ပေ။

ကမ္ဘောဇအသင်းသည် ပွဲပယ်ခံထားရသည့် ဂျော်ဂျီမှ လွဲ၍ အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို တန်းဆင်းဇုန်ထဲ ရောက်နေသည့် မနောမြေအသင်းကလည်း အမှတ်ရယူနိုင်ရန် လူစုံသုံးခဲ့သည်။ ပထမပိုင်းတွင် မနောမြေအသင်းက ခံစစ်ပိတ်ကစားခဲ့၍ ကမ္ဘောဇအသင်းဖိကစားနိုင်ခဲ့သော်လည်း ဂိုးရရှိရန် မစွမ်းဆောင်နိုင်ခဲ့ပေ။ ၅၆ မိနစ်တွင် ကမ္ဘောဇအသင်း

*စာမျက်နှာ ၁၄ ကော်လံ ၁* ☼



# မြန်မာအသင်းယှဉ်ပြိုင်မည့် အိုလံပစ်အမျိုးသမီးခြေစစ်ပွဲ ယနေ့စတင်မည်

**ရန်ကုန် စက်တင်ဘာ ၁၃**

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးအာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲကို စက်တင်ဘာ ၁၄ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲတွင် အာဆီယံထိပ်သီးအသင်းများအပါအဝင် အာရှအသင်းများ ပါဝင်နေရာ

*စာမျက်နှာ ၁၄ ကော်လံ ၁* ❒

# မယ်စကြာဝဠာအလှမယ်များအား Miss Famous ဆုအတွက် စက်တင်ဘာ ၁၅ ရက်မှစ၍ မဲပေးလို့ရပြီ

**ရန်ကုန် စက်တင်ဘာ ၁၃**

**သတင်း-မင်းခေတ်**
**ဓာတ်ပုံ-မင်းထက်**

မြန်မာနိုင်ငံအနေဖြင့် တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည့် Miss Universe ပြိုင်ပွဲအတွက် ဆန်ခါတင်ရွေးချယ်ထားသည့် အလှမယ် ၂၀ ထဲမှ ပရိသတ်များအနေဖြင့် မိမိနှစ်သက်ရာ အလှမယ်တစ်ဦးကို Miss Famous ဆုအတွက် စက်တင်ဘာ ၁၅ ရက်မှစတင်ကာ မဲပေးနိုင်ပြီဖြစ်ကြောင်း Miss Universe Myanmar Organization မှ သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ●



# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း ၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်

*စာမျက်နှာ ၇ ကော်လံ ၁* ❖




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

* ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ပြီး ကြေညာမည်။
* မဲဆန္ဒရှင်ပြည်သူများသွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်များနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊ သို့မှသာ မှန်ကန်သည့်မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။
* မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

ရွေးကောက်ပွဲကျင်းပရန်

၅၅

ရက်သာလိုတော့သည်။

# ရွေးကောက်ပွဲမဲပေးရာတွင် ကလေးသူငယ်အခွင့်အရေးကို လုပ်ပေးနိုင်မည့်သူကို မဲထည့်နိုင်ရန် လှုပ်ရှားမှုတစ်ခုပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ အခွင့်အရေးများ ပိုမိုရရှိရန် ရည်ရွယ်၍ "ကလေးများအတွက် မဲပေးပါ"ဟု အမည်ပေးထားသည့် လှုပ်ရှားမှုတစ်ရပ်ကို စက်တင်ဘာ ၉ ရက်မှစ၍ ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာ ၈ ရက်အထိ ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းလှုပ်ရှားမှုကို ဦးဆောင်ပြုလုပ်မည့် NGO Child Rights Working Group-NCRWG အဖွဲ့မှ တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။

အဆိုပါလှုပ်ရှားမှုနှင့်ပတ်သက်၍ (NCRWG) အဖွဲ့ဝင် Save the Children အဖွဲ့မှ ဒေါ်နီနီလှကု "လာမယ့် ရွေးကောက်ပွဲဝင် အရွေးခံမယ့် လွှတ်တော်အမတ်တွေအနေနဲ့ နိုင်ငံအနာဂတ်နဲ့ ဖွံ့ဖြိုးရေးအတွက် အရေးကြီးတဲ့ ကလေးတွေရဲ့အရေးကိစ္စကို အာရုံစိုက်ပြီး အလုပ်လုပ်မယ့် နိုင်ငံရေးသမားတွေကိုသာ မဲပေးဖို့ တောင်းဆိုမှာပါ။ ကလေးမိဘတွေအနေနဲ့လည်း သူတို့ သားသမီးတွေရဲ့အနာဂတ်အတွက် စဉ်းစားပြီး မဲပေးနိုင်ဖို့အတွက်ပါ"ဟု ပြောသည်။

ယင်းလှုပ်ရှားမှုကို မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီးတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရပြီး အင်န်ဂျီအို အဖွဲ့အစည်း ၅၀ ကျော်နှင့်အတူ အဆိုပါဒေသအတွင်းတွင် နေထိုင်သည့် ကလေးသူငယ်များပါ ပါဝင်၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း NCRWG အဖွဲ့မှ ဒေါ်ခင်ခင်ထွေးက ပြောသည်။

"ကလေးတွေဟာ လက်ရှိလူမှုစနစ်တစ်ခုအောက်မှာ ရှိတဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေရဲ့ ဖြစ်ပျက်နေတာတွေကို ကိုယ်တိုင်ဖြတ်သန်းနေသူတွေပါ။ ဒါ့အတွက်ကြောင့် သူတို့လေးတွေဟာ ဒီလူမှုစနစ်တစ်ခု ကောင်းမွန်စွာ လည်ပတ်ဖို့ မူဝါဒရေးဆွဲမယ့်သူတွေကို တိုက်ရိုက်အကြံပေးပြီး အတွေ့အကြုံတွေကို တင်ပြမှာပါ" ဟု ဒေါ်ခင်ခင်ထွေးက ပြောသည်။

မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံသည် ကလေးများ ဖြစ်ကြပြီး ထိုကလေးများထံတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အလွန်အရေးပါသည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ကလေးငယ်များ၏လိုအပ်ချက်များကို ဦးစားပေး လုပ်ဆောင်ရန် လိုအပ်ကြောင်း NCRWG မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုဆိုရင် ကလေးတွေမှာ အခွင့်အရေးချိုးဖောက်ခံရမှုတွေ ကြုံနေရတယ်။ တောင်းရမ်းစားသောက်ခိုင်းမှုတွေ၊ ကလေးအလုပ်သမား ကိစ္စတွေ၊ ကလေးတွေအပေါ်မှာ အလေးအနက်မထားဘဲ လျစ်လျူရှုခြင်းခံရတာတွေ ဖြစ်ပေါ်နေပါတယ်။ ဒါ့ကြောင့်ကလေးတွေ တွေ့ကြုံခံစားနေရတာတွေ၊ အခွင့်အရေးချိုးဖောက်ခံနေရတာတွေကို ကိုယ့်အရပ်ဒေသမှာ သိအောင် ဒီကမ်ပိန်းနဲ့ အတူလုပ်သွားမယ်။ ပြီးရင် ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းတွေနဲ့တွေ့ပြီး ကိုယ့်အတွေ့အကြုံတွေကိုတင်ပြမယ်"ဟု ယင်းလှုပ်ရှားမှုတွင် ပါဝင်မည့် လှိုင်သာယာမြို့နယ်မှ ကလေးကိုယ်စားလှယ်ဖြစ်သူ မောင်ဇင်မင်းသူက ပြောသည်။



လက်ရှိ မြန်မာနိုင်ငံတွင် အသက် ၅ နှစ်မှ ၁၈ နှစ်ကြားရှိ ကလေး ၄ ဒသမ ၄ သန်းသည် ကျောင်းမတက်ကြတော့ကြောင်း၊ အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား ကလေးငယ် ၁၆ သန်းသည် အလုပ်လုပ်နေရကြောင်း၊ ၂ ဒသမ ၃ သန်းသော ကလေးငယ်များသည် အိမ်သာသုံးစွဲနိုင်ခြင်းမရှိသေးကြောင်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ အချက်အလက်များအရ သိရသည်။ **သတင်း-သီဟသူ၊ ဓါတ်ပုံ-ဘအေး**

## မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများ၊ CSOများ၊ မီဒီယာများတွေ့ဆုံ

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများ၊ မီဒီယာများတွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွဋ်က ပါတီများ၊ စည်းရုံးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ မဲဆန္ဒရှင် သက်သေခံလက်မှတ်များအကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲများ မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ (ပုံစံ-၃-က) ကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးစိုးနိုင်က နိုင်ငံရေးပါတီများနှင့် CSO ၏ ကျင့်ဝတ်များကို ရှင်းလင်းဆွေးနွေးသည်။




ဆက်လက်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးကျော်သန်းထွန်းက မီဒီယာကျင့်ဝတ်နှင့် ရွေးကောက်ပွဲတွင် သတင်းမီဒီယာများ သတင်းရယူနိုင်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဟန်ထွန်းက ရွေးကောက်ပွဲလုံခြုံရေး စီမံထားမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပါတီများ၊ CSO များ၊ မီဒီယာများက ဆွေးနွေးတင်ပြပြီး ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## မဲဆွယ်စည်းရုံးခွင့်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြား

**ရန်ကုန် စက်တင်ဘာ ၁၃**

မဲဆွယ်စည်းရုံးခွင့်နှင့်ပတ်သက်၍ လိုက်နာရန်ကိစ္စများ မြို့နယ် ရွေးကောက်ပွဲကော်မရှင်နှင့်ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများအား အသိပေးညှိနှိုင်းခြင်းအစည်းအဝေးကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကော်မရှင်ရုံးခန်းမ၌ စက်တင်ဘာ ၁၀ ရက်က ကျင်းပရာ အခမ်းအနားတွင်မြို့နယ်ကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်ကမဲဆွယ်စည်းရုံးခွင့်နှင့်ပတ်သက်၍ လိုက်နာရန်ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများက သိရှိလိုသည်များမေးမြန်းခဲ့ရာ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **သော်ဇင်ထက်(ပြန်/ဆက်)**

## မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာပေးနိုင်ရေး တာချီလိတ်၌ ဆွေးနွေး

**တာချီလိတ် စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်၌ နိုဝင်ဘာလအတွင်း ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်မည့် မဲဆန္ဒရှင် အမည်စာရင်းများကို ထုတ်ပြန်ကြေညာပေးနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထိန်မင်းက မဲဆန္ဒရှင်စာရင်းများ စက်တင်ဘာ ၁၄ ရက်တွင် ကြေညာပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ဂန့်ဂေါခရိုင်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း ထုတ်ပြန်ကြေညာ

**ဂန့်ဂေါ စက်တင်ဘာ ၁၃**

ဂန့်ဂေါခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဂန့်ဂေါခရိုင်အတွင်းရှိ ဆော၊ ထီးလင်း၊ ဂန့်ဂေါမြို့နယ်များ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို စက်တင်ဘာလပထမပတ်က ထုတ်ပြန်ကြေညာထားသည်။

ဖော်ပြပါ ကြေညာချက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း လေးဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၀၊ မကွေးတိုင်းဒေသကြီး လွှတ်တော်၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးတို့၏ အမည်စာရင်းများကို ထုတ်ပြန်ကြေညာထားခြင်းဖြစ်ကြောင်း သိရသည်။ (၁၀၁)

# ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၃

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီဥက္ကဋ္ဌ ဦးရဲထွန်းက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

ကျွန်တော်ကတော့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီဥက္ကဋ္ဌ ဦးရဲထွန်းဖြစ်ပါတယ်။ မိဘပြည်သူအားလုံး စိတ်၏ချမ်းသာခြင်းကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဂါရဝတရားရှေ့ထား၍ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံဟာ တိုင်းတစ်ပါးနယ်ချဲ့ ဗြိတိသျှ(အင်္ဂလိပ်)လူမျိုးတွေရဲ့လက်အောက်မှာ ကျွန်အဖြစ်နဲ့ နှစ်ပေါင်းတစ်ရာကျော်နေခဲ့ရပါတယ်။ ဒီတော့ကျွန်တော်တို့ အဘိုးအဘွားများက သူ့ကျွန်မခံတော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအလီလီ ဆင်နွှဲခဲ့တာကြောင့် ၁၉၄၈ ဇန်နဝါရီ ၄ ရက်နေ့မှာ လွတ်လပ်ရေးကြေညာနိုင်ခဲ့ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့အချုပ်အခြာအာဏာပိုင် 'ပြည်ထောင်စု မြန်မာနိုင်ငံ'ရယ်လို့ ကမ္ဘာအလယ်မှာ ဝင့်ထည်စွာ ရပ်တည်လာနိုင်ခဲ့ပါတယ်။

သို့ပေမယ့် လွတ်လပ်ပြီး ၁၄ နှစ်အကြာ ၁၉၆၂ခုနှစ်မှာ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်တဲ့တော်လှန်ရေးကောင်စီအစိုးရ တက်လာချိန်မှာတော့ လွတ်လပ်ရေးနဲ့အတူရရှိခဲ့တဲ့ ပါလီမန်စနစ်လည်း နိဂုံးကမ္ပတ်အဆုံးသတ်သွားရပါတော့တယ်။ အဲဒီနောက် ၁၄ နှစ်အကြာ ၁၉၇၄ မှာတော့ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီဦးဆောင်မှုနဲ့တစ်ပါတီစနစ်ကျင့်သုံးတဲ့ နိုင်ငံအဖြစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပါတယ်။

အဲဒီနောက် ၁၄ နှစ်အကြာ ဩဂုတ်လ ၈ ရက်နေ့မှာတော့ တစ်ပြည်လုံး ပါဝင်လာတဲ့ ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်နေ့မှာ တစ်ပါတီစနစ်ကျင့်သုံးတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီပြုတ်ကျပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ)က နိုင်ငံတော် အာဏာအရပ်ရပ်ကို ထိန်းချုပ်လိုက်ပါတယ်။ နဝတအစိုးရက ပါတီတွေ တည်ထောင်ခွင့်ပြုခဲ့ပြီး ၂ နှစ်အကြာ ၁၉၉၀ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွေကျင်းပပေးခဲ့ပါတယ်။ သို့ပေမယ့် ဒီမိုကရေစီ အစိုးရတော့ တက်မလာသလို ဒီမိုကရေစီနိုင်ငံလည်း ဖြစ်မလာခဲ့ပါဘူး။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

မြန်မာနိုင်ငံမှာ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပါလီမန်ဒီမိုကရေစီစနစ်၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်ပါတီစနစ်တွေ ကျင့်သုံးခဲ့တာပါ။ အခု ဒီမိုကရေစီစနစ်ကို ပြန်လည်ကျင့်သုံးမယ်ဆိုတော့ နဂိုကသုံးခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေကို ကျင့်သုံးဖို့ မဖြစ်နိုင်တော့တာနဲ့ ၁၉၉၃ ခုနှစ် ကစပြီး အမျိုးသားညီလာခံကျင်းပကာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲခဲ့ကြပြီး ၁၅ နှစ်အကြာမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွက်လာခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ နိုင်ငံရေးပါတီများ ထူထောင်ခွင့်ပြုခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပခဲ့လို့ ဒီနေ့အားလုံးသိနေကြတဲ့ လွှတ်တော်ကြီးတွေ၊ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး/ပြည်နယ်စတဲ့ အစိုးရတွေ ပေါ်ပေါက်လာပြီး ဒီမိုကရေစီနိုင်ငံထူထောင်ရေး လမ်းစပေါ်သို့ လျှောက်လှမ်းခဲ့ပါတယ်။ ယခုဆိုလျှင် လွှတ်တော်ပထမသက်တမ်း ကုန်ဆုံးပါတော့မယ်။ နိုဝင်ဘာ ၈ ရက်နေ့မှာ လွှတ်တော် ဒုတိယသက်တမ်းအတွက် ကိုယ်စားလှယ်အသစ်တွေ ရွေးချယ်ဖို့၊ အစိုးရသစ်ဖွဲ့စည်းနိုင်ဖို့အတွက် ရွေးကောက်ပွဲများ ကျင်းပပါတော့မယ်။ ပို၍ကောင်းတဲ့ နိုင်ငံရေးနဲ့ စီးပွားရေး၊ ပြီးတော့ ပြည်သူတစ်ရပ်လုံးရဲ့ လူနေမှုဘဝတွေ တိုးတက်ဖွံ့ဖြိုးနိုင်ရေးတို့အတွက် ပြည်သူများကိုယ်တိုင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်အရွေးခံခွင့်ရပြီး ကြိုက်တဲ့ကိုယ်စားလှယ်လောင်းကို ရွေးချယ်ပေးခွင့်ရပါတော့မယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

အခု ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီရဲ့ နောက်ခံသမိုင်း (အကျဉ်း) ကို တင်ပြလိုပါတယ်။ ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များဟာ ၁၉၈၈ ခုနှစ် မတ်လကစပြီး မြန်မာနိုင်ငံရေးစနစ် ပြောင်းလဲရန်အတွက် အသက်သွေးချွေးပေးဆပ်စတေးပြီး ပြည်သူနဲ့အတူနေ၊ ပြည်သူနဲ့ အတူဒုက္ခခံရင်း ပြည်သူနဲ့အတူ ရုန်းကန်လှုပ်ရှားခဲ့တာ အခုဆိုလျှင် ၂၇ နှစ်ကျော်လာခဲ့ပါပြီ။ ကျွန်တော်တို့ကိုယ်တိုင် ထောင်တွေထဲမှာ နှစ်ရှည်လများနေခဲ့ရပြီး ၂၀၀၅ ခုနှစ် ဇူလိုင်လ ထောင်ကလွတ်တာနဲ့ ၈၈ မျိုးဆက်များကိုစုစည်းကာ မပြီးဆုံးသေးတဲ့ နိုင်ငံရေးဇာတ်ကို ဆက်ကဖို့ စက်တင်ဘာလ ၂၅ ရက်နေ့မှာ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ကို ဖွဲ့စည်းထူထောင်နိုင်ခဲ့ပြီး အသွေးတူ အသားတူ စိတ်ဓာတ်တူ ရည်ရွယ်ချက်တူတဲ့ ၈၈ မျိုးဆက်များကို ဆက်လက်စုစည်းခဲ့ပါတယ်။

ဒါကြောင့်လည်း စုစည်းပြီးဖြစ်တဲ့ ၈၈ မျိုးဆက်များရဲ့အားဖြင့် နိုင်ငံရေးအပြောင်းအလဲမှာ ပြည်သူတစ်ရပ်လုံး ပါဝင်ခွင့်ရလာစေရေးအတွက် အမျိုးသားလှုပ်ရှားမှုတစ်ရပ်ဖော်ဆောင်ရန် ပြင်ဆင်ခဲ့ပါတယ်။ အဲဒီမှာဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် ကြီးမားတဲ့ အဟန့်အတားတစ်ခုဖြစ်နေတဲ့ စီးပွားရေးပိတ်ဆို့မှုကို ဆန့်ကျင်တဲ့လှုပ်ရှားမှုတွေ ဖော်ဆောင်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဒီမိုကရေစီရေးအတွက် အားခဲကြိုးပမ်းနေချိန်မှာ စီးပွားရေးပိတ်ဆို့မှုဒဏ်ချက်ကြောင့် ပြည်သူအများ စီးပွားရေးထိခိုက်ပြီး စားဝတ်နေရေး အဆင်မပြေမှုများနဲ့ ငတ်မှုများဖြစ်နေခြင်းဟာ အားကုန်သုံးရမယ့်လူတွေဟာ အင်အားချည့်နဲ့သွားခဲ့ရပါတယ်။ ထို့အပြင် ပြည်တွင်းပြည်ပ နှစ်ဌာနလုံးမှာရှိတဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူများ အချင်းချင်း သွေးကွဲခဲ့ပြီး နိုင်ငံရေးကွင်း ပျောက်လုနီးနီး ဖြစ်သွားရပါတယ်။ မြန်မာနိုင်ငံသားများဟာ ဘာမှလုပ်စရာ မလိုဘဲ အမေရိကန်၊ ဥရောပနှင့်ပြည်တွင်းမှပြည်ပ အားကိုးသူများရဲ့ စီးပွားပိတ်ဆို့မှုလက်နက် ထိရောက်မှု ရှိ မရှိကိုသာ ထိုင်ကြည့်ရမယ့် သဘောဖြစ်နေပါတယ်။

ဒါ့ကြောင့်လည်း ပြည်တွင်းအားကိုးယုံကြည်၊ ပြည်သူကိုအားကိုးကာကိုယ့်အင်အားဖြင့် ဒီမိုကရေစီအပြောင်းအလဲကို ဆောင်ရွက်ခဲ့ကြတဲ့ ကျွန်တော်တို့ ၈၈ မျိုးဆက်တွေဟာ ၂၀၀၆ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဝိုင်အမ်ဘီအေ (YMBA) ခန်းမမှာ စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေးအမျိုးသားလှုပ်ရှားမှု ၂၀၀၇ ကို ဖော်ဆောင်မှာဖြစ်ကြောင်း ကြေညာပြီးတစ်မျိုးသားလုံးပါဝင်နိုင်စေရန် မြန်မာပြည်တစ်နံတစ်လျားမှာ ပြည်သူလူထုနဲ့ ထိတွေ့ဆက်ဆံနိုင်ဖို့ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲတွေပြုလုပ်ပါတယ်။ စာရွက်စာတမ်းများ ဖြန့်ဝေတဲ့လှုပ်ရှားမှုတွေပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ အမျိုးသားလှုပ်ရှားမှုကို တခြားသောနိုင်ငံရေးအစုအဖွဲ့များ၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနဲ့ လူတန်းစားရေးရာ အသင်းအဖွဲ့များပါ ပူးပေါင်းပါဝင်လာကြပါတယ်။ ဒီတော့နိုင်ငံကို ဘယ်သို့ဘယ်ပုံပြောင်းလဲ ဖန်တီးမလဲလို့ စဉ်းစားညှိနှိုင်းကြရင်း နိုင်ငံထူထောင်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် မဖြစ်မနေလိုအပ်နေတာကို တွေ့ကြရပါတယ်။ ဒါကြောင့်လည်း ၂၀၀၇ ခုနှစ် မတ်လ မန္တလေးမှာပြုလုပ်တဲ့ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲမှာ အမျိုးသားနိုင်ငံရေး အင်အားစုများအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး အမျိုးသားလှုပ်ရှားမှု ၂၀၀၇ ကို ဖော်ဆောင်မည်ဖြစ်ကြောင်း ကြေညာနိုင်ခဲ့ပါတယ်။ အဲဒီနောက် ၈၈ မျိုးဆက်များနှင့်အတူ ပူးပေါင်းပါဝင်လာခဲ့ကြတဲ့ အမျိုးသား နိုင်ငံရေးအင်အားစုများဖြင့် ၂၀၀၇ ဇူလိုင် ၂၃ မှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသားရေးလှုပ်ရှားမှုများကို ဆက်လက်ဖော်ဆောင်ခဲ့ကြတယ်။

အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားလှုပ်ရှားမှု (၂၀၀၇) ကို စတင်ဖော်ဆောင်သည်မှ တစ်နှစ်တိတိပြည့်တဲ့ ၂၀၀၈ မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ(မူကြမ်း)ကြီးပေါ်ထွက်ပြီး ဆန္ဒခံယူပွဲများကျင်းပကာ အတည်ပြုနိုင်ခဲ့ပါတယ်။ ဒီတော့ ရရှိလာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံရေးပါတီများ ထူထောင်နိုင်ရေး၊ လွှတ်တော်ရွေးကောက်ပွဲများကျင်းပရေး၊ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်မဲပေးနိုင်ရေးအတွက် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်တို့ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအမျိုးသားလှုပ်ရှားမှု (၂၀၀၉) ကို သုံးခုမြောက် အမျိုးသားလှုပ်ရှားမှုအနေနဲ့ ၂၀၀၉ မတ်လ ၉ ရက်နေ့မှာ စတင်လှုပ်ရှားဖော်ဆောင်ခဲ့ပါတယ်။

ကျွန်တော်တို့ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာရပ်တည်ကာ "တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံး ပါဝင်ခွင့်ရှိတဲ့ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍသစ်" တစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေတဲ့ သမိုင်းနောက်ခံပေါ်မှာ အခြေခံကာ ပေါ်ပေါက်လာတဲ့ နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးအတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ထွက်ပေါ်လာပြီး နိုင်ငံရေးပါတီများ ထူထောင်ခွင့်ရရှိလာပြီး ပြည်သူလူထု တစ်ရပ်လုံးလည်း နိုင်ငံရေးမှာ ပါဝင်ခွင့်ရရှိလာခဲ့ပါတယ်။ သို့ပေမယ့် ပါတီတည်ထောင်ခြင်းကို ဆန့်ကျင်တဲ့ အင်အားစုတွေ ပေါ်ပေါက်လာပြီး အပြင်းအထန် ဝေဖန်တိုက်ခိုက်မှုများ ပြုလုပ်လာကြပါတယ်။ အဲဒီလို အခက်အခဲများကြားကပဲ ကျွန်တော်တို့ ၈၈ မျိုးဆက်တွေဟာ ပါတီစုံ ဖော်ဆောင်ရေး လမ်းကြောင်းမှ လုံးဝမသွေဖည်ဘဲ ဘယ်သူမှ ပါမလာလည်းတို့ဖြစ်အောင် လုပ်ရမယ်ဆိုတဲ့အကြံနဲ့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ( ပြည်ထောင်စု မြန်မာနိုင်ငံ) အနေနဲ့ ခွပ်ဒေါင်းအလံဆက်လက်ကိုင်ဆွဲပြီး ပါတီတည်ထောင်ခဲ့သလို ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုး သားနိုင်ငံရေးအဖွဲ့ချုပ်အနေနဲ့လည်း ကဒေါင်းအလံဆက်လက်ကိုင်ဆွဲပြီး ပါတီ တည်ထောင်ခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့ကျင့်သုံးနေတဲ့ ပါတီစုံ လမ်းကြောင်းပေါ်မှာ ဒီပါတီနှစ်ခုဟာ အဦးဆုံး ထွက်ပေါ်လာတဲ့ နိုင်ငံရေးပါတီများဖြစ်ပါတယ်။

ကျွန်တော်တို့ ၈၈ မျိုးဆက်တွေက 'ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စစ်မှန်သည့် ပြည်ထောင်စုစနစ်ကျင့်သုံးခြင်း၊ လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာ ပိုင်စိုးမှုရှိခြင်းနှင့်စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများနှင့် ငြိမ်းချမ်းသာယာပြီး တိုးတက်ဖွံ့ဖြိုးသည့် လူနေမှုဘဝကို ပိုင်ဆိုင်သော ခေတ်မီနိုင်ငံ ဖြစ်ပေါ်ရေးအတွက် နိုင်ငံသားအားလုံးနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားမည်'ဟု အဓိဋ္ဌာန်ပြုပြီး ပါတီတစ်ရပ်အနေဖြင့် ထူထောင်ခဲ့တာဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

"နိုင်ငံသားတိုင်း လိင်ကွဲပြားခြားနားမှုကြောင့် တန်းတူရည်တူအခွင့်အရေးခံစားခွင့်ရှိရေးကို ထိခိုက်မှုမရှိစေရန် အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝဖြစ်ပေါ်ရေး"နှင့် "နိုင်ငံသားတိုင်း မင်းမဲ့စရိုက်ဖြင့် အကြမ်းဖက်ခံရခြင်းမှ လုံခြုံမှုအာမခံချက် ရရှိနိုင်သည့် လူနေမှုဘဝဖြစ်ပေါ်ရေး"ကို ဦးတည်ပါတယ်။

"ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတည်းဟူ သောဗလငါးတန်ဖွံ့ဖြိုးရေးကိုရှေးရှု၍ နိုင်ငံသားတိုင်း စာတတ်မြောက်ပြီး ပညာရည်မြင့်မားသော လူနေမှုဘဝဖြစ်ပေါ်ရေး"နှင့် "နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးကို အာမခံချက်ပေးနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်သော လူနေမှုဘဝဖြစ်ပေါ်ရေး"ကို ဦးတည်ပါတယ်။

"နိုင်ငံသားတိုင်း ပုဂ္ဂလိက စီးပွားရေးကို ပြည်တွင်း ပြည်ပနှစ်ဌာနလုံးတွင် လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိသောစစ်မှန်သည့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရေး"၊ "လယ်ယာသားငါးနှင့် စက်မှု လက်မှုစသည့် ကုန်ထုတ်လုပ်ငန်းများတွင် ခေတ်မီနည်း ပညာများကျယ်ပြန့်စွာအသုံးပြုနိုင်ရေး"နှင့် "နိုင်ငံသား အားလုံး၏ လူနေမှုအဆင့်အတန်းကို မြင့်မားလာစေပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ် ပေါ်လာစေရေး"တို့ကိုဦးတည်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီက "နိုင်ငံသားအားလုံး၏ အခြေခံလူ့အခွင့်အရေးများကို အာမခံချက်ပေးနိုင်ရေး"၊ "နိုင်ငံသားတိုင်းဥပဒေရှေ့မှောက်၌ တန်းတူရည်တူ အခွင့်အရေးရရှိစေရေး"နှင့် "နိုင်ငံသားတိုင်း လွတ်လပ်စွာ ပရိယေသနရှာဖွေစားသောက်နိုင်ပြီး စားဝတ်နေရေး ပြေလည်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရေး"တို့ကို အာမခံချက်ပေးနိုင်တဲ့ လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်ပါတယ်။



"နိုင်ငံသားတိုင်း လွတ်လပ်စွာ အိမ်ရာ ထူထောင်အခြေချနေထိုင်ရေး"၊ "လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ကျင့်သုံးရေး"၊ "လွတ်လပ်စွာဆန္ဒသဘောထား ထုတ်ဖော်ပိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့်စသည့် ဒီမိုကရေစီ အခွင့်အရေးများ"ကို အာမခံချက်ပေးနိုင်တဲ့ လူနေမှုဘဝဖြစ်ပေါ်ရေးကို ဦးတည်ပါတယ်။

"ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၏ အစိုးရအဖွဲ့များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် လွတ်လပ်၍ အဓိပ္ပာယ်ရှိပြီး အကျိုးရှိသောလက်တွေ့ကျသည့် ဆက်ဆံရေးစနစ် ကျင့်သုံးခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မြန်မာ့လူနေမှုဘဝ ဖြစ်ပေါ်ရေး"ကို ဦးတည်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီက "လက်နက်ကိုင်ပဋိပက္ခအမြစ်ပြတ်ချုပ်ငြိမ်းရေး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့်ဒီမိုကရေစီရေးစိတ်ဓာတ်များကို အခြေခံ၍ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံထူထောင်ရေး၊ ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ပြောင်းလဲရေးနည်းလမ်းဖြင့် ပြည်ထောင်စုအစိုးရဖွဲ့စည်းထူထောင်ရေး"စတဲ့ ရည်ရွယ်ချက်များ ထားရှိပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

"လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ အကြမ်းဖက်ဝါဒ၊ လူမျိုးရေးအစွန်းရောက်ဝါဒ၊ ဘာသာရေးအစွန်းရောက်ဝါဒ"တို့ကို ဆန့်ကျင်ပြီး နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးသက်သက်ကိုသာ ရှေးရှုဆောင်ရွက်သော နိုင်ငံရေးကျင့်စဉ်ကို စောင့်ထိန်းလိုက်နာကျင့်သုံးပါတယ်။

"တိုင်းရင်းသားလူမျိုးများ ငြိမ်းချမ်းစွာစုပေါင်းနေထိုင်ခြင်း၊ လုံးဝလွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းတည်းဟူသော ဝိသေသ လက္ခဏာများ မပျောက်မပျက်ရှင် သန်လှုပ်ရှား သက်ဝင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရေး လမ်းစဉ်"၊ "အများစု၏ ဆန္ဒသဘောထားကို အနည်းစုက လေးစားလိုက်နာခြင်း၊ အနည်းစု၏ဆန္ဒသဘောထားကို အများစုက တန်ဖိုးထား အသိအမှတ်ပြုခြင်း တည်းဟူသော စစ်မှန်သည့် ဒီမိုကရေစီကျင့်စဉ်" နှင့် "နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီရေးရာကိစ္စများကိုဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားများနှင့်အညီ နိုင်ငံသားတိုင်း ကာယ၊ ဉာဏ၊ ဝီရိယ စွမ်းအားအလျောက် တန်းတူ ရည်တူအခွင့်အရေးရှိသည့် လမ်းစဉ်"တို့ကို လိုက်နာကျင့်သုံးပြီး ပါတီ၏သဘောထားဟူသမျှသည် ပါတီဝင်ထု၏ ဆန္ဒကို ထင်ဟပ်စေပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ ( ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီက "စည်ပင်သာယာရေးအဖွဲ့ဝင်များကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရရုံးစိုက်သည့် မြို့များတွင် မြို့တော်ဝန်များထားရှိ ခန့်ထားနိုင်ရေးတို့ကို အများသဘောတူ ရွေးကောက်တင်မြှောက်သည့်စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်၊ မြို့တိုင်းနယ်တိုင်းတွင် လွတ်လပ်ရေးပန်းခြံ၊ အောင်ဆန်းပန်းခြံ၊ လွတ်လပ်ရေးကျောက်တိုင်နှင့် ဦးအောင်ဆန်း ရုပ်တုများ တည်ဆောက်ထားရှိနိုင်ရန် ဆောင်ရွက်သွားပါမယ်။

ကျောင်းသားသမဂ္ဂ၊ တောင်သူလယ်သမားသမဂ္ဂ၊ အလုပ်သမားသမဂ္ဂ၊ ပုဂ္ဂလိကဝန်ထမ်းသမဂ္ဂ၊ အစိုးရဝန်ထမ်းသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်း လှုပ်ရှားနိုင်ရေးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် ရုံးအဆောက်အအုံနှင့် မြေနေရာရရှိရေး ဝန်ထမ်းများ ခန့်ထားနိုင်ရေးအတွက် ဘဏ္ဍာငွေများ အလုံအလောက်အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ -**

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)က ယခုကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်း ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်လောင်း ရှစ်ဦးပါဝင်ပါတယ်။ ကရင်၊ မွန်နှင့် ရှမ်းပြည်နယ်များ၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

ယခင်ကလို အသက်သွေးချွေးပေးဆပ်စရာမလိုဘဲ ယုံကြည်မှုစိတ်ထားကို အခြေခံကာ ဆန္ဒမဲပေးရွေးချယ်ခြင်းဖြင့် ကျွန်တော်တို့ ၈၈ မျိုးဆက်များနှင့် ပူးပေါင်းလက်တွဲပြီး ဒီမိုကရေစီနိုင်ငံထူထောင်လို့ ရပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်တယ်။ ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ ( ပြည်ထောင်စုမြန်မာနိုင်ငံ) ရဲ့ ခွပ်ဒေါင်းသင်္ကေတကတော့ အရှယ်တူကြယ်ဖြူ ခုနစ်စင်နှစ်တန်းရဲ့ အလယ်မှာ ခုန်ခွပ်တော့မယ့် ခွပ်ဒေါင်းပုံဖြစ်ပါတယ်။ ကြယ်ဖြူ ၁၄ လုံးက အမျိုးသားရေးစိတ်ဓာတ် အရင်းခံကာ ပြည်ထောင်စုကြီးအတွက် ထာဝစဉ် သယ်ပိုးရွက်ဆောင်သွားမည့် သဘောဖြစ်ပါကြောင်း အသိပေးတင်ပြလိုပါတယ်။

ကျွန်တော်တို့ ပါတီဝင်အပေါင်းသည် ပြည်သူနှင့် အတူနေ၊ ပြည်သူနှင့် အတူခံစား၊ ပြည်သူနှင့်အတူ နိုင်ငံကိုမြင့်တင်ဖို့ အစဉ်တစိုက် ကြိုးပမ်းရွက်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၃

**ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

ကျွန်တော်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင် ဖြစ်ပါတယ်။ ကျွန်တော်အနေနှင့် မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့အား မင်္ဂလာရှိသောညချမ်းပါဟု ဦးစွာပဏာမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ကျွန်တော်အနေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဖွဲ့စည်းဖြစ်ပေါ်လာပုံသမိုင်းကြောင်း ဦးစွာတင်ပြပေးချင်ပါတယ်။

"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ" အမည်ရှိ ဤပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ကျွန်ုပ်တို့တိုင်းရင်းသား မျိုးနွယ်စုအားလုံးတို့သည် သမိုင်းမတင်မီကာလမှစ၍ ယနေ့ချိန်ထိ ဥမကွဲသိုက်မပျက်အတူတကွ လက်တွဲနေထိုင်ခဲ့ကြပါတယ်။ ပြည်ထောင်စုဖွားတိုင်းရင်းသားပေါင်းတို့သည် ဤမြေပေါ်၌ပင် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်မဆုံးရှုံးရေးတို့ကို မိမိတို့၏ "ကိုယ်ပိုင်အမျိုးသားရေးအမြင်"၊ "ကိုယ်ပိုင်အမျိုးသားရေးဝါဒ" တို့ဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြပါသည်။ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကာလမှသည် မျက်မှောက်ခေတ်ကာလထိတိုင် ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် "လောကပါလတရားနှင့် အပရိဟာနိယတရား ခုနစ်ပါး"တို့ကို ကောင်းစွာယုံကြည်လိုက်နာကျင့်သုံးခဲ့ကြခြင်းဖြင့် ဒီမိုကရေစီကျင့်စဉ်များနှင့်လည်း အကျွမ်းတဝင်ရှိခဲ့ကြပြီးဖြစ်ပါတယ်။ ထို့အပြင် လူ့အခွင့်အရေးကိုလည်း လေးစားလိုက်နာတန်ဖိုးထားခဲ့ကြပါတယ်။

သို့ရာတွင် ပြည်ထောင်စုနိုင်ငံတော်ကြီး၏ အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်းကိုသာ အစဉ်ရှေးရှုလုပ်ဆောင်ခြင်း၊ အပြုသဘောမဆောင်ဘဲ နေရာတကာတိုင်းတွင် "ဆန့်ကျင့်ဖီလာစိတ်" ဖြင့် ပြည်ပစွက်ဖက်မှုနှင့် ပိတ်ဆို့မှုတို့ကို လက်ယပ်ခေါ်နေခဲ့ကြတဲ့ "အဆိုးမြင်ဝါဒ" လက်ကိုင်ပြုထားကြသူ ပြည်တွင်းပြည်ပရှိ လက်ဝဲ/လက်ယာမြေပေါ်/မြေအောက် "အစွန်းရောက် အဖျက်သမားများ"၏ အမျိုးသားရေးနှင့် ပြည်ထောင်စုရေး "သစ္စာဖောက်မှုအသွယ်သွယ်"ကို "ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်" အရင်းခံဖြင့် ဆန့်ကျင်ကာကွယ်တားဆီးကြရပေမည်။ တစ်ချိန်တည်းမှာပင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ ရှင်သန်အားကောင်းလာစေရေး ဦးတည်ချက်အတိုင်း ကျွန်ုပ်တို့ ပြည်ထောင်စုတိုင်းရင်းသားမျိုးနွယ်စုအားလုံးက ဆက်လက်လျှောက်လှမ်းချီတက်ကြရပါမယ်။

ဤတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြစေရန်အလို့ငှာ "ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်"က တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ "အမျိုးသားရေး"၊ "ဒီမိုကရေစီရေး"၊ "လူ့အခွင့်အရေး"ဆိုင်ရာ ဖော်ဆောင်မှုစွမ်းပကားတို့ကို အမြင့်မားဆုံးသို့ရောက်ရှိလာစေရန် တိုင်းရင်းသားပြည်သူလူထုကြီးတစ်ရပ်လုံးနှင့်အတူ ညီညွတ်စွာလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားပါမည်။

ကျွန်ုပ်တို့ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စုတစ်ရပ်လုံးက အားလုံးတန်းတူညီမျှ ငြိမ်းချမ်းစွာပါဝင်ခွင့်ရှိသော တန်းတူညီမျှ အကျိုးခံစားခွင့်လည်းရှိသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကြီးတစ်ရပ် ပေါ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ဤပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS)ကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒိုမီနီယမ်တိုက် (F) အခန်း(၀၃-၃)တွင် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့၌ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ ဦးဆောင်၍ အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးပေါင်းပါဝင်ကာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်သည် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ ဦးဆောင်မှု အခြားအမျိုးသားနိုင်ငံရေးအင်အားစုများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် စီးပွားပိတ်ဆို့မှု ဆန့်ကျင့်ရေး၊ အမျိုးသားလှုပ်ရှားမှု(၂၀၀၇) ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊ အမျိုးသားလှုပ်ရှားမှု(၂၀၀၇)နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားလှုပ်ရှားမှု(၂၀၀၉)တို့ကို ပြုလုပ်ဖော်ဆောင်ခဲ့ရာတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာရပ်တည်ကာ "တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခွင့်ရှိသည့် အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍသစ်" တစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေသည့် သမိုင်းနောက်ခံပေါ်တွင်အခြေခံ၍ ပေါ်ပေါက်လာသော နိုင်ငံရေးပါတီတစ်ရပ်လည်းဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

ကျွန်တော်အနေဖြင့် ပါတီ၏မူဝါဒသဘောတရားများကို ဆက်လက်တင်ပြပါမယ်။ လွတ်လပ်သည့် အမျိုးသားရေးဝါဒကို ပါတီတွင်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးပါတယ်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီကျင့်စဉ်ကို လွတ်လပ်သည့်အမျိုးသားရေးဝါဒနှင့်အညီ လိုက်နာကျင့်သုံးပါတယ်။ နိုင်ငံသားများ၏ကျင့်ဝတ်သိက္ခာ၊ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် အကျိုးစီးပွားများကို ဆုတ်ယုတ်ပျက်ပြားစေသော ပြည်တွင်းပြည်ပ မည်သည့်လုပ်ဆောင်ချက်ကိုမဆို ဆန့်ကျင်ပါတယ်။ ပါတီ၏သဘောထားအမြင်များသည် ပါတီဝင်ထုတစ်ရပ်လုံး၏ သဘောထားကို ထင်ဟပ်ပါတယ်။ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ထွန်းကားရေးကိုဦးတည်ပါတယ်။ ပါတီ၌ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်၊ စစ်မှန်သောဈေးကွက်စီးပွားရေးစနစ် ရှင်သန်ထွန်းကားရေးကို ဦးတည်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

ပါတီ၏ဦးစားပေးလုပ်ငန်းစဉ်များကို ကျွန်တော်အနေဖြင့် ဆက်လက်တင်ပြပါမယ်။ မြန်မာနိုင်ငံကိုစစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ် အမြန်ဆုံးဖော်ဆောင်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ရပ်စဲရေးနှင့် အစဉ်ထာဝရငြိမ်းချမ်းရေး၊ ကမ္ဘာတည်သရွေ့ မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ လူမျိုးမပျောက်မပျက်ဘဲ ဆက်လက်ရှင်သန်ရပ်တည်ရေး ဆောင်ရွက်ပါမယ်။

နိုင်ငံတော်၏နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းမီဒီယာများအရေးတို့ကို ပြည်သူလူထု၏ဆန္ဒနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံသားများ၏ စားဝတ်နေရေးနှင့်အခြေချနေထိုင်ရေး၊ အိမ်ခြံမြေ၊ စိုက်ပျိုးမြေ၊ အခြားလုပ်ငန်းသုံးမြေများရရှိရေး၊ လယ်ယာမြေအခြားနည်းအသုံးပြုခွင့်အတွက် ပွင့်လင်းမြင်သာသည့် ဥပဒေများထွန်းကားလာရေး၊ ဥပဒေနှင့်မညီသော သိမ်းဆည်းခံမြေယာများမူလလက်ငုတ်နိုင်ငံသားများထံသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရေး၊ ဥပဒေနှင့်အညီ သိမ်းဆည်းခံရသည့် မြေယာများအတွက် ခေတ်ကာလနှင့်လိုက်လျောညီထွေဖြစ်ပြီး ထိုက်တန်သောနှုန်းထားများဖြင့် လျော်ကြေးရရှိရေး၊ အမှန်တကယ်စိုက်ပျိုးသည့် စိုက်ပျိုးဧကအလိုက် အပြည့်အဝချေးငွေထုတ်ပေးရေး၊ လယ်ယာသုံးစက်ကိရိယာဝယ်ယူရေးချေးငွေရရှိရေး၊ နိုင်ငံတစ်ဝန်းဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး၊ ပြည်ထောင်စုအဆင့်ရန်ပုံငွေစနစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ရန်ပုံငွေစနစ်၊ အများပြည်သူ၏ဆန္ဒအလျောက် ထည့်ဝင်သည့် ရန်ပုံငွေစနစ်၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သော ရန်ပုံငွေစနစ်ဖော်ဆောင်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာကို ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့်အညီ ကျင့်သုံးနိုင်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများရှိ နိုင်ငံသားဒုက္ခသည်များ အရေးအတွက်ကယ်ဆယ်ရေး၊ ကူညီရေး၊ ပြန်လည်ထူထောင်ရေး၊ လုပ်ငန်းစဉ်များ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေစနစ်တစ်ရပ်ကိုထားရှိရေး၊ နိုင်ငံတကာမှအဖွဲ့အစည်းများမှ ထောက်ပံ့သည့်လူသားချင်း စာနာမှုဆိုင်ရာအကူအညီများကို ပွင့်လင်းမြင်သာမှုရှိရှိ အသုံးပြုရေးဆောင်ရွက်သွားပါမယ်။ လူငယ်ကျောင်းသား၊ သက်ကြီးရွယ်အို၊ အမျိုးသမီး၊ မိခင်နှင့်ကလေးသူငယ်၊ မသန်စွမ်းသူများ၊ အချုပ်သားအကျဉ်းသား၊ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများ၊ ပြည်ပတွင်အလုပ်အကိုင်ဖြင့် ရောက်ရှိနေသူများ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းနှင့်အငြိမ်းစားဝန်ထမ်းများ အစရှိသည့် လူတန်းစားအလွှာအသီးသီး၏ လိုအပ်ချက်များကို ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့နှင့်အညီ ဖြစ်ပေါ်လာသော အခွင့်အလမ်းကောင်းများကို ပြည့်ပြည့်ဝဝခံစားရရှိနိုင်ရေး အသေးစိတ်မူဝါဒများချမှတ်ဆောင်ရွက်သွားပါမယ်။

ရပ်ကွက်နှင့်ကျေးရွာအုပ်စု၊ မြို့နယ်ခရိုင်အဆင့်များတွင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်သော အရပ်သားအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာရေး၊ မြို့နယ်နှင့်ခရိုင် တိုင်းဒေသကြီးနှင့်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်သည့်စနစ်ဖြင့် ခန့်ထားနိုင်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရရုံးစိုက်သည့်မြို့များတွင် မြို့တော်ဝန်များကို ရွေးကောက်တင်မြှောက်သည့်စနစ်ဖြင့် ထားရှိခန့်ထားနိုင်ရေး၊ နိုင်ငံတစ်ဝန်းရှိ မြို့တိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံနှင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု၊ လွတ်လပ်ရေးပန်းခြံနှင့် လွတ်လပ်ရေးကျောက်တိုင် တည်ဆောက်ထားရှိရေး၊ မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေဘဲ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိနိုင်ရေး၊ ကျောင်းသားလူငယ်၊ တောင်သူလယ်သမားနှင့်အလုပ်သမားသမဂ္ဂများ၊ နိုင်ငံ့ဝန်ထမ်း၊ အသိပညာရှင်အတတ်ပညာရှင်သမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားနိုင်ရေးနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် မြေနေရာအဆောက်အအုံရရှိရေးဆောင်ရွက်ပါမယ်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် သီးခြားရုံးအဆောက်အအုံ မြေနေရာထားရှိအသုံးပြုရေးနှင့်ဝန်ထမ်းများ အပြည့်အဝခန့်ထားနိုင်ရေးတို့အတွက် လုံလောက်သည့်ဘဏ္ဍာငွေများ ခွဲဝေချထားအသုံးပြုနိုင်ရေး ထောက်ခံအားပေးဆောင်ရွက်ပါမယ်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အတွက် ဥပဒေအစီအမံများပြုလုပ်၍ ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျာ-**

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဈေးကွက်စီးပွားရေးစနစ်နှင့်လိုက်လျောညီထွေဖြစ်စေရန် နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင်၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို လွတ်လပ်စွာအပြိုင်အဆိုင် လုပ်ကိုင်ခွင့်ရရှိရေး၊ အထူးစီးပွားဇုန်များ ထူထောင်ပြီး ပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများကိုဆွဲဆောင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပါမယ်။

နိုင်ငံသားများ၏ စားဝတ်နေရေးပြည့်ဝဖူလုံစေရန် လွတ်လပ်စွာအခြေချနေထိုင်ခွင့်နှင့် လွတ်လပ်စွာပရိယေသနရှာ ဖွေခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် အလုပ်လက်မဲ့ပပျောက်ရေးတို့ကို ဆောင်ရွက်ပါမည်။

အမျိုးဘာသာ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသည့်ဝံသာနုရက္ခိတတရားများ ပိုမိုထွန်းကားပြန့်ပွားရေး၊ အမျိုးသားစာရိတ္တမဏ္ဍိုင်မြင့်မားရေးနှင့် အမျိုးသားစာပေ၊ အနုပညာနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ပါမယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုရှေးရှု၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု၊ စရိတ်မျှပေးကျန်းမာရေးစောင့်ရှောက်မှု၊ ပုဂ္ဂလိကပိုင် အများပိုင်၊ ဖက်စပ်ပိုင်၊ သမဝါယမပိုင်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံပိုင်၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အာမခံထားရှိရေးလုပ်ငန်းများကို စီမံဆောင်ရွက်သွားမယ်။

ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးဖြစ်စေမည့် စာမတတ်သူပပျောက်ရေး၊ မသင်မနေရအခမဲ့မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ရေး၊ အသက်မွေးဝမ်းကျောင်း ပညာရေး၊ စိတ်ကြိုက်ဘာသာ ရွေးချယ်သင်ကြားနိုင်သော တက္ကသိုလ်ပညာရေး၊ ပညာသင်ထောက်ပံ့ကြေး ရန်ပုံငွေစနစ် ထူထောင်ရေး၊ ပညာရပ်ဆိုင်ရာ သုတေသန ရန်ပုံငွေထူထောင်ရေးတို့ကို အထူးဦးစားပေး ဆောင်ရွက်သွားမည်။



အမျိုးသားပညာရည် မြင့်မားရေးကို ရှေးရှု၍ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပေါ်လာရေးဆောင်ရွက်ပါမယ်။

လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်တို့ကို အားပေးပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာကို ဘိုးဘွားအမွေအနှစ်အဖြစ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမယ်။ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံ၏ အများစုကိုးကွယ်ယုံကြည်သော ဝိသေသလက္ခဏာရှိသည့်ဘာသာတရားဖြစ်သည်ဟု တန်ဖိုးထားအသိအမှတ်ပြုပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

တိုင်းရင်းသားဘာသာစကား၊ စာပေ၊ အနုပညာယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားအချင်းချင်း၊ စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန်နှင့် တိုးတက်ဖွံ့ဖြိုးမှု နောက်ကျနေသေးသည့် အရပ်ဒေသများရှိ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားဘဝအခြေအနေဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားတန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အသိအမှတ်ပြုထောက်ခံပါတယ်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးကဏ္ဍ၊ စာနယ်ဇင်းထုတ်ဝေရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ အားကစားကဏ္ဍတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာအခြေအနေနှင့်တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ ကိုယ်တိုင်ပါဝင်လုပ်ကိုင် ဆောင်ရွက်နေသူများ၏ အခွင့်အရေးများ ထိခိုက်ဆုံးရှုံးမှုမရှိစေရန်လည်းကောင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျာ-**

နိုင်ငံတော်အုပ်ချုပ်ရေး၊ ယန္တရားအဆင့်ဆင့်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အများပြည်သူတို့၏ မွေးရာပါလူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးများ၊ လွတ်လပ်ခွင့်များ၊ ရပိုင်ခွင့်များနှင့်ခံစားခွင့်များကို တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပါမယ်။ နိုင်ငံတော်ဥပဒေပြုရေးယန္တရားမှ ရေးဆွဲပြုစုပြဋ္ဌာန်းသော ဥပဒေများသည် နိုင်ငံသားများ၏ မွေးရာပါလူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများ၊ လွတ်လပ်ခွင့်များ၊ ရပိုင်ခွင့်များနှင့် ခံစားခွင့်များနှင့် ကျင့်ဝတ်သိက္ခာများကို ထိခိုက်နစ်နာမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပါမယ်။

တရားစီရင်ရေးစနစ် မူဘောင်အတွင်းမှ နိုင်ငံသားတိုင်း၊ မည်သူမဆို တရားစွဲဆိုပိုင်ခွင့်၊ အမှုကျေအေးပိုင်ခွင့်၊ ထုခြေပိုင်ခွင့်၊ အယူခံပိုင်ခွင့်တို့နှင့် ပတ်သက်၍ ဥပဒေနှင့်အညီ တရားရင်ဆိုင်ခွင့်ကို လွတ်လပ်စွာကျင့်သုံးခွင့် ရရှိနိုင်စေရန် ကာကွယ်စောင့်ရှောက်ပါမယ်။ နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူနှင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒတို့ကို လက်ခံကျင့်သုံးမယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေး၊ မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံကိုမျှ စစ်ရေးအရ စတင်တိုက်ခိုက်ခြင်းမပြုရေးနှင့် နိုင်ငံအတွင်းတွင် မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြုရေးတို့ကို ရပ်တည်ဆောင်ရွက်မယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျာ-**

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် (UMFNP)၊ ပါတီအလံနှင့် ပါတီသင်္ကေတတံဆိပ်တို့နှင့် ပတ်သက်၍ ဆက်လက်တင်ပြပါမယ်။ အောက်ခံအရောင် အနီ၊ အလယ်တွင် အဖြူရောင်အောက်ခံ၊ အဝိုင်းအတွင်း၌ အစိမ်းရောင် ကဒေါင်းနှင့်၊ ကဒေါင်း၏ အောက်နှင့်အထက်တို့တွင် အရွယ်တူကြယ်ဖြူ (၇)လုံးစီကို အတန်းလိုက်ဖော်ကျူးထားသည့်အလံကို ပါတီအထိမ်းအမှတ်အလံအဖြစ် သတ်မှတ်သည်။

အနီရောင်သင်္ကေတသည် ရဲစိတ်ရဲမာန် ထက်သန်စေခြင်းသဘောကိုဆောင်သည်။ အလယ်ရှိ အဖြူရောင်နောက်ခံစက်ဝိုင်းသည် ဖြူစင်ခြင်းသဘောကို ဆောင်သည်။ အရွယ်တူကြယ်ဖြူ(၁၄)လုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာအတူတကွ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်းဖြစ်သည်။ အစိမ်းရောင် ကဒေါင်းသည် တိုင်းရင်းသားအားလုံး၏ စုပေါင်းအမည်နာမဖြစ်သည့် မြန်မာကို ကိုယ်စားပြုပြီး၊ အမျိုးဘာသာသာသနာပညာထွန်းလင်းကာ စပါးဆန်ရေ ရတနာရွှေငွေ ဥစ္စာပစ္စည်းထွေထွေ ပေါကြွယ်ဝခြင်းသဘောကို ဆောင်သည်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (UMFNP) ၏ ဆောင်ပုဒ်ကတော့ "**ကောင်းကျိုးအထွေထွေရယ်နဲ့ ချွန်စေမြစေစော ဒေါင်းအိုးဝေရယ်နဲ့တွန်စေကစေသောဝ်.....**" ရွေးကောက်ပွဲမှာအသုံးပြုမည့် ပါတီဆောင်ပုဒ်ကတော့ "နေ့သစ်များဆီတက်လှမ်းချီ UMFNP ကဒေါင်းဘေးမှာ အမှန်ချစ်ပြည်သူအောင်ပွဲအစစ်"

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လူဦးရေ (၇၀) ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသတွေမှာနေထိုင်ပြီး လယ်ယာလုပ်ငန်းနှင့် အသက်မွေးကြပါတယ်။ လယ်ယာလုပ်ငန်းများ ခေတ်မီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ယန္တရားများအသုံးပြုပြီး ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်ရေး၊ လယ်ယာလုပ်ငန်းသုံးရင်းနှီးငွေနှင့် အခြားသွင်းအားစုများ ပြည့်ပြည့်ဝဝဖူဖူလုံလုံ ဖြည့်ဆည်းပေးရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် လယ်ယာစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နိုင်ငံသားအများစု၏ လူနေမှုဘဝလည်း မြင့်မားတိုးတက်လာမှာ ဖြစ်တဲ့အတွက်ကြောင့် လယ်ယာလုပ်ငန်းခွင်အပါအဝင်၊ လယ်ယာစီးပွားရေးအကျိုးစီးပွားကို အကာအကွယ်ပေးသည့် ဥပဒေများ လက်တွေ့ကျကျ ရှင်သန်သက်ဝင်လာရေး၊ လယ်ယာပြဿနာများ ဥပဒေနှင့်အညီ မြန်မြန်ဆန်ဆန် ဖြေရှင်းပေးရေးတို့ဟာ နောင်တက်လာမဲ့ လွှတ်တော်နှင့် အစိုးရအတွက် အရေးကြီးတဲ့တောင်းဆိုချက်တစ်ခုဖြစ်တယ်ဆိုတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

# အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၃

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးကျော်သူအောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မိဘပြည်သူများခင်ဗျာ-**

ပထမဆုံးအနေဖြင့် မိမိတို့အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်၏ စတင်ပေါ်ပေါက်လာပုံ နောက်ခံအကျဉ်းချုပ်ကို တင်ပြလိုပါတယ်။ မိမိတို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများအဖြစ် ၂၀၀၆-၂၀၀၇ ခုနှစ်များတွင် စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး လှုပ်ရှားမှုများဖြင့် စတင်ခဲ့ပါတယ်။ စီးပွားရေးပိတ်ဆို့မှုကြောင့် ပြည်သူများ အလုပ်လက်မဲ့ပြဿနာများ ပိုမိုပေါ်ပေါက်လာပြီး သယံဇာတတစ်ခုတည်းအပေါ် မှီခိုအားထားရတဲ့ အခြေအနေမျိုးဆိုက်ရောက်ခဲ့ရတဲ့အတွက် စီးပွားရေးပိတ်ဆို့မှုကို ပြည်သူလူထု၏ အကျိုးစီးပွား နိုင်ငံတော်၏ အကျိုးစီးပွားကိုရှေးရှုလျက် စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးလှုပ်ရှားမှုကို ပြုလုပ်ခဲ့ရခြင်းဖြစ်ပါတယ်။

အခြေခံဥပဒေပေါ်ပေါက်ရေးလှုပ်ရှားခဲ့ခြင်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသော အာဏာပိုင်ဝါဒကနေ ဖွဲ့စည်းပုံအခြေခံဥပဒေရှိသော အစိုးရတစ်ရပ်အောက်မှာနေပြီး နိုင်ငံသားတာဝန်နှင့် အခွင့်အရေးများကို ပြည့်ပြည့်ဝဝရရှိစေဖို့ပဲဖြစ်ပါတယ်။ အစဉ်အလာကောင်းသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားရေးအင်အားစုမှသည် အမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ချုပ်ကို တရားဝင်ပါတီများ တည်ထောင်ခွင့်ရချိန် ၂၀၁၀ မှာ မီးရှူးသန့်စင်ခဲ့ခြင်းဖြစ်ပါတယ်။

**မိမိတို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် စတင်တည်ထောင်စဉ်ကပင် အောက်ပါရည်ရွယ်ချက်ကောင်းများ ရှိခဲ့ပါတယ်-**

(က) ငြိမ်းချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး

(ခ) အခြေခံဥပဒေအရအုပ်ချုပ်သောအစိုးရတစ်ရပ် သိမ်မွေ့စွာ ပေါ်ထွန်းရေး၊

(ဂ) လွတ်လပ်မှု၊ ညီမျှမှု၊ တရားမျှတမှုနှင့် ပြည့်ဝသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပေါ်ထွန်းရေး၊

(ဃ) အမျိုးသားသွေးစည်းညီညွတ်ရေးကို အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အသိအမှတ်ပြုမှု အခြေခံတည်ဆောက်ရေး၊ (င) ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒီစွဲများ ဖောင်းမပေးဘဲ ပြည်ထောင်စုအကျိုးစီးပွားဟူသော ဘုံဦးတည်ချက်များဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ (စ)အနာဂတ်တွင် ပေါ်ထွန်းလာမည့် လွှတ်တော်အရပ်ရပ်တွင် တပ်မတော်ကိုယ်စားလှယ်အင်အားစုနှင့် ပြည်သူ့ကိုယ်စားလှယ်များပူးပေါင်း၍ အမျိုးသားအကျိုးစီးပွား (National Interest) ကိုရှေးရှုကာ ဟန်ချက်ညီညီလက်တွဲဖော်ဆောင်ရေး၊

(ဆ) စီးပွားရေးပိတ်ဆို့မှုအပါအဝင် အနောက်နိုင်ငံကြီးများ၏ အထွေထွေပိတ်ဆို့မှုများနှင့် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးရေးဝါဒများသည် အကြမ်းဖက် ဝါဒများနည်းတူပင် ကမ္ဘာကြီးအား အကျည်းတန်စေသည်ဟု ယုံကြည်သဖြင့် ဆန့်ကျင်တွန်းလှန်သွားရေးတို့ပဲ ဖြစ်ပါတယ်။

(မိမိတို့ပါတီ၏ ကြွေးကြော်သံကတော့ ငြိမ်းချမ်းရေးသည်-ပထမ၊ ဒီမိုကရေစီရေးသည်-အဓိက၊ ပြည်သူ့ဘဝ တိုးတက်ပြောင်းလဲရေးသည်-ပဓာနပဲဖြစ်ပါတယ်။)

မိမိတို့နိုင်ငံအနေဖြင့် ဆင်းရဲနောက်ကျနေခြင်းမှာ လွတ်လပ်ရေး၏ ဖွားဖက်တော်လက်နက်ကိုင်ပဋိပက္ခ၏ နှစ်ပေါင်း (၆၀)ကြာ ဖြစ်ပွားနေဆဲကြောင့် ဖြစ်တယ်လို့ ဆင်ခြင်မိပါတယ်။ မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ငြိမ်းချမ်းရေးသည် ပထမဖြစ်ကြောင်း ယုံကြည်ပါတယ်။

ဤကဲ့သို့ ယုံကြည်သည်နှင့်အညီ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA) ပြီးသည့်အခါတွင် ပေါ်ပေါက်လာမည့် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံရေးပါတီ (၅၆) ပါတီအားလုံး သဘောတူသည့် မူဘောင်ရေးဆွဲအတည်ပြုရာ၌လည်း မိမိတို့ပါတီအနေဖြင့် ပါဝင်ခဲ့ပါတယ်။

ငြိမ်းချမ်းရေးမရှိလျှင် ဒီမိုကရေစီဘောင်ကျဉ်းလာပြီး စစ်ဘောင်ကျယ်လာမည်ဟု ဝါရင့်နိုင်ငံရေးသမားကြီး ဝိဓူရသခင်ချစ်မောင်ကလည်း မိန့်ကြားခဲ့ဖူးပါတယ်။ ဒီနေရာမှာ မိမိတို့အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်၏ တပ်မတော်အပေါ်ထားသည့်သဘောထားကို ပြောကြားလိုပါတယ်။ အစဉ်အလာကောင်းရှိသည့် မြန်မာ့တပ်မတော်သည် ဒီမိုကရေစီတစ်ခု ရင့်ကျက်ခိုင်မာစေရေးအတွက် အရေးကြီးသော (Institution) ဖြစ်သကဲ့သို့ တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားကို အကာအကွယ်ပေးမည့် အမျိုးသားရေးအင်အားစု(National Force)အဖြစ် သဘောထားရမှာ ဖြစ်ပါတယ်။

ယနေ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း (Democratic Constitution) ဒီမိုကရေစီနည်းကျ အခြေခံဥပဒေတစ်ရပ် ပြည့်ပြည့်ဝဝ မဟုတ်သော်လည်း (Constitution Democracy) အခြေခံဥပဒေအရ ပေါ်ပေါက်လာသော ဒီမိုကရေစီစနစ်တစ်ရပ်ကို ပေါ်ပေါက်စေခဲ့တယ်ဆိုတာ ယနေ့ကာလမှာ ဖြစ်ပေါ်နေသော အပြောင်းအလဲများကို ကြည့်မယ်ဆိုရင် ဘယ်လိုမှငြင်းမရနိုင်ပါဘူး။

ဒါကြောင့် မိမိတို့ပါတီအနေဖြင့် နိုင်ငံရေးတည်ငြိမ်မှုနှင့် ဒီမိုကရေစီခိုင်မာလာမည့် အချိန်ကာလတစ်ခုကိုယူ၍သာ အခြေခံဥပဒေပြင်ဆင် ပြောင်းလဲရေးလုပ်ဆောင်ဖို့ ပိုမိုအားသန်ပါကြောင်း ပြောကြားလိုပါတယ်။ ရှိရင်းစွဲအခြေခံကောင်းများကို ဖျက်ပြီး တစ်ကပြန်စခြင်းဆိုသည်မှာလည်း လက်တွေ့ကျသော နိုင်ငံရေးမဟုတ်ဟု ယုံကြည်ပါတယ်။ ဒါကြောင့် မိမိတို့ပါတီအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံတော်သားများ၏ အကျိုးစီးပွားအလို့ငှာ ကဏ္ဍပေါင်းစုံကို တဖြည်းဖြည်းချင်း တစ်ဆင့်ချင်းပြောင်းလဲအောင် ကြိုးစားဖို့လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

တိုင်းပြည်၏ မဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင် နိုင်ငံရေးပါတီများသည် အရည်အသွေးရှိသော နိုင်ငံရေးခေါင်းဆောင်များကိုမွေးမြူကာ လူထုက မှန်မှန်ကန်ကန်ရွေးချယ်တင်မြှောက်လျှင် လွှတ်တော်အရည်အသွေးပြည့်ဝလာပါမည်။

ထိုလွှတ်တော်က ပြဋ္ဌာန်းအတည်ပြုသည့် ပြည်သူ့အကျိုးပြုဥပဒေများကို အကောင်အထည်ဖော်မည့် ထိရောက်၍စွမ်းရည်ပြည့်ဝသော အစိုးရကောင်းတစ်ရပ်လည်း ပေါ်ပေါက်လာပါမည်ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ပါတီအနေဖြင့်အစိုးရအာဏာရရေးသည် အဓိကမယူဆဘဲ တိုင်းပြည်အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများ မွေးထုတ်ရေးသည်သာ အဓိကဖြစ်သည်ဟု ပြောကြားလိုပါတယ်။ နိုင်ငံရေးသမားများက လာမည့်ရွေးကောက်ပွဲကိုသာကြည့်ပြီး နိုင်ငံပြုခေါင်းဆောင်များက နောက်လာမယ့်မျိုးဆက်ကို ကြည့်လေ့ရှိပါသည်။ ခေါင်းဆောင်ကောင်းများ ဖြစ်ထွန်းလာရေးမှာလည်း (Nature) နှင့် (Nurthre) ဟူ၍ နှစ်မျိုးနှစ်စားရှိပါတယ်။ သဘာဝအရခေါင်းဆောင်ဖြစ်လာသည် အလွန်တရာမှ ရှားပါးလှပါတယ်။ ဒါကြောင့် ကလေးသူငယ်များကို ပြုစုပျိုးထောင်ရေး (Nurture) သည်သာ ပိုမို၍လက်တွေ့ကျပါတယ်။

ကလေးသူငယ်များရဲ့ အခန်းကဏ္ဍဟာလည်း တိုင်းပြည်ရဲ့အနာဂတ်အတွက် အလွန်တရာမှ အရေးကြီးလှပါတယ်။ ရွေးကောက်ပွဲများဟာ တိုင်းပြည်နှင့်လူမျိုးအတွက် နိုင်ငံရေးပါတီများ၏ရည်မှန်းချက်ကို အားပေးမြှင့်တင်ရန်အကောင်းဆုံး အခွင့်အလမ်းတစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးပါတီအနေဖြင့် ရည်မှန်းချက်များတွင် ငြိမ်းချမ်းရေး၊ လူမှုပေါင်းစည်းညီညွတ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည့်တို့ပါဝင်ပြီး ယင်းတို့ကို အကောင်အထည်ဖော်ရေးမှာ တိုင်းပြည်၏အနာဂတ်ဖြစ်သည့် ကလေးသူငယ်များမှ အစပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့်အချက်မှာ ကျင်းပတော့မည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် မိဘပြည်သူများ ပါဝင်လာစေမည့် အခြေခံအကျဆုံး လှုံ့ဆော်မှုတစ်ခုဖြစ်ပါတယ်။ ကလေးမိဘများအနေဖြင့် မိမိတို့၏သားသမီးများ၏ အနာဂတ်အတွက်စဉ်းစားပြီး ချင့်ချင့်ချိန်ချိန် မဲပေးရပါလိမ့်မယ်။

မိမိတို့မြန်မာနိုင်ငံတွင် အသက်(၅)နှစ်မှ (၁၈)နှစ်ကြားရှိ ကလေးသူငယ် (၄. ၄) သန်းဟာ ကျောင်းမတတ်နိုင်ကြပါဘူး။ မြန်မာနိုင်ငံ၏ကျန်းမာရေးနှင့် ပညာရေးများတွင် ဘဏ္ဍာငွေသုံးစွဲမှုပမာဏမှာ အာဆီယံဒေသအတွင်း နိုင်ငံများအကြား အနည်းဆုံးဖြစ်ပြီး လူမှုရေးကဏ္ဍများတွင် သုံးစွဲမှုသည် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု (GDP)၏ ၃ရာခိုင်နှုန်းသာ ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့ နိုင်ငံရေးပါတီအနေဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် တိုးတက်မြင့်မားလာစေရန် မူဝါဒများချမှတ်လျက် လိုအပ်သလို ဥပဒေများကို ပြုပြင်ရေးဆွဲသွားမှာပဲ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍လည်း မိမိတို့ပါတီအနေဖြင့် စိန်ရတုခန်းမ ပညာရေးဆွေးနွေးပွဲမှသည် အမျိုးသားလွှတ်တော်၊ အမျိုးသားပညာရေးဥပဒေကြားနာပွဲအထိ အကြံပြုတင်ပြဆွေးနွေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

အစိုးရများ၏ သဘောသဘာဝအရ ထင်သာမြင်သာရှိ၍ ချက်ချင်းလက်ငင်းဖော်ပြနိုင်သည့် ခမ်းနားကြီးကျယ်သော အဆောက်အအုံများ၊ စီမံကိန်းများ (Prestige Project) ဂုဏ်သိက္ခာရှိသော စီမံကိန်းများကိုသာ ဆောင်ရွက်လေ့ရှိကြပါတယ်။ ပညာရေး၏ သဘောသဘာဝအရ ရေရှည်မှသာ အနည်းဆုံး အနှစ် ၂၀ လောက်ကြာမှသာ အကျိုးရလဒ်ကို တိုင်းပြည်က ခံစားသိရှိရမှာပါ။ အစိုးရတစ်ခု၏ သက်တမ်း(၅)နှစ်အတွင်းမှာတော့ အကျိုးရလဒ် သိသာနိုင်မယ်မဟုတ်ပါ။ သမိုင်းဖြစ်စဉ်ကရှည်လျား၍ လူ့သက်တမ်းက တိုတောင်းလှပါတယ်။ သမိုင်းသက်သေအနေဖြင့် ၁၉၂၀ ပညာရေးပြုပြင်ပြောင်းလဲမှု၏ အကျိုးဆက်အနေဖြင့် ပညာတတ်တိုင်းပြည်ခေါင်းဆောင်များ ပေါ်ထွန်းလာကာ (၂၈)နှစ်အတွင်းမှ လွတ်လပ်ရေးရသည်အထိ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် မိမိတို့ပါတီအနေဖြင့် နောက်နောင်ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့နှင့် လွှတ်တော်တို့တွင်လည်း ပညာရေးဆိုင်ရာဥပဒေများကို ကျင့်သုံးအကောင်အထည်ဖော်ရေးကို အစဉ်တစိုက်တွန်းအားပေးသွားဖို့ သန္နိဋ္ဌာန်ချမှတ်ထားပြီးလည်း ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးရဲ့ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဟာလည်း တိုင်းပြည်အတွက် အမှန်တကယ် လုပ်သင့်လုပ်ထိုက်သော ကိစ္စလည်းဖြစ်ပါတယ်။ တိုင်းပြည်တစ်ပြည်ကို ဖွံ့ဖြိုးမှုနိမ့်ကျပြီး ဆင်းရဲစေသော ထောင်ချောက်ကြီးလေးခုရှိတယ်လို့ ပညာရှင်များကလည်း လေ့လာတွေ့ရှိခဲ့ပြီးဖြစ်ပါတယ်။

(၁) ပြည်တွင်းစစ်ထောင်ချောက်၊ (၂) သယံဇာတထောင်ချောက်၊ (၃) အိမ်နီးနားချင်းဆိုး ထောင်ချောက်နှင့် (၄) ညံ့ဖျင်းတဲ့စီမံအုပ်ချုပ်မှု ထောင်ချောက်တို့ပဲဖြစ်ပါတယ်။ မိမိတို့နိုင်ငံဟာ မဆင်းရဲသင့်ဘဲ ဆင်းရဲနေရသော နိုင်ငံဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သယံဇာတပေါကြွယ်ဝတဲ့ တိုင်းပြည်ဖြစ်သော်လည်း (Human Resources) လူသားအရင်းအမြစ်နည်းပါးမှု၊ နည်းပညာမဲ့မှုများ စတဲ့အကြောင်းများကြောင့် ရှိရင်းစွဲသယံဇာတများကို ပြည်သူ့အကျိုးငှာ အသုံးချနိုင်မှုနည်းပါးခဲ့ရသည်။

သယံဇာတထောင်ချောက်ထဲ ကျရောက်ခဲ့ပါတယ်။ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေး၏ဖွားဖက်တော် ပြည်တွင်းစစ်ဒဏ်ကိုခံစားခဲ့ရသည်မှာ ယနေ့ထက်တိုင်ပဲဖြစ်ပါတယ်။ ဤသည်မှာ ပြည်တွင်းစစ်ထောင်ချောက်ပင် ဖြစ်ပါသည်။ လက်ရှိ အစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးကို စတင်ဖော်ဆောင်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတအနေဖြင့်လည်း အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA)ကို လက်မှတ်အမြန်ဆုံး ရေးထိုးဖို့လည်း ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။ မိမိတို့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ ဆောင်ပုဒ်ဖြစ်သည့် ငြိမ်းချမ်းရေးသည် ပထမဆိုသည့်အတိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဖြစ်ထွန်းစေမည့် ဆောင်ရွက်ချက်များကို ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီနေရာမှာ တစ်ခုတင်ပြလိုတာက ငြိမ်းချမ်းရေးကို တည်ဆောက်ရာမှာ အင်အားဖြင့် တည်ဆောက်၍မရဘဲ နားလည်မှုနှင့် တည်ဆောက်မှသာရမယ်ဆိုတာကို နှလုံးသွင်းကြရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း အခြေခံဥပဒေမူဘောင်ထဲက သွားဖို့လိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရကြား အခြေခံဥပဒေဆိုင်ရာ အာဏာခွဲဝေမှု၊ အခွန်ဘဏ္ဍာခွဲဝေမှု၊ သယံဇာတခွဲဝေမှုများနှင့် ကြွင်းကျန်အာဏာများကို ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရကြား ဘယ်မှာထားမလဲဆိုတာကို နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒါမှသာ စစ်မှန်၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်လို့ မိမိတို့ပါတီအနေဖြင့် မမှိတ်မသုန်ယုံကြည်ပါတယ်။ ဖက်ဒရယ်တပ်မတော်နှင့်ပတ်သက်၍လည်း အနည်းငယ်တင်ပြလိုပါတယ်။ ကမ္ဘာပေါ်ရှိ နိုင်ငံများကိုလေ့လာကြည့်လျှင် အမေရိကန်ပြည်ထောင်စု၌ ပြည်နယ်(၅၀) ရှိသော်လည်း ပြည်ထောင်စုတပ်မတော်တစ်ခုတည်းသာရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ထောင်စုတပ်မတော်အား တစ်ခုတည်းရှိရမှာဖြစ်ပါတယ်။ သို့မှသာ ပြည်တွင်းစစ်ထောင်ချောက်အတွင်းမှ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခု ဖြစ်လာမှာပဲ ဖြစ်ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံ၏ အမှန်တကယ်တည်ငြိမ်သော ငြိမ်းချမ်းသော ဖွံ့ဖြိုးသောနိုင်ငံတစ်ခုဖြစ်စေချင်ရင် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံများ အနက် ပိုပြီးအဓိကကျသော အရေးပါသော နိုင်ငံကြီးနှစ်နိုင်ငံရှိပါတယ်။ ၎င်းတို့ကတော့ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ပဲ ဖြစ်ပါတယ်။ ဒီနှစ်နိုင်ငံမှာ လူဦးရေသန်းပေါင်းတစ်ထောင်ကျော်စီ ရှိကြပါတယ်။ မိမိတို့ မြန်မာနိုင်ငံရဲ့ လူဦးရေကတော့ (၅၁)သန်းမျှသာ ရှိပါတယ်။ နိုင်ငံရေးသိပ္ပံမှာ စကားတစ်ခွန်းရှိပါတယ်။ (You cannot choose your neighbour) မင်းရဲ့အိမ်နီးချင်းကို မင်းရွေးချယ်လို့မရဘူးလို့ ဆိုလိုပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံဟာ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအင်အားရှိတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ စီးပွားရေးအရ ဈေးကွက်တစ်ခုဖြစ်သလို ပထဝီနိုင်ငံရေးအရလည်း အင်မတန်မှ အရေးပါတဲ့။ အချက်အချာကျတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ ပင်လယ်ထွက်ပေါက်ဖြစ်ပါတယ်။ ဒါတွေကို ရှည်ရှည်လျားလျားတင်ပြနေရခြင်းကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒများနှင့် လူဝင်မှုကြီးကြပ်ရေးမူဝါဒ၊ အမျိုးသားလုံခြုံရေးကိစ္စများ၊ အခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စများက မည်မျှအရေးပါသလဲဆိုတာ ပြောကြားချင်၍ပဲဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပါတီအနေဖြင့် ဤမူဝါဒများကို နောင်ပေါ်ပေါက်လာမည့်လွှတ်တော်နှင့်အစိုးရအဖွဲ့အား နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးငှာ အကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ-**

နောက်တစ်ချက်ပြောလိုတာက (Good Governance) ကောင်းမွန်သော စီမံအုပ်ချုပ်မှုပဲဖြစ်ပါတယ်။ စီမံအုပ်ချုပ်မှုနှင့် စီးပွားရေးမူဝါဒများသည် နိုင်ငံကို ဖွံ့ဖြိုးတိုးတက် အောင် ကူညီပေးပါတယ်။ ထိုအချက်နှင့်ပြောင်းပြန်က စီမံအုပ်ချုပ်မှု ညံ့ဖျင်းမှု (Bad Governance)ဖြစ်ကာ စီးပွားရေးမူဝါဒဆိုးရွားလျှင်တော့ နိုင်ငံတစ်ခု၏စီးပွားရေးကို ကြောက်မက်ဖွယ်ကောင်းလောက်အောင် မြန်ဆန်သည့်နှုန်းဖြင့် အောက်သို့ပြုတ်ကျသွားစေနိုင်ပါသည်။

(Power tends to corrupt and absolute power corrupt to absolute) အာဏာဟာအကျင့်ပျက်ခြစားမှုကို ဖြစ်စေတယ်။ အကြွင်းမဲ့အာဏာဟာ အကြွင်းမဲ့ခြစားမှုကို ဖြစ်စေတယ်ဆိုတဲ့ စကားလည်းရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေဖြင့် ဤလိုအကျင့်ပျက်ခြစားမှုများကို ဥပဒေနှင့် တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ သို့မှသာ ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုဖြစ်ပြီး ဆင်းရဲမွဲတေမှုထောင်ချောက်က လွတ်မြောက်မှာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ နိဂုံးချုပ်အနေဖြင့် ပြောကြားလိုတာကတော့**

ပြဿနာများကို လူတစ်ဦးတစ်ယောက်တည်းက၊ ပါတီတစ်ခုတည်းက တစ်မဟုတ်ချင်း ပြေလည်အောင်ဖြေရှင်းနိုင်မှာ မဟုတ်ကြောင်း ရိုးသားစွာ ပြောကြားလိုပါတယ်။ သို့ဖြစ်ပါ၍ မိမိတို့အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားကို ထာဝစဉ် သစ္စာစောင့်သိလျက် ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းကာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားအပ်ပါတယ်။ မိမိတို့ပါတီရဲ့ ဆောင်ပုဒ်ကတော့ "ကြယ်ဖြူဘေးမှာ အမှန်ခြစ် ပြည်သူအောင်ပွဲဖြစ်"။

မိဘပြည်သူများ စိတ်၏ချမ်းသာခြင်း
ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။